# ၂၁-ရာစု

အမှတ် (၇)

အမှာ

တော်လှန်ရေးတဖန် ရှင်သန်ထမြောက်စေဖို့(၁)
ကုလသမဂ္ဂရဲ့ရှေ့အလားအလာနဲ့ ဗမာပြည်အရေး(၃)
ကွန်ဒိုလီဇာရိုက်စ်ရဲ့ အာရှခရီး ရည်ရွယ်ချက် ဘာလဲ(၆)
ကောလင်းပါဝဲလ်နဲ့ ကွန်ဒိုလီဇာရိုက်စ်(၈)
ကျွန်တော်တို့ ဘယ်သူတွေလဲ(၉)
ပညာရှင်များ ငြင်းခုံပွဲ(၁၁)
ဘာကြောင့် အဆင်ပြေတဲ့ လူ့အဖွဲ့အစည်းတည်ဆောက်ရမှာလဲ(၁၃)
အီရတ်ကို စောင့်ကြည့်ရမည်(၁၅)
ဆီးတိုးနဲ့ အာဆီယံ(၁၈)
ဂျပန် ဘယ်လဲ(၂၀)
ပါလက်စတိုင်းက မာမုအဘတ်စ်အကြောင်း မိတ်ဆက်(၂၄)
ကျောက်ဇီယန်၊ ထိုင်ဝမ်၊ ဂျပန်(၂၅)
ဝါရှင်တန်သဘောတူညီချက်နဲ့ပေကျင်းသဘောတူညီချက်(၂၆)
ဥရောပသမဂ္ဂကော်မရှင် ဥက္ကဋ္ဌ'ဘာရိုဆို'အကြောင်း မိတ်ဆက်(၂၈)
ဖူကူယားမား ဘာကြောင့်နိုင်ငံခြားရေးဝန်ကြီးတို့
အမျိုးသားအကြံပေးတို့ မဖြစ်တာပါလိမ့်(၂၉)
**WASP** ဆိုတဲ့ဝေါဟာရ(၃၀)
အမေရိကန်ကို ဘာကြောင့်မုန်းကြသလဲ(၃၁)
ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်ရဲ့ခရီး(၃၅)
အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးရဲ့ ဗမာပြည်ခရီး(၃၇)
တရုတ်ပြည်နဲ့ အိန္ဒိယပြည်ဟာ...(၃၈)
**RDX** အကြောင်း သိကောင်းစရာ(၄၄)
ကုလသမဂ္ဂနဲ့ ဟိုင်ပါ ပါဝါအမေရိကန်(၄၆)
အမေရိကန်သတင်းထောက်ရဲ့အမေး...(၅၂)
ကမ္ဘာ့မြေပုံတလွှားမှာ မာ့က်စ်ဝါဒ သက်ဝင်လှုပ်ရှားမြဲ(၅၅)
သေစာရင်းပြနိုင်ငံရေး(၆၀)

# အမှာ

၁။ ၂၁–စာစဉ်၊ အမှတ်(၆)နဲ့(၇)ကြား ၄–၅လ ခြားသွားပါပြီ။

ဒီကာလအတွင်း ပြည်တွင်းပြည်ပ အရေးကြီးအဖြစ်အပျက်တွေ တော်တော်များများ ဖြစ်သွားခဲ့တယ်။

* တရုတ်–ဂျပန်၊ တရုတ်–ထိုင်ဝမ်၊
* အာဆီယံ၊ အာဆီယံဥက္ကဋ္ဌကိစ္စ၊
* အာဆီယံအများစုက ဗမာကို ပြဿနာကောင်လို့ မြင်ပြီးလုပ်ရှားလာမှု၊
* ထိုင်းနိုင်ငံတောင်ပိုင်း မူစလင်လှုပ်ရှားမှု၊ နီပေါလ် မော်ဝါဒီလှုပ်ရှားမှု၊
* တရုတ်–မြန်မာဆက်ဆံရေး၊ အိန္ဒိယရဲ့ အရှေ့မျှော်ပေါ်လစီ၊

ဒါတွေဟာ ဗမာပြည်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဂယက်ရိုက်နေပါတယ်။

၂။ ကုလသမဂ္ဂ ပုံစံပြောင်းတော့မယ့်ကိစ္စ–သူကြိုက်ကိုယ်ကြိုက်ပုံစံတွေ တင်နေကြပြီ။ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် လောင်းလျာသစ်(၄)နိုင်ငံ၊ တစင်ထောင် လှုပ်ရှားလာကြတယ်။ ဒါကို သမိုင်းက ချန်ထားခဲ့တဲ့ ဖြေရှင်းစရာများအရ၊ ပထဝီ နိုင်ငံရေးအရ၊ ကန့်ကွက်သူက ကန့်ကွက်၊ အစားထိုး အဆိုတင်သူကတင် လုပ်တာလည်း တွေ့ရတယ်။

၃။ **EU**အတွင်း ကျစ်လျစ်ခိုင်မာမှု၊ နိုင်ငံအုပ်စိုးသူတွေနဲ့ ပြည်သူတွေအကြား အမြင်ကွဲလွဲမှု၊

**G.8**–စက်မှု(၈)နိုင်ငံက အာဖရိက၊ အာရှ(၁၈)နိုင်ငံကို အကြွေးလျှော်မည့်ကိစ္စ၊ အီရတ်နိုင်ငံအတွင်း ခုခံတိုက်ခိုက်မှုတွေ အရှိန်မလျော့ကျမှု၊ မြောက်ကိုးရီးယား ပြဿနာ စတာတွေဟာ ကိစ္စကြီးတွေပါ။

ကမ္ဘာ့စနစ်သစ်ဆီ ဘယ်လို ဦးတည်မလဲ–စောင့်ကြည့်ကြရပါမယ်။

စာတည်းအဖွဲ့

တော်လှန်ရေး

ရဲဘော်ညိုမြင်း

# တဖန်ရှင်သန်ထမြောက်စေဖို့

၁၉၀၅ ခု၊ ရုရှားတော်လှန်ရေးရှုံးတော့ လီနင် (၁၉၀၇) ခုနှစ်မှာ နိုင်ငံခြား ထွက်ပါတယ်။ ဆွစ်ဇာလန် ဂျီနီဗာ သွားနေပါတယ်။ နိုင်ငံခြားမထွက်ခင် ၁၉၀၆ မတ်လမှာ ဆောင်းပါးတပုဒ် ရေးသွားပါတယ်။ အဲဒီဆောင်းပါးမှာ "တော်လှန်ရေးကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ရပြီ။ အခုလောက်ဆိုရင် လောက်တဖွားဖွားတက်နေရော့မယ်။ ဒါပေမဲ့ တော်လှန်ရေးဆိုတာ ရှင်သန်ထမြောက်တာ မြန်တတ်တယ်။ ကောင်းကောင်း ပြုပြင် ပြင်ဆင်ထားတဲ့ မြေပေါ်မှာ ရှင်သန်ပွင့်လန်းလာအောင် လုပ်ရမယ်"လို့ ရေးပြီး ပြည်ပ ထွက်သွားခဲ့တာ ဖြစ်တယ်။

ဂျီနီဗာ ရောက်တော့ တော်လှန်ရေး တဖန်ရှင်သန်ထမြောက်ဖို့ လုံးပန်းပါတယ်။ အဓိက လုပ်ရတာက "တော်လှန်ရေးသစ်" အတွက် ပြည်တွင်းမှာ ကေဒါမွေးမြူရတာပါပဲ။

တန်ပြန်တော်လှန်ရေးကလည်း ငြိမ်နေတာ မဟုတ်ပါဘူး။ မာ့က်စ်ဝါဒကို တိုက်ခိုက်တဲ့ ခါတော်မီ စာရေးဆရာတွေ မွေးပါတယ်။ တော်လှန်ရေးကို သရော်စေပါတယ်။ သစ္စာဖောက်သူကို မြှောက်စားပါတယ်။ အဲဒီလိုနဲ့ စိတ်ဓာတ်ကျရောဂါ လူထုထဲ ပြန့်ပွားစေပါတယ်။

ကျွန်တော်တို့ ဗမာပြည်တော်လှန်ရေးရဲ့ လက်ရှိအခြေအနေနဲ့ ဘယ်လောက်တူလိုက်ပါသလဲ။ မတူတာက နိုင်ငံတကာ့အခြေအနေပါ။

<u>မတူတဲ့ နိုင်ငံတကာ့ အခြေအနေ</u>

ကြီးကြီးကျယ်ကျယ် နိုင်ငံတကာ့အခြေအနေကို ခွဲခြမ်းစိတ်ဖြာတာ လုပ်မှာ မဟုတ်ပါဘူး။ လီနင်နဲ့ ကျွန်တော်တို့ မတူတဲ့ အခြေအနေမှာ လုပ်ရတာကို ပြောမလို့ပါ။ လီနင်က ဆွစ်ဇာလန်မှာ ကူညီမယ့်သူ မရှိ ရပ်တည် ရင်း "တော်လှန်ရေးသစ်"အတွက် ကေ ဒါမွေးရတာပါ။ သက်တမ်းမရှည်တဲ့ စာစောင်တွေ တခုပြီးတခု ထုတ်တယ်။ ရုရှားပြည်တွင်း ခိုးသွင်းတယ်။ ဒူးထောက်ရင်း "တော်လှန်ရေး"လုပ်နေကြတဲ့ လျှော့ကြုံစီး "တော်လှန် ရေးသမား"တွေနဲ့ အတွေးအခေါ်တိုက်ပွဲ တိုက်တယ်။

ကျွန်တော်တို့ လီနင်လောက် မခက်ပါဘူး။ အသံလွှင့်ရုံတွေ ပေါ်နေတဲ့ခေတ်၊ အိမ်တိုင်းစေ့လောက် ရေဒီယို နားထောင်နိုင်တဲ့ခေတ်၊ ကွန်ပြူတာခေတ်။ ဗမာပြည်သားတွေ သန်းချီပြီး နိုင်ငံခြားထွက်နေတဲ့ခေတ်မှာ အိမ်ရှင်က ( အကြောင်းအမျိုးမျိုး ကြောင့်) ကျွန်တော်တို့ကို လက်ခံထားတဲ့ခေတ်မှာ လုပ်နေရတာပါ။

<u>ခက်တာက ဘာလဲ။</u>

ကေဒါတွေကို တော်လှန်တဲ့လက်နက် တပ်ဆင်ရတာ ခက်ပါတယ်။ ပထမကမ္ဘာစစ်တောင် မဖြစ်သေး တဲ့ခေတ်ကနဲ့ အခု ဂလိုဘယ်လိုက်ဇေးရှင်းခေတ် အတွေးအခေါ် ရှုပ်ထွေးပုံချင်း သိပ်ခြားနားပါတယ်။

နောက်တခုက လီနင်က ဘယ်သူ့ကိုမှ မှီခိုပြီး နေထိုင်စားသောက်တာ၊ နိုင်ငံရေးလုပ်နေတာ မဟုတ်ပါဘူး။ ကျပ်တည်းတယ်။ ဒါပေမဲ့ လွတ်လပ်အမှီခိုကင်းတယ်။ နိုင်ငံခြားရောက် ရုရှားတွေကလည်း ကိုယ့်အသိုင်းအဝန်းနဲ့ကိုယ် စည်းခြားနေကြတာ ဖြစ်တယ်။ ရောရောနှောနှော မဟုတ်ဘူး။ လီနင်ဆန့်ကျင်ရတဲ့ နိုင်ငံရေးသမားကလည်း ကိုယ်လို ဆိုရှယ်ဒီမိုကရက်( ကွန်မြူနစ် ) တွေချည်းပဲ။ ကျွန်တော်တို့ခေတ်မှာလို အရောရော အထွေးထွေး မဟုတ်ဘူး။ ငြင်းကြ ခုံကြ ရန်ဖြစ်ကြရင်လည်း အဘိဓမ္မာ ကိစ္စလို ကြီးကြီးကျယ်ကျယ်တွေချည်းပဲ။

ကျွန်တော်တို့ခေတ်မှာတော့ နိုင်ငံရေး စတန့် လုပ်ဖို့ လွယ်တယ်။ ပြည်တွင်းမှာ ဘာမှ လူထုအခြေခံမရှိ

တဲ့လူကလည်း စတန့် ထပြီး လုပ်နိုင်တာပဲ။

ရှည်ရှည်ဝေးဝေးကကိစ္စ ထားလိုက်ပါ။ အခုတလောမှာ သမ္မတ စောဝ်ရွှေသိုက် သားကြီး စတန့် ထွင်လိုက်တာ အတော် ရုတ်ရုတ်သဲသဲ ဖြစ်သွားတာ ကြည့်ပါ။ ''ဗျူး''ကြ၊ ''ဖြေ''ကြနဲ့ အတော် လှုပ်ခတ်သွားးပါတယ်။ အဲဒီလို ဘာကြောင့် ဖြစ်တာလဲ။ ပြည်တွင်းမှာ ငြိမ်နေလို့ပါ။

## လူထု အခြေအနေ

မစို့မပို့ လုပ်လို့ကတော့ သရဲမရဲစီးနေတဲ့ စစ်အစိုးရကို မနိုင် နိုင်ဘူးဆိုတာ လူထုက ဘဝပေးအသိအရ သိနေတယ်။ (၁၇–နှစ်ပဲ ရှိတော့မယ်။ မသိဘဲနေပါ့မလား။) ဒါကြောင့် ငြိမ်နေတယ်။

လူထု လိုချင်တာက ကြွေးကြော်သံ မဟုတ်ဘူး။ ပြည်ပက စတန့်မဟုတ်ဘူး။ လူထုထဲမှာ နေပြီး လူထုကို စည်းရုံးတဲ့သူကို  လိုချင်တာ ဖြစ်တယ်။

လီနင် ပြည်ပ မထွက်ခင်ကတည်းက ပြည်တွင်းမှာ လူထုထဲနေပြီး လူထုကို စည်းရုံးမယ့် ယူဂျီ ကလာပ်စည်းတွေ အများကြီး ဖွဲ့ပေးထားတယ်။ ဆက်သွယ်ရေး လမ်းကြောင်းတွေ ဖွင့်ထားတယ်။ အဲဒါတွေ ပြင်ပြီးမှ သူ ပြည်ပထွက်တာပဲ။ ကျွန်တော်တို့ရဲ့ ဂျပန်ဖက် ဆစ်တော်လှန်ရေးတုန်းကလည်း ပြည်ပမှာ ပါတီကိုယ်စားလှယ်ပဲ ထားတယ်။ ဗဟိုက ပြည်တွင်းမှာ နေပြီး ယူဂျီ လုပ်တယ်။ နယ်တွေမှာ ယူဂျီတွေ ဖွဲ့တယ်။

ကျွန်တော်တို့ရဲ့ ၁၉၈၈–၈၉။ ၉၀ အဖြစ်နဲ့ တခြားစီပဲ။ စိတ်ကူးနဲ့ လက်တွေ့ ကွာဟသွားတော့ ကျွန်တော်တို့မှာ တတိယ နိုင်ငံထွက်ရေးလမ်းပဲ ပွင့်နေတော့တယ်။ အဲဒီတော့ ပြည်ပရောက်တဲ့ ကိုယ်စားလှယ် အဖွဲ့ တွေက များသွားတယ်။ အပြစ်ပြောတာ မဟုတ်။ အဖြစ်ကို ပြောတာပါ။

ပြည်တွင်းမှာ လုပ်မယ့်လူ ကေဒါက နည်းသွားတယ်။ ပြည်တွင်းမှာ နေလို့ ဘာမှ မလုပ်နိုင်ဘူး။ ပြည်ပထွက်တာကမှ လုပ်နိုင် ဦးမယ်ဆိုတဲ့ အတွေးအခေါ်ဝင်တော့ 'အဂ္ဂ'တွေ ပြည်ပထွက်တယ်။ လူထုကတော့ ပြည်ပ ထွက်နိုင်တာ မဟုတ်ဘူး။ ထွက်ရင်လည်း ဘယ် တိုင်းပြည်ကမှ လက်ခံမှာ မဟုတ်ဘူး။

## လူထုနဲ့ ကင်းကွာတော့

ကြွေးကြော်သံပဲ ထုတ်နိုင်တယ်။ ''၁၀ နှစ် ပြည့်လို့ ရှမ်းပြည်ခွဲထွက်လိုက်ပြီ ''ဆိုတာဟာ ၁၉၅၈–၅၉ မှာ နူ့စစ်ဟန်ပေါ်ကတည်းက ပေါ်တာပါ။ မြို့ပေါ်က ဗမာအစိုးရတပ်ကို ရန်မရှာဝံ့ပါဘူး။ တောထဲက ဗကပ တပ်ကို ရန်လုပ်ပါတယ်။ ''နောင်ချိုနဲ့ မေမြို့ကြား နယ်ခြားဟိုဘက်အထိ ဆုတ်ပေးရမယ်။ မဆုတ်ရင် တိုက်မယ်''လို့ ရာဇသံ ပေးလာပါတယ်။ ဗကပ တပ်က ၁၉၄၉–၅၀ ကတည်းက ရောက်နေတာပါ။ ဗကပ က ပြန်ပြီး ''မဆုတ်ဘူး။ လာရင် တိုက်မယ်'' လို့ ရာဇသံ ပြန်ပေးပါတယ်။ သူတို့ မလာလို့ မတိုက်ရပါဘူး။ ယောင်ပြ ဟန်ရေးပြပြီး တိုက်လွှတ် လိုက်တာနဲ့  တပ်လန်ပြီး ပြန်ပြေးပါတယ်။ သစ်ခုတ်လွှဆွဲ ဗမာအလုပ်သမားတွေတော့ တချို့ အသတ်ခံရရှာပါတယ်။

စစ်အုပ်စု (ဗမာ လူမျိုးကြီး ဝါဒ) က အဲဒီလို သကြိန်အမြောက်ဖောက်တာကို မကြောက်ရုံမက ကြိုက် ပါတယ်။

လူထုနဲ့ ကင်းကွာရင် သကြိန်အမြောက်ပဲ ဖောက်နိုင်ပါတယ်။

## လူထုနဲ့ အဆက်ရရေး

တတိယနိုင်ငံရောက်နေသူတွေ ဗမာပြည် ပြန်မှ အဆက်ရတာ မဟုတ်ပါဘူး။ နည်းမျိုးစုံနဲ့ အဆက် ရနိုင်ပါတယ်။ ဗမာပြည်ထဲမှာ ၃ ဦးပါတဲ့ ယူဂျီကလာပ်စည်းတခု ဖွဲ့နိုင်တာဟာ  ကြေညာချက် သောင်း–သိန်း ထုတ်တာထက် အကျိုးများပါတယ်။

အဲဒီ ယူဂျီကလာပ်စည်း  လူထု၊ စစ်တပ်ထု၊ ကျောင်းသားထုထဲမှာ တထောင်ရှိရင် စစ်အစိုးရကို ထိထိမိမိ ထိုးနှက် ဖြုတ်ချနိုင်မှာ ဖြစ်ပါတယ်။            ။

# ကမ္ဘာ့ကုလသမဂ္ဂရဲ့ ရှေ့အလားအလာနဲ့ နဲ့ ဗမာပြည်အရေး

ကောင်းဇံ

(၁)

အီရတ်စစ်ပွဲဖြစ်လို့ ဆတ်ဒန်ဟူစိန်အစိုးရ ပြိုကျ ပျက်စီးသွားတယ်။ ဒါက ရည်ရွယ်တဲ့ အတိုင်း ဖြစ်တာပဲ။ မရည်ရွယ်ဘဲ သွက်ချပါဒလိုက် ပျက်စီး သလောက်နီးပါး ဖြစ်သွားရတာက ကုလ သမဂ္ဂ(UN) ပါ။

UNပေါ်လာတာဟာ တကယ်ကတော့ အမေရိကန်ကြောင့်ပါ။ UN ရဲ့ အရင်ရှိခဲ့တဲ့ နိုင်ငံပေါင်းချုပ်အသင်း (LN) ဆိုတာလည်း အမေရိကန်ရဲ့ အကြံ ဉာဏ်ပါပဲ။ ဥရောပစစ်ထဲ ဝင်ဝင်ပြီးတိုက်နေရလို့ နောင်မှာ စစ်မတိုက်ကြဘဲ ငြိမ်းချမ်းရေးထာဝရ ရဖို့ ဆိုပြီး ကြံ စည်တာပါ။

UN ဖွဲ့ဖို့လုပ်တုန်းက စတာလင်နဲ့ ချာချီ မတက်ကြွဘူး ဆိုပါတယ်။ အမေရိကန်ရဲ့ အကြံ အစည်ကို စိတ်မပါတပါ လက်ခံကြတာလို့ ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် UNကြောင့် ကိုယ့်ကို မနစ်နာအောင်တော့ အကြံအဖန်လုပ်ကြပါတယ်။ ဗီတိုအာဏာဆိုတာကို တီထွင်ပြီး ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ လုပ်ပါတယ်။ အင်္ဂလိပ်က UN မှာ သူ့ကိုလိုနီ အိန္ဒိယ၊ အီဂျစ် ပါအောင် လုပ်ပေးတယ်။ ဆိုဗီယက်က ယူကရိန်း–ဘီလာရုစ် ပါအောင် လုပ်ပေး တယ်။ အမေရိကန်ကတော့ သူ့ကိုလိုနီတပိုင်း တရုတ် ပါအောင် လုပ်ပေးတယ်။ ဗီတိုအာဏာပိုင် ကြီး ၅ ကြီးထဲ ပါအောင်တောင် လုပ်ပေးလိုက်သေးတယ်။

အမေရိကန်ကြောင့် စစ်နိုင်ခဲ့တာပဲ ဆိုတာကို စတာလင်ရော၊ ချာချီပါ လက်ခံထားတာပါ။ အမေရိကန်ကို လိုက်လျောရမှာပါ။ UN ဖွဲ့ဖို့ လုပ်တဲ့ ကွန်ဖရင့်က အမေရိကမှာပါ။ ဌာနချုပ်ကလည်း အမေရိကန်ကပဲ နယူးရော့ မြို့မှာထားဖို့ မြေကွက်တွေ ဘာတွေ ပေးတာပါ။ UN ရဲ့ အသုံးစရိတ်လည်း အများ စုကြီးကို သူပဲ ခံတာပါ။ ရုရှား၊ အင်္ဂလိပ် မတတ်နိုင်ပါဘူး။

(၂)

စောစောပိုင်းကတော့ UN က ပုံမှန်အလုပ်ဖြစ်ပါတယ်။ တရုတ်ပြည်တွင်းစစ်မှာ ချန်ကေရှိတ် KMT အစိုးရ ရှုံးပြီး ထိုင်ဝမ် ပြေးနေရတော့တောင် KMT က (UN)လုံခြုံရေးကောင်စီ(SC)ထဲမှာ နေရာ ရနေတာပါ။ ကွန်မြူနစ်အုပ်စိုးတဲ့ တရုတ်ပြည်မကြီးက "သူပုန်ကြီးစိုးရာ" ဖြစ်နေတာပါ။ ၁၉၇၁ ခုနှစ်အထိ အဲဒီလိုပဲ ဖြစ်နေရာက တရုတ်ကွန်မြူနစ်တွေက ဆိုဗီယက်နဲ့ လမ်းခွဲ၊ အမေရိကန်က KMT ထိုင်ဝမ်နဲ့ လမ်းခွဲ အဲဒီလို စေ့စပ်လိုက်ကြလို့ UNSC မှာ တရုတ် ကွန်မြူနစ်အစိုးရ နေရာရပါတယ်။ KMTကို UN ကနေ ထုတ်ပစ်လိုက်ပါတယ်။

အဲဒီလို ဖြစ်နိုင်တာကလည်း UN မှာ အာရှအာဖရိက နိုင်ငံတွေ အများကြီး အဖွဲ့ဝင်ဖြစ်လာကြလို့ပါ။ နဂိုက UN မှာ အမေရိကန်ဩဇာခံတောင်အမေရိက နိုင်ငံတွေပဲ များနေတာပါ။ အမေရိကန်ပြောသမျှ ခေါင်းညိတ် လက်ညှိုးထောင်နေကြ

တာပါ။ UN လုပ်ငန်းချောချောမောမော လည်ပတ်နေပါတယ်။

မချောမောတာက ၁၉၅၀ ပြည့်လွန်၊ ၆၀ ပြည့်လွန် နှစ်တွေကျမှပါ။ အာရှ အာဖရိက ကိုလိုနီနိုင်ငံတွေ လွတ်လပ် လာကြမှ ဖြစ်တာပါ။ အမေရိကန်မီးမသေတော့ပါဘူး။ ဆိုဗီယက်ကလည်း အဲဒီ လွတ် လပ်စနိုင်ငံတွေဆိုတဲ့ ဖဲချပ်ကိုင်ပြီး ကစားပါတယ်။

ကစားလို့လည်း ရပါတယ်။ လီနင်ဝါဒက နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီဆန့်ကျင်ရေး မဟုတ်ပါလား။ အရှေ့ဖျား လုပ်သားများ တက္ကသိုလ်( University of the Toilers of the East ) ဖွင့်ပြီး:နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီဆန့်ကျင်ရေးသမားတွေ မွေးမြူပေးခဲ့တာပါ။ အိန္ဒိယ၊ အင်ဒိုချိုင်းနားက အမျိုးသားရေးဝါဒီတွေ UTE သွားတက်ကြပါတယ်။ အဲဒီကျောင်းဆင်းတွေပဲ ကွန်မြူနစ်ပါတီ ထောင် ကြတာပါ။ နယ်ချဲ့ ဆန့်ကျင်ရေး အပြတ်သားဆုံးလုပ်ကြတာပါ။ လွတ်လပ်ရေးရလာတော့ ဆိုဗီယက် ရုရှားနဲ့ နီးစပ်ကြတာ မဆန်းပါဘူး။

UNရဲ့ အရည်အသွေးကလည်း ထူထောင်စကနဲ့ မတူတော့ပါဘူး။ လွတ်လပ်စ နိုင်ငံတွေက အများစုဖြစ်သွားပါပြီ။ အခုဆိုရင် (၁၉၁) နိုင်ငံ အဖွဲ့ဝင် ဖြစ်နေပါပြီ။ စတုန်းက (၅၀) ပတ်ဝန်းကျင်ပဲ ရှိတာပါ။

လီနင်ဝါဒရဲ့ အမွေစား အမွေခံတွေ ဖြစ်တဲ့ ရုရှားကွန်မြူနစ်တွေ သွေးနားထင်ရောက်တာ၊ အချင်းချင်း ဗိုလ်ကျလွှမ်းမိုးချင်လာတာ အဲဒါတွေလည်း တဆက်တည်း ဖြစ်လာပါတယ်။ အမေရိကန်နဲ့ ဆိုဗီယက်ရုရှား ကမ္ဘာကြီးကို ခွဲဝေဗိုလ်ကျဖို့အထိ ဖြစ်လာတော့ ဆိုဗီယက်အကျနာသွားတာပါပဲ။ သမိုင်းသင်ခန်းစာပါ။ ကြုံလို့ရေးတာပါ။

UN ရဲ့ အပြောင်းအလဲက မြန်တယ်၊ များတယ်ဆိုတာ ပြောချင်ပါတယ်။ ၂၁ ရာစုရောက်တော့ သွက်ချာပါဒ လိုက်နေတယ်။ မပျက်စီးချင်ရင် ပြုပြင်ရမယ့် အခြေအနေ ဖြစ်ပါတယ်။

(၃)

အီရတ်စစ်ပွဲဟာ အမေရိကန်၊ အင်္ဂလိပ်က UN အပြင်ဘက် ထွက်ပြီး လုပ်တာပါ။ သူ့နောက်မှာ တချို့ ပါကြပါတယ်။ UNSCမှာ မဲ လုံလုံလောက်လောက် မရနိုင်ဘူး။ ဗီတိုကို မကျော်နိုင်ဘူးဆိုတာသိပြီး အမေရိ ကန်က ငါတကော ကောတာပါပဲ။

၂၁ ရာစုကို အမေရိကန်ရာစု ဖြစ်စေချင်ရင် UN ခြေဆွဲတာ ခံနေလို့ မရဘူး။ ပြတ်ရမယ်၊ ရဲရမယ်၊ တကိုယ်တော် ထွက်လုပ်ရမယ်ဆိုပြီး လုပ်တာပါ။ ကွန်ဆာဗေးတစ် လက်သစ် (neocons) တွေရဲ့ အတွေးအခေါ်ကလည်း နိုင်ငံတကာ့ ဥပဒေဆိုတာ ပြည်တွင်းဥပဒေချမှတ်တာလို မလုပ်ရဘူး။ အများ တကာနဲ့ ညှိပြီးချမှတ်ရတာ မဟုတ်ဘူး။ ကိုယ်က စလုပ်ပြီးမှ အများတကာက လက်ခံလာအောင် လုပ်ရတာ ဖြစ်တယ်လို့ဆိုပါတယ်။ ပြည်တွင်းမှာက ဥပဒေတခု ဖြစ်လာဖို့ ပြည်သူပြည်သားတွေနဲ့ ညှိရတယ်။ ပြည်သူ လက်မခံတဲ့ ဥပဒေ ပြဋ္ဌာန်းမိရင် နောက်တကြိမ် ရွေးကောက်ပွဲမှာ ရှုံးမယ်။

အမေရိကန် ဘုရှ်အစိုးရ အဲဒီအတိုင်း လုပ်တာ ပါ။ ဒါကြောင့် အခု ဒုတိယ (သမ္မတ) သက်တမ်းမှာ ပြင်သစ်၊ ဂျာမဏီ၊ ရုရှား နဲ့ ရင်ကြားစေ့ဖို့ UN မှာ ဆွေးနွေးညှိနှိုင်းဖို့ လုပ်နေတာ ဖြစ်ပါတယ်။ နောင်တရလို့ လုပ်နေတာ မဟုတ်ပါဘူး။ သူ့ (neocon) အတွေးအခေါ်နဲ့(အရင်လုပ်–နောက်မှ ညှိ) ဆိုပြီး လုပ်နေတာပါ။

(neocon) တွေ အာဏာရကတည်းက UN နဲ့ ကမ္ဘာ့အသိုင်းအဝိုင်းကို စိန်ခေါ်ခဲ့တာပါ။ အများနဲ့ ညီဖို့ ညှိဖို့ မစဉ်းစားပါဘူး။ ကျုပ်တို့ သဘောတူညီချက် တို့မပါဘူးလို့ အပြတ်ပြောတယ်။ သူများ လုပ်ချင်လုပ် တို့မပါဘူးလို့ ပြောတယ်။ အာကာသ တက်ပြီး လက်နက်တပ်ဆင်ဖို့ လုပ်တယ်။ ထိုင်ဝမ်ကိစ္စမှာ သူကတော့ "ထိုင်ဝမ် ဆက်ဆံရေး ဥပဒေ"ကို အမေရိကန် လွှတ်တော်က ပြဋ္ဌာန်းတယ်။ တရုတ်အချင်းချင်းက ပြဋ္ဌာန်းတော့ ပြဿနာလုပ်တယ်။

အသေးအဖွဲ့ပေမယ့် ပြောရဦးမယ်။ ဗီယက်နမ်စစ်ပွဲတလျှောက် သူမွေးမြူခဲ့တဲ့ "မူးယစ်ရာဇာ"တွေကို ဘယ်သူ့ကိုမှ လက်ဖျားနဲ့ မထိဘူး။ မြောက်စားတယ်။ ဗကပခွဲထွက်တွေကိုကျတော့ တရားစွဲတယ်။

အမေရိကန်လုပ်ပြနေတာက အများသဘောတူမှ အင်ပါယာထောင်နိုင်တာ မဟုတ်ဘူး။ အများနဲ့ ဆန့်ကျင်ပြီး လုပ်ဝံ့မှ အင်ပါယာ ထောင်နိုင်တယ်။ စစ်အင်အား ရှိဖို့သာ အဓိက ဆိုတာပါပဲ။

(၄)

ဗမာပြည်အတွက်ပြောရရင် UN ရှိနေဖို့ အရေးကြီးတယ်။ UN ကို အားကိုးဖို့လိုတယ်။

ဗမာပြည်နဲ့ အိမ်နီးချင်း တရုတ်က ဗီတို အာဏာပိုင်တဲ့ UNSC အဖွဲ့ဝင်ဖြစ်ပြီးသား။ မကြာခင် အိန္ဒိယက UNSC မှာ ပါလာလိမ့်မယ် ထင်ရတယ်။ ဗီတို အာဏာ ပေးမပေးတော့ မသေချာဘူး။ မာစတာ ဟောင်း ဂျပန်ကလည်း UNSC မှာ နေရာရမှာ သေချာသလောက်ရှိနေတယ်။ ထိုင်း(ယိုးဒယား)က UN မှာ အတွင်းရေးမှူးချုပ် SG ဖြစ်ဖို့ မျှော်မှန်းတယ်။ UNSG ဖြစ်မလား မဖြစ်ဘူး လား ပြောမရပါဘူး။

UNSGက တကယ်တော့ အာဏာမရှိပါဘူး။ ဦးသန့်ပြောသလို ဂုဏ်ထူးဆောင် စာရေးကြီးပါ။ UNSG နေရာကို ထိပ်တန်းနိုင်ငံတွေ မမှန်းကြပါဘူး။ သိပ်အောက်တန်းကျတဲ့ နိုင်ငံကလည်း မမှန်းနိုင်ပါဘူး။

UNSG က ဥရောပက ၃ ယောက် ဖြစ်ပြီးပြီ။ လက်ရှိ SG နဲ့ပါဆိုရင် အာဖရိက ၂ ယောက်ရှိပြီ။ အာရှက တယောက်နဲ့ လက်တင်အမေရိက က ၁ ယောက် ဖြစ်ပြီးပြီ။ ကမ္ဘာ့တိုက်ကြီးတွေအလိုက် ခွဲတမ်း ချတာ မဟုတ်လို့ ထိုင်းက ဖြစ်မဖြစ် မသေချာပါဘူး။ သေချာတာကတော့ ထိုင်းက ကြိုး ၅ ကြိုး ကျော့နပ်အောင် နေပြလိမ့်မယ် ဆိုတာပါပဲ။ အမေရိကန်က မေတ္တာ မပျက်အောင်၊ တရုတ်ကလည်း ကြည်ဖြူအောင် နေပြမှာပါ။ အင်္ဂလိပ်၊ ပြင်သစ်၊ ရုရှားက ဘယ်လို သဘော ထားမလဲ မသိပါဘူး။

ထိုင်းက UNSG နေရာရရင် နအဖ စစ် အုပ်စုက (အခု ထိုင်းအစိုးရ လုပ်နေပုံအရဆိုရင်) ကြိုက်ပါလိမ့်မယ်။ပြည်သူအတွက်တော့ မျက်ခုံး လှုပ် စရာပါပဲ။

**ထိုင်းက UNSG နေရာရရင် နအဖ စစ်အုပ်စုက(အခု ထိုင်း အစိုးရ လုပ်နေပုံအရဆိုရင်)ကြိုက်ပါလိမ့်မယ်။ ပြည်သူအတွက်တော့ မျက်ခုံး လှုပ်စရာပါပဲ။ ။**

# ကွန်ဒိုလီဇာရိုက်စ်

ရဲ့

# အာရှခရီးရည်ရွယ်ချက်ဘာလဲ

**(ထွန်းသော်)**

(တစ်)

(၆) နိုင်ငံသို့ (၈) ရက်အတွင်း အပြေးအလွှား သွားခဲ့သည်။ တည်ရှိနေသော ပြဿနာများကို ဖြေရှင်းဖို့ ခရီးထွက်တာ မဟုတ်ကြောင်း သိသာသည်။ ပြဿနာဖြေရှင်းဖို့ဆိုလျှင် ကြာကြာနေ များများဆွေးနွေးမှ ဖြစ်မည်။ ဖုတ်ပူမီးတိုက် အခုလို လုပ်လို့ မရပါ။

ယခု ခရီးသွားပုံကို ကြည့်လျှင် အိန္ဒိယနဲ့ ပါကစ္စတန်အကြား၊ အိန္ဒိယနဲ့ တရုတ်အကြား၊ တရုတ်နဲ့ ဂျပန် အကြား အခြေအနေကို စူးစမ်းတာနဲ့ အခွင့်သာလျှင် ခြေထိုးဖို့ဟု ထင်သည်။

ရိုက်စ်က ဗမာပြည်ကို ရှေ့တန်းစခန်း (outpost) ဟု ပြောထားတာရှိသဖြင့် မိမိတို့ စိတ်ပူပါသည်။ အာရှ နိုင်ငံကြီးများ ချစ်ကြည်ကြပါစေ၊ ရန်မဖြစ်ကြပါစေနှင့်ဟု ဆုတောင်းနေရသည်။

(နှစ်)

ဆုတောင်းမပြည့်လျှင် ဖြစ်လာနိုင်တာ ၃ ခုရှိမည် ထင်ပါသည်။

ပထမဖြစ်နိုင်ချေ။ ။ အိန္ဒိယ–ပါကစ္စတန် စစ်ဖြစ်တာ။ နျူကလိယ လက်နက်ထုတ်သုံးကြတဲ့အထိ ဖြစ်မည်မထင်။ အာဖဂန်နှင့် အီရတ် တွင် လက်မလည်အောင်ဖြစ်နေသည့် အမေရိကန်က တိုက်ရိုက်ပါလာမည်မထင်။ ပါကစ္စတန်နှင့် တွဲနေသည့် တရုတ်ကလည်း ဝင်ပါမည်မဟုတ်။ သူတို့ဝင်မပါလျှင် ဗမာပြည် အဖျားခတ်ခံရစရာမရှိ။

ဒုတိယ ဖြစ်နိုင်ချေ။ ။ ဂျပန်နှင့် တရုတ် စစ်ဖြစ်တာ။ နျူကလိယစစ်တော့ ဖြစ်မည်မဟုတ်။ ထိုင်ဝမ် ပြဿနာကြောင့်ပဲ ဖြစ်စရာရှိသည်။

အမေရိကန်မှာ "ထိုင်ဝမ်ဆက်ဆံရေးဥပဒေ" ရှိနေသည်။ (သမုဒ္ဒရာကြီး ခြားနေသည့်၊ လူမျိုးလည်း ခြားသည့် အမေရိကန်က "ထိုင်ဝမ်ဥပဒေ"ထုတ်ခွင့်ရှိပြီး၊ တရုတ်အချင်းချင်း ရေလက်ကြားကလေးသာ ခြားသည့် တရုတ်ပြည်က "ဥပဒေ"ထုတ်ခွင့်မရှိဟု ပြောနေသည်။) အမေရိကန်က လေယာဉ်တင်သင်္ဘောကြီးတွေနှင့် ခြိမ်း

ခြောက်တာပဲ လုပ်နေမည်ထင်သည်။ မြေပြင်စစ်တိုက်စရာရှိက တပည့် ဂျပန်နှင့် လွှဲပေးထားလိမ့်မည်။ တလော တုန်းက ဂျပန်အထက်တန်းကျောင်းသားတွေကို စစ်တမ်းကောက်ကြည့်သည်ဆိုသည်။ "ဂျပန်နဲ့တရုတ် ၁၉ ရာစုမှာ စစ်ဖြစ်ခဲ့တယ်။ ၂၀ ရာစုမှာလည်း ဖြစ်တယ်။ ၂၁ ရာစုထဲမှာကော ဖြစ်ဦးမလား"လို့မေးတော့ အများစု ကြီးက ဖြစ်မယ်လို့ဖြေကြသတဲ့။ ဘာကြောင့် ဖြစ်မှာလည်း ထပ်ဆင့်မေးတော့ ထိုင်ဝမ်ကြောင့် ဖြစ်မယ်။ ထိုင်ဝမ်ကို တရုတ်က သိမ်းမိတော့ ဂျပန်ရဲ့ ကုန်သွယ်ရေးလမ်းကြောင်း ပိုပြီး ရှည်လျားသွားမယ်။ တရုတ်ရဲ့ အကျပ်ကိုင် ခံရမယ်။ ဒါကြောင့် စစ်ဖြစ်မယ်လို့ ဖြေကြသတဲ့။ စစ်ဖြစ်မယ့် နှစ်ကိုတောင် ၂၀၁၅ နဲ့ ၂၀၂၀ ကြားလို့ အတိအကျ ဖြေကြသတဲ့။ ဒါကို တရုတ်လို ထုတ်တဲ့ စာစောင်တခုမှာ တွေ့ရသည်။

တရုတ်နှင့် ဂျပန် စစ်မဖြစ်စေချင်ပါ။ ဖြစ်လျှင် ဗမာပြည် အနေချောင်မည် မဟုတ်လို့ပါ။

တတိယ ဖြစ်နိုင်ချေ။ ။တရုတ်-ဂျပန်-အမေရိကန် စစ်ဖြစ်လျှင် ဖြစ်စေ၊ (သို့မဟုတ်) စစ်ဖြစ်မလို အခြေအနေ ဖြစ်လာလျှင် ဖြစ်စေ၊ ထိုင်း(ယိုးဒယား) နှင့် ထိုင်ဝမ် ခွဲထွက်ရေးအင်အားစုများ ငြိမ်နေကြမည်မဟုတ်ပါ။ အမေရိကန်အားကိုးဖြင့် ဗမာပြည် ပြည်တွင်းရေးမှာ တက်တက်ကြွကြွ ဝင်စွက်ကြပါလိမ့်မည်။ မိမိတို့ အစိုးရိမ်ရဆုံးမှာ ဒါပဲ ဖြစ်ပါသည်။

(သုံး)

မိမိတို့ ဒီမိုကရေစီအရေးတော်ပုံ တဝဲလည်လည် ဖြစ်နေတာ ကြာခဲ့ပြီ။ စိတ်မရှည်ကြတော့ပါ။ ပြည်တွင်းမှာ လုပ်စရာမရှိ၊ ပြည်ပထွက်လုပ်တာကပဲ လုပ်စရာရှိသေးသည်ဟူသော အတွေးအခေါ် အမှား ဝင်လာနေပြီ။ အထက်တွင် ဖော်ပြခဲ့သော တတိယ ဖြစ် နိုင်ချေသာ တကယ်ဖြစ်ခဲ့သော် ဗမာပြည် ကံဆိုးမိုးမှောင်ကျလိမ့်မည်။ ဒါကို ယခု အကျယ်ချဲ့ မရေးချင်သေးပါ။ မရေးသင့်သေးပါ။ ချန်ခဲ့ပါမည်။ အကျယ်ရေးရသည့်အခြေအနေ ရောက်မလာပါစေနှင့်ဟုပဲ ဆုတောင်းပါသည်။ ။

> တတိယဖြစ်နိုင်ချေသာ တကယ်ဖြစ်ခဲ့သော်
> ဗမာပြည် ကံဆိုးမိုးမှောင်ကျလိမ့်မည်။

(သတင်းနဲ့ မှတ်ချက်)

# ကောလင်းပါဝဲလ်

နဲ့

# ကွန်ဒိုလီဇာရိုက်စ်

ဉာဏ်လှိုင်

၂ ယောက်စလုံး လူမဲတွေပါ။ အာဖရိကနွယ်ဖွား အမေရိကန်တွေပေါ့။ ၆၅ ကြိမ်မြောက်နဲ့ ၆၆ ကြိမ်မြောက် နိုင်ငံခြားရေး ဝန် ကြီးတွေပါ။ အမေရိက သမိုင်းမှာတော့ ထူးခြားချက်ပါ။

ပါဝဲလ်က ကွန်ဆာဗေးတစ် လက်သစ်( neocon ) စစ်စစ် မဟုတ်ပါဘူး။ ရိုက်စ်က ဟုတ်ပါတယ်။ ပါဝဲလ်ကို neocon တပိုင်းလို့ ပြောနိုင်မယ် ထင်ပါတယ်။ ခရစ်စယန်ဆိုင်းယင့် မော်နီတာ သတင်းစာက နုတ်ထွက်တော့မယ့် ဝန်ကြီးကို နေ့လည်စာ စားပွဲ လုပ်ပြီး နုတ်ဆက်ပွဲလုပ်တော့ သူပြောခဲ့တာကို ကြည့်ရင် ရှင်းပါတယ်။ သူ့အနေနဲ့ ဘုရှ်ကို အကြံပေးခဲ့တာက အီရတ်ကို စစ်ဝင်မတိုက်ခင် ကုလသမဂ္ဂကို တင်ဖို့ပဲ၊ ကန့်ကွက်တာ မဟုတ်ပါဘူးလို့ ပြောပါတယ်။ Y ပုံသဏ္ဌာန်လမ်းခွကို ရောက်တော့မယ်။ တလမ်းက အတောမသတ် စေ့စပ်ဆွေးနွေးပွဲတွေ လုပ်ရတဲ့လမ်း၊ နောက်တလမ်းက အတောမသတ် စစ်တိုက်ရမယ့်လမ်းပဲ။ သူကတော့ ဘုရှ်ဆုံးဖြတ်တဲ့ လမ်းအတိုင်း လိုက်မှာပါလို့ ပြောသတဲ့။ neocon တွေကို ပါဝဲလ်က ဆန့်ကျင်တယ်၊ ဘာညာ ဟိုတုန်းက ထင်ခဲ့တာ တွေဟာ တလွဲ တွေပဲဆိုတာ ခုမှ ရှင်းသွားပါတယ်။

စစ်တပ်က အငြိမ်းစားယူစဉ်က သူ့ကို သမ္မတ ဝင်အရွေးခံလိမ့်မယ်လို့ ထင်ကြေးပေးခဲ့ကြပါတယ်။ အခုတော့ သူက ရှင်းရှင်းပဲ ပြောတယ်။ ရွေးကောက်ပွဲဝင်တဲ့အလုပ်က ကျွန်တော်နဲ့ မကိုက်ပါဘူးလို့ ပြောတယ်။

အမေရိက ပြည်ထောင်စု ထူထောင်ခါစက နိုင်ငံခြားရေးဝန်ကြီး လုပ်ဖူးသူတွေ သမ္မတ ဝင်အရွေးခံကြ တယ်။ အဲဒီလူတွေက လူဖြူတွေပါ။ ပါဝဲလ်က လူမဲ၊ နိုင်ဖို့ မလွယ်ပါဘူး။

လူမဲတွေကို နိုင်ငံခြားရေးဝန်ကြီး ပထမဆုံး စခန့်တာ ဘုရှ်ပါ။ သူ့ကိုယ်သူ လူမဲတို့ရဲ့သမ္မတပါလို့ ပြောတဲ့ ကလင်တန် မလုပ်ဝံ့တဲ့ အလုပ်ပါပဲ။ ကွန်ဆာဗေးတစ်လက်သစ်တွေက ဘာကြောင့် လူမဲပြီး လူမဲ ဆက်တိုက် နိုင်ငံခြား ရေးဝန်ကြီး နေရာကို ပေးသလဲဆိုတာ စဉ်းစားစရာပါပဲ။ ၂၁ ရာစုကို အမေရိကန်ရာစုအဖြစ် ပုံဖော်ချင်လို့ပဲလို့ တွက်ပါတယ်။ “အမေရိကန် ရာစု”ဆိုတာက “အမေရိကန်အင်ပါယာ” ကို နာမည်တမျိုးနဲ့ ခေါ်တာပါပဲ။

ကုလသမဂ္ဂ UN မှာ အာဖရိကမဲ များပါတယ်။ ပါဝဲလ်၊ ရိုက်စ် မျက်နှာပြပြီး စည်းရုံးချင်တာ ဖြစ်ပါ လိမ့်မယ်။

နောက်ပြီးတော့ လူမဲကို နိုင်ငံခြားရေးဝန်ကြီးခန့်တာဟာ အင်ပါယာအတွက် တိုက်မယ့် အမေရိကန် စစ်တပ်မှာ လူမဲတွေ အများကြီး ရှိနေလို့ပါ။ ကာကွယ်ရေးဝန်ကြီးနေရာကို လူမဲမပေးဝံ့ပါဘူး။ ဒီတော့ နိုင်ငံခြား ရေးဝန်ကြီးနေရာပဲ ပေးရတာပါ။ နိုင်ငံခြားရေးဝန်ကြီးဖြစ်မှပဲ အမျိုးသားလုံခြုံရေးကောင်စီ (NSC) မှာ ပါနိုင်မှာပါ။

၂၁-ရာစု

# ကျွန်တော်တို့ ဘယ်သူတွေလဲ

# Who are We ?

နေသူရိန်

(၁)

ဗမာပြည်မဂ္ဂဇင်းဖတ် ပရိသတ်တွေ သိပြီး ဖြစ်တဲ့ ဟန်တင်တန်ရဲ့ မေးခွန်းပါ။ အမေရိကန်တွေကို မေးနေတာပါ။ အမေရိက နိုင်ငံရယ်လို့ ထူထောင်ထား တာ ရာစုနှစ်ချီပြီး ကြာလာကာမှ ဒီမေးခွန်းမေးတော့ ကြောင်စီစီကြီးပါ။ ဒါပေမဲ့ သူတို့ မေးဖို့ အလောတကြီး လိုလာလို့ မေးတာပဲ ဖြစ်ပါတယ်။

ကွန်ဆာဗေးတစ်လက်သစ် **neocons** အာဏာပိုင်တွေက နိုင်ငံခြားထွက် စစ်တိုက်တာ ကြာလာတော့ ကွန်ဆာဗေးတစ်ပုရောဟိတ် ဟန်တင်တန် စိုး ရိမ်လာပါတယ်။ အမေရိကန်နိုင်ငံသားတွေက တိုင်း ပြည်အပေါ် သစ္စာရှိမှ ရှိကြပါမလား။ သစ္စာမဲ့ပြီး စစ်ဆန့် ကျင်ရေးဆန္ဒပြပွဲကြီးတွေ လုပ်လာမှဖြင့် ခက်ရချေ ရဲ့ လို့ တွေးမိပုံ ပေါ်ပါတယ်။

သူ့ မေးခွန်း သူ့ဘာသာ ဖြေတာရဲ့ အချုပ်က အမေရိကန် ယဉ်ကျေးမှုဟာ **WASP** ဖြစ်တယ်။ (**WASP** ဆိုတာကို အဘိဓာန်ထဲမှာ **White Anglo-Saxon Protestant** လို့ ပြထားပါတယ်။) လူဖြူ ဖြစ်ရမယ်။ အင်္ဂလိပ် ဆက်ကဆွန် မျိုးနွယ် ဖြစ်ရမယ်။ ခရစ်ယာန် ပရိုတက်စတင့် ဂိုဏ်းဝင် ဖြစ်ရမယ်။ အဲဒီ လူတွေရဲ့ ယဉ်ကျေးမှုကို လက်ခံသူမှ အမေရိကား တိုင်းပြည်ကို သစ္စာရှိမှာ ဖြစ်တယ်။ အဲဒီလို လက်ခံလာအောင် အတင်းအကျပ် လုပ်ယူရမယ်။ သစ္စာ ရှိမရှိ စစ်ဆေးရမယ်။ အင်္ဂလိပ်စကား ပြောလာ စေရမယ်။ တခြား ဘာသာစကား ကိုပဲ ပြောနေသူတွေ မဖြစ်စေရ ဆိုတာ ပါပဲ။

ဒီတခါ သူ့မြားဦးက တောင်အမေရိက အထူး သဖြင့် မက္ကဆီကိုသား စပိန်စကားပြောသူတွေ ဖြစ်နေတယ်။ အစ္စလာမ်ဘာသာဝင်အာရပ်တွေ မဟုတ် တော့ ဘူး။ စပိန်စကားပြော (တောင်အမေကရိသား ဟစ္စပန်းနစ် **Hispanic**) တွေနဲ့ အင်္ဂလိုတွေရဲ့ ယဉ်ကျေး မှုချင်း စစ်ပွဲဆိုပဲ။

**neocons** တွေက လူမဲတွေကို မစိုးရိမ် တော့ ပါဘူး။ **WASP** ဇာတ်သွင်းပြီးသား ဖြစ်လို့ စိတ်ချနေတယ်။ လူမဲတွေမှာ သီးခြား စကား မရှိရှာကြတော့ ပါဘူး။ နိုင်ငံခြားရေးဝန်ကြီးလို နေရာမျိုးလည်း လူမဲပြီး လူမဲကိုပဲ ပေးထားတာဆိုတော့ စိတ်ချနေပုံရပါတယ်။ နိုင်ငံခြားမှာ စစ်ချည်းတိုက်နေရရင် အသေအပျောက် လည်း များလာရင်တော့ တမျိုးပြောဦးမှာပါ။

ကျွန်တော်တို့ ဆရာခရဲ့ မြေးကလေးတောင် **WASP** ယဉ်ကျေးမှုစမ်းသပ်ပွဲမှာ ကျဆုံးသွားရရှာတယ်။ အာရှသားတွေကို သစ္စာရှိမရှိ စမ်းသပ်တာက စစ်ထဲ ထည့်ပြီး စမ်းသပ်တာပါ။ စစ်ဖြစ်နေတုန်းမဟုတ်ရင် စမ်းသပ်ခံရတာက ပျော်စရာကြီးပါ။ ကျွန်တော် သိကျွမ်းတဲ့ ကလေးတွေ အမေရိကန် မရိမ်းတပ်မှာ စစ်မှု ထမ်းရတယ်။ ဒါမှ နိုင်ငံသား လက်မှတ်ရမှာ ဖြစ်ပါတယ်။ သူတို့က အစိုးရစရိတ်နဲ့ ကမ္ဘာလှည့်ခရီးသွားရတာ နိုင်ငံစုံလှည့်ပြီး မိန်းမ ပိုးရတာလို့ပဲ သဘောထားပါတယ်။ ကျေနပ်ပါတယ်။ ဆရာခ မြေးကတော့ စစ်တိုက် တုန်း စစ်မှုထမ်းရတာ ဖြစ်လို့ မလွယ်တာပါ။

ဟန်တင်တန်ကို ကွန်ဆာဗေးတစ် ကပ်စန်ဒြာ (**Cassandra**) လို့ သမုတ်ကြပါတယ်။ ကပ်စန်ဒြာ ဆိုတာက ခေါမပုံပြင်ထဲက ပုရောဟိတ်မပါ။ အပိုလို နတ် မင်းက ကျိန်စာတိုက်တာ ခံရလို့ သူ့ဟောပြောချက်

ဘယ် လောက်မှန်မှန် လူတွေက မယုံ ကြဘူးဆိုပဲ။

ဟန်တင်တန်စိုးရိမ်နေတာက အမေရိကန်ပြည်မှာ အင်္ဂလိပ်စကားပြောအုပ်စုနဲ့ စပိန်စကားပြောအုပ်စု ယဉ်ကျေးမှု ၂ ခု တိုးတိုက်မိကြမှာ စိုးတာပါ။

ဟန်တင်တန်ကို မက္ကဆီကို စာရေးဆရာတယောက်က လူမျိုးရေးသမားလို့ စွပ်စွဲပါတယ်။ အမေရိကန်သား ကွန်ဆာဗေးတစ် လူဖြူစာရေးဆရာ တွေကိုယ်တိုင်ကလည်း မကြည်ကြပါဘူး။ အင်္ဂလိုနဲ့ ပရိုတက်စတင့်ကို စံအဖြစ်ထားတာကို မကြိုက်ကြပါဘူး။ လူဖြူတိုင်း အင်္ဂလိပ်သွေးပါတာမှ မဟုတ်တာပဲ။ တခြားဥရောပသား လူဖြူတွေ တပုံတပင် ရှိပါတယ်။ ခရစ်ယာန်တိုင်းကလည်း ပရိုတက်စတင့်ချည်း ဘယ်ဟုတ်ပါ့မလဲ။ ခရစ်ယာန်မှာလည်း ဂိုဏ်းခွဲတွေ များးမှ များပါ။

(၂)

လွန်ခဲ့တဲ့ ၃ နှစ်က စပြီး ဟစ္စပန်းနစ်တွေက လူမဲတွေကို လူမျိုးရေးအရာမှာ ကျော်တက်သွားပြီလို့ ဆိုပါတယ်။ သန်း ၄၀ ရှိတော့မယ် ဆိုပါတယ်။ အဲဒီ သန်း ၄၀ ထဲက ၈ သန်း ၁၀ သန်းလောက်က တရားမဝင် ဝင်လာသူတွေပဲတဲ့။ ၂၀၁၈ ခုနှစ်မှာ ကာလီဖိုးနီးယားပြည်နယ်ရဲ့ အများစု လူမျိုး ဖြစ်တော့မယ် ဆိုပါ တယ်။ ၂၀၅၀ မှာ အမေရိကန်တပြည်လုံးရဲ့ လေးပုံတပုံ ဖြစ်လာမယ် ဆိုပါတယ်။

ဟန်တင်တန်ကြောက်နေတာက မက္ကဆီကိုသားတွေကိုပါ။ သူတို့က ဟစ္စပန်းနစ် သန်း၄၀ ထဲမှာ ၂၂သန်းတောင် ရှိနေပါတယ်။ ဟန်တင်တန်ကြောက်မယ်ဆိုလည်း ကြောက်လောက်ပါတယ်။ အမေရိကရဲ့ပြည်နယ်တချို့က မက္ကဆီကိုဆီက စစ်တိုက်ပြီး သိမ်းယူထားတာပါ။ ဘုရှ် ရဲ့ဇာတိ တက္ကဆက်ကိုယ်တိုင်က ၁၈၄၅က အသိမ်းခံ ပြည်နယ်ပါ။ ကာလီဖိုးနီးယားနဲ့ နယူးမက္ကဆီကိုကလည်း သိမ်းယူထားတာပါ။

ဟန်တင်တန်က မက္ကဆီကိုသားတွေကို ရွံလည်း ရွံပါတယ်။ ဆင်းရဲတယ်၊ အလုပ်မကျွမ်းကျင်ဘူး၊ ပညာမဲ့တယ်။ သူတို့ သား စဉ်မြေးဆက်တွေကလည်း ဘမျိုးဘိုးတူ အဲဒီလိုပဲ လာမှာပဲလို့ ဆိုပါတယ်။ တကယ့်အဖြစ်က အဲဒီလို မဟုတ်ပါဘူး။ ကောလိပ် ကျောင်းတက်သူ ၁၉၈၀ တုန်းက ၁၆% ပဲ ရှိတယ်။ ၂၀၀၀ ခုနှစ်မှာ ၂၂%ရှိတယ်လို့ ဆိုပါတယ်။ စာရင်းဇယားတခုအရဆိုရင် ဆယ်ကျော်သက် အလုပ် လုပ်တဲ့သူတွေထဲမှာ အဲဒီ ဟစ္စပန်းနစ်လူငယ်တွေက ဝင်ငွေအကောင်းဆုံး လူဖြူတွေထက်သာတယ်လို့ ဆိုပါတယ်။

ဟစ္စပန်းနစ်တွေရဲ့ ဝယ်လိုအား မြင့်တာ ကိုလည်း အမေရိကန် ကုမ္ပဏီတွေက ဝန်ခံကြပါတယ်။ ဝယ်လိုအား မြင့်တယ်ဆိုတာ ဝင်ငွေမြင့်လို့ပေါ့။ လီဗိုင်းဂျင်းဘောင်းဘီ ကြော်ငြာတာကို လက်တီနို Latino မော်ဒယ်နဲ့ ကြော်ငြာရတယ် ဆိုပါတယ်။ လက်တီနို ဆိုတာကလည်း လက်တင်စကားပြော တောင်အမေရိကသားကို ခေါ်တာပါပဲ။

ဟန်တင်တန်က အင်္ဂလိပ်ဘာသာနဲ့ စပိန်ဘာသာ ၂ မျိုးကျောင်းမှာ သင်တာကိုတောင် ကျေနပ်တာ မဟုတ်ပါဘူး။ အမေရိကန်တွေ အချင်းချင်း ဆက်ဆံရာမှာသုံးဖို့ စပိန်စကားပြော သင်ဖို့ ကောင်းတယ် ဆိုတာကိုတောင် လက်မခံချင်ပါဘူး။ တကယ်တော့ အမေရိက US မှာ ဘာသာစကား ၂ မျိုးပြောတဲ့ နေရာတွေ အများကြီး ဖြစ်နေပါပြီ။ အရှေ့တောင်ပိုင်း တနံတလျားမှာ၊ တက္ကဆက်မှာ၊ ကာလီဖိုးနီးယားမှာ၊ ရှီကာဂိုနဲ့ နယူးယောက်မြို့တွေမှာ မိုင်ယာမီမှာ စကား ၂ မျိုးပြော နေကြတာပါ။

တိုင်းပြည်တခုတည်း၊ ဘာသာစကား တခုတည်း၊ ယဉ်ကျေးမှုတခုတည်း အားလုံး ပရိုတက် စတင့်ခရစ်ယာန်တွေ ဖြစ်ရမယ်လို့ ဟိုတုန်းက လုပ်လို့ ရခဲ့တယ်ဆိုတာ တကယ်ကော ဟုတ်ရဲ့လား။ ဟုတ် တယ်ဆိုရင်လည်း အဲဒီခေတ် ကုန်ခဲ့တာ ကြာပြီလို့ အမေရိကန်ပညာရှင်တွေကပဲ ဟန်တင်တန်ကို တုံ့ပြန် ဝေဖန် နေကြပါတယ်။

(၃)

မဂ္ဂဇင်းတွေမှာ ညွှန်းကြလွန်းလို့ ဟန်တင်တန်စာအုပ်တွေကို ဖတ်ကြည့်ပါတယ်။ အရေးအသားရှင်းပါတယ်။ ပြတ်ပါတယ်။ ဒါပေမဲ့ သူ့စာအုပ်တွေ ဖတ်ရင် ဟစ်တလာရဲ့ Mein Kampf ဖတ်ခဲ့တုန်းက ခံစားမှုမျိုးရသလိုလို ဖြစ်မိပါတယ်။ neocons တွေက နာဇီလက်သစ်အဖြစ်အထိ တိုးတက်သွားရင်တော့ တကမ္ဘာလုံးအတွက် ရင်လေး စရာပါပဲ။ ။

# ပညာရှင်များ ငြင်းခုံပွဲ

ခိုးထိုက်

အမေရိကန်ပညာရှင်တွေ ငြင်းခုံနေကြတယ်။ ငြင်းခုံပွဲက ပွဲစည်တယ်။ "အမေရိကန်အင်ပါယာ" ၂၁ ရာစုမှာ တည်ထောင်နိုင် မလား-မတည်ထောင်နိုင် ဘူးလား ဆိုတာကို ငြင်းနေကြတာပါ။ ပညာရှင်တွေ ငြင်းခုံတာ ကြားရတော့ သူပြောလည်း ဟုတ်နိုးနိုး၊ ဟိုလူ ပြောလည်း ဟုတ်သယောင်ယောင် ထင်ရတာချည်းပါ။ ပညာရှင်တွေဆိုတော့ အကျိုးအကြောင်းပြတာကလည်း ကောင်းကြတယ်။

အင်ပါယာထူထောင်နိုင်တယ်ဆိုတဲ့ ဘက်က ပြောကြတာက အမေရိကန်ကို ယှဉ်မယ့်သူ မပေါ်ခင် အင်ပါယာ ထူထောင်ရမယ်ဆိုတာပဲ။ EU (ဥရောပ သမဂ္ဂ) ဆိုတာက စုပေါင်းစပ်ပေါင်းသမဂ္ဂ။ ၂၅ နိုင်ငံညီဖို့ မလွယ်ဘူး။ အမေရိကန်က ခြေထိုးလိုက်ရင် ဘာမှ လုပ်မရတဲ့ အဖွဲ့ကြီး ဖြစ်မှာပဲလို့ ပြောတယ်။ ဟုတ်လည်း ဟုတ်နေတာမို့ ငြင်းစရာ မရှိပါဘူး။ အင်္ဂလိပ်၊ ပိုလန်၊ ဟန်ဂေရီ၊ ချက် ဆိုတာတွေ ကိုင်ပြီး ခြေထိုးနေတာ တွေ့ရတာပဲ။ ပြင်သစ်နဲ့ ဂျာမဏီ ဘာလုပ်နိုင်လို့တုန်း။ ဘုရှ်ကိုယ်တိုင် ဝင်ပြီး ခြေထိုး သွားသေးတာပဲ။ ရုရှား ဆို တာကလည်း ဒဏ်ရာမကျက်သေးလို့ အနာ လျှာနဲ့ လျက်နေရတုန်း။

**အိန္ဒိယ**ကျတော့ လှုပ်လီလှုပ်လဲ့ပါ။ ကုလသမဂ္ဂအမြဲတမ်းအဖွဲ့ဝင် (UNSC) မှာ နေရာရချင် တာက ငမ်းငမ်းတက်ဖြစ်နေတယ်။ အဲဒီမုန်လာဥကို ပြပြပြီး စည်းရုံးခံနေရတာ မဟုတ်လား။ ဘုရှ်ကိုယ်တိုင် လာပြီး စည်းရုံးတာတောင် မလုပ်ပါဘူး။ ကွန်ဒို လီဇာ ရိုက်စ်ဆိုတဲ့ လူမဲ အမျိုးသမီးပဲ လွှတ်ပြီး စည်းရုံး တာပါ။ တဖက်ကလည်း ပါကစ္စတန်နဲ့ လှည့်ခြောက်ပါတယ်။ ပါကစ္စ တန် ဖဲချပ်ကိုင်ပြီး ကစားလိုက်လို့ ထွန့်ထွန့်လူး ဖြစ် သွားတယ်။

**တရုတ်။** သူက ထိုင်ဝမ်ပြဿနာမှာ ခြေဆွဲတာ ခံနေရတယ်။ ကမ္ဘာတခြမ်းမှာ ရှိတဲ့ အမေရိကန်ကွန်ဂရက်က "ထိုင်ဝမ် ဥပဒေ" ချမှတ် နိုင်ပေမယ့် တရုတ်အချင်းချင်းကတော့ "ထိုင်ဝမ် ဥပဒေ"မချ မှတ်နိုင်ဘူးလို့ ပြဿနာ လုပ်နေတယ်။ တရုတ်နဲ့ ထိုင်ဝမ်၊ ဆင်နဲ့ဆိတ် မယှဉ်နိုင်မှန်းသိတော့ ရိုက်စ် (နိုင်ငံခြားရေးဝန်ကြီး) က ဂျပန်ဖဲချပ်ကိုင်ပြီး ကစားသွားတယ်။ တရုတ်နဲ့ ဂျပန် ပြဿနာ ဖြစ်ပြီး ကျန်ရစ်တယ်။ ဂျပန်ကလည်း အားကိုးရှိနေတော့ စွာတာတာ လုပ်တယ်။ ကျွန်တော်တို့ ဗမာပြည်က အဲဒါပဲ ကြောက်တာ။ သန်းရွှေ စစ်အုပ်စုက ရဲဘော် သုံးကျိပ်ကို ပစ်ပယ်တာ လုပ်ပေမယ့် ဂျပန်ကိုတော့ ရိုကျိုးပါတယ်။ တရုတ် ဂျပန်ကြား၊ ကြားညပ်မှာ ကြောက်တာပါ။

**ဂျပန်။** သူက အင်္ဂလိပ်လိုပါပဲ။ အမေရိကန်ကို ကပ်မှ စွာကျယ်ကျယ် လုပ်နိုင်မှာကို သိနေတယ်။ အမေရိကန်ကို ပြိုင်မယ့်သူ မပေါ်သေးပါဘူး။ ဒါကို လက်ခံပါတယ်။ ကျွန်တော်တို့ လက်မခံတာက အင်ပါ ယာထူထောင်မှာကို လက်မခံတာပါ။ ကမ္ဘာ့ပြည်သူ ဆိုတာကို အမေရိကန်နဲ့ ပြိုင်မယ့် "ဆူပါ ပါဝါ"လို့ တချို့က ပြော

ပါတယ်။ မဟုတ်ပါဘူး။ သူတို့က ဆန္ဒပြ ရုံ ကလွဲလို့ ဘာမှ မလုပ်နိုင်ပါဘူး။

ကွန်ဆာဗေးတစ်လက်သစ်တချို့ကဆိုရင် "အမေရိကန် အင်ပါယာ"ထောင်နိုင်မလား–မထောင်နိုင်ဘူးလားဆိုတာ ငြင်းနေစရာ မလိုဘူး။ ဆင်ကိုတွေ့နေမှ ဆင်ခြေရာ ရှာမနေနဲ့လို့ ပြောပါတယ်။ အဲဒီပညာရှင် ပြောတာလည်း ဟုတ်သလိုလိုပဲ။ အီရတ် မှာ တို့လုပ်ချင်ရာ လုပ်ခဲ့ပြီးပြီပဲ။ ဘာငြင်းနေစရာလိုတော့သလဲလို့ ပြောတယ်။ ဒါလည်း အဖြစ်မှန်ပဲလေ။

သမိုင်းက နိဂုံးချုပ်ခဲ့ပြီပဲ။ ဘာမှ အတွန့် တက်စရာ မလိုဘူး။ အမေရိကန် အင်ပါယာကလွဲလို့ တခြား ရွေးစရာမရှိဘူးလို့ ပြောသူက ပြောတယ်။

အင်ပါယာ ထူထောင်ရေးသမားတွေက အားလုံးဆောင့်ကြွားကြွားတွေချည်း ဖြစ်ပါတယ်။

စိတ်ဝင်စားစရာအကောင်းဆုံးက အင်ပါယာ မထူထောင်ချင်ဘူးဆိုတဲ့ ပညာရှင်တွေရဲ့ အကြောင်း ပြချက်ပဲ။ သူက ထူထောင်နိုင်တဲ့ အရည်အသွေး အမေရိကန်မှာ မရှိလို့ပဲဆိုတာကို အဓိကထား ပြောတယ်။ သူ့နာမည်က ဖာဂူဆန် (Ferguson ) တဲ့။ သူပြောတာ ချုပ်လိုက်ရင် အမေရိကန်မှာ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ နိုင်ငံရေးအင်အား အင်္ဂလိပ်အုပ်စိုးသူ လူတန်းစား တွေမှာလို မရှိဘူး ဆိုတာပါပဲ။ သူက အကျိုးအကြောင်း တွေ ပြပါတယ်။

အင်္ဂလိပ်မှာ ICS တွေ ရှိတယ်။ ကိုလိုနီဝန်ထမ်းတွေ ရှိတယ်။ အမေရိကန်မှာတော့ Yale တို့ Harvard တို့က ထွက်သူတွေ ဝတ်လုံ ရှေ့နေ လုပ်တဲ့သူ လုပ်၊ ဝေါလမ်းမ ရောက်သူရောက် ဖြစ်သတဲ့။ neocon (ကွန်ဆာဗေးတစ် လက်သစ်) ရေပေါ်ဆီ တွေထဲက ဘယ်သူ စစ်တပ်ထဲ ဝင်လို့လဲ လို့ မေးခွန်းထုတ်ပါတယ်။ အင်္ဂလိပ်အင်ပါယာ ထူထောင်နိုင်တာဟာ ရေပေါ်ဆီတွေနဲ့ သူတို့သားသမီးတွေကိုယ်တိုင် စွန့်စွန့်စားစား ကိုလိုနီစစ်ပွဲ ဝင်တိုက်ကြလို့ပဲတဲ့။

သူ့စာအုပ်ထွက်တာ စောပါတယ်။ အခုသာ ထွက်ရင် သူ့အကြောင်းပြချက်ထဲမှာ အီရတ်စစ်ပွဲရဲ့ အဓိက ဗာတ်ကောင်ကြီး ဝိုလ်ဖိုဝစ် Wolfowitz တယောက် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌလုပ်သွားပြီဆိုတာ ပါမှာပဲ။

နိုင်ငံခြားရေးဝန်ကြီးတွေက ဘာကြောင့် လူမဲပြီး လူမဲ ဖြစ်နေတာလဲ။ ဒါကို ကျွန်တော်တို့က ဆန့်ထုတ်ပြီး စဉ်းစားကြည့်မိပါတယ်။ ဘာကြောင့် ဒီလို ဖြစ်နေတာလဲ။ အဖေ ဘုရှ်နဲ့ သား ဘုရှ်က ဘာကြောင့် လူမဲတွေကို ရွေးသုံးနေတာလဲ။

အဖြေကတော့ အမေရိကန်စစ်တပ်ထဲမှာ လူမဲတွေများနေလို့ဆိုတဲ့အဖြေ ထွက်ပါတယ်။ ကာကွယ်ရေးဝန်ကြီးနေရာတော့ လူမဲကို မပေးကြပါဘူး။

အမေရိကန်စစ်တပ်မှာ လူမဲ ပါဝင်မှုနှုန်း တက်လာပုံကို ကြည့်ပါ။ တတပ်လုံးမှာ လူမဲပါဝင်တဲ့ ရာခိုင်နှုန်းက ဒုတိယကမ္ဘာစစ်မှာ ၈.၇ ％ ရှိတယ်။ ဗီယက်နမ်စစ်ပွဲကျတော့ ၉.၈％ ရှိတယ်။ အမေရိကန် အင်ပါယာ ထူထောင်ဖို့တိုက်တဲ့ အီရတ်စစ်ပွဲကျတော့ ၂၀ ％အထိ ခုန်တက်သွားတယ်။ ဘယ်သူပဲ အင်ပါယာ ထောင်ထောင် စစ်တိုက်ပြီး ထောင်ရတာပါ။ အမေရိကန် ရေပေါ်ဆီ လူတန်းစားက စစ်မတိုက်ပါဘူး။ လူမဲစစ်သားအားကိုးပြီး အင်ပါယာထောင်မယ့် စစ် တိုက်နေတာပါ။ ဒါကြောင့်ပဲ နိုင်ငံခြားရေးဝန်ကြီးတွေ လူမဲပြီးလူမဲ ဖြစ်နေတာလို့ ယူဆနိုင်ပါတယ်။ အလောင်းထမ်းပြီး အိမ်ပြန်ရတာတွေ များလာရင် အင်ပါယာ ထူထောင်ရေး စိတ်ကူးယဉ်မှု ပျက်သွားမှာပါ။ အငှားအားနဲ့ စစ်ကို ရေရှည်မတိုက်နိုင်ပါဘူး။ ။

# ဘာကြောင့် အဆင်ပြေတဲ့လူ့အဖွဲ့အစည်း တည်ဆောက်ရမှာလဲ

နေထွန်းအောင်

**(ဂျပန်ဘာသာထုတ် ဟောင်ကောင်သတင်းစာ ၁၅၊ ၃၊ ၂၀၀၅ နေ့ထုတ်မှာ 'ကျင်းယုံခန်း' ရေးတဲ့ ဆောင်းပါးကို အခြေပြုပါ တယ်။ )**

တရုတ် နိုင်ငံတော် ဥက္ကဋ္ဌ 'ဟူကျင့်ထောင်' က အခုတလောမှာ ...

-'အဆင်ပြေတဲ့ လူ့အဖွဲ့အစည်း' တည်ဆောက်ရေး အရေးကြီးမှု။

- အဆင့်အသီးသီး ခေါင်းဆောင်တွေ 'အဆင်ပြေတဲ့ လူ့အဖွဲ့အစည်း' တည်ဆောက်ရေးဘက်မှာ အားသွန်ခွန်စိုက် လုပ်ဆောင်ကြဖို့။

-'အဆင်ပြေတဲ့ လူ့အဖွဲ့အစည်း တည်ဆောက်ရေး'ကို အကောင်အထည် ဖော်ကြဖို့။

ကြိမ်ဖန်များစွာ အလေးတင်း ထောက်ပြခဲ့တယ်။

'အဆင်ပြေတဲ့ လူ့အဖွဲ့အစည်း'ဟာ ခုတလော ကျင်းပတဲ့ 'ကွန်ဖရင့် ၂ ရပ်' မှာ၊ စိတ်ဝင်တစား ဆွေးနွေးတဲ့ ပြဿနာလည်း ဖြစ်၊ နိုင်ငံရေး ပေါ်လစီရဲ့ အဓိက ပြဿနာလည်း ဖြစ်ပါတယ်။

'အဆင်ပြေတဲ့ လူ့အဖွဲ့အစည်း' အယူအဆ ဆိုတာ ဘာလဲ။

တရုတ်ကွန်မြူနစ်ပါတီဟာ မနှစ်ဆောင်းဦး ၁၆ကြိမ်မြောက်ကွန်ဂရက်ဗဟိုကော်မတီ၊ စတုတ္ထအကြိမ် စုံညီအစည်းအဝေးမှာကတည်းက 'အဆင်ပြေတဲ့ လူ့အဖွဲ့ အစည်း'တည်ဆောက်ရေး အယူအဆကို ပထမဆုံး တင်ပြခဲ့ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီ စာစောင်တွေ ထဲမှာလည်း ဒီအယူအဆကို စီးပွားရေး တည်ဆောက် မှု၊ နိုင်ငံရေးတည်ဆောက်မှု၊ ယဉ်ကျေးမှု တည်ဆောက်မှု စတာတွေနဲ့ ပူးတွဲပြီး ထင်ရှားစွာ ဖော်ပြထားပါတယ်။

ဒီအယူအဆ တင်ပြရခြင်းမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် အရာရာကို ဖြေရှင်းနိုင်တာ မဟုတ်ဘူးဆိုတာကို အဆင့်အသီးသီး ခေါင်းဆောင်တွေ ရှင်းရှင်းလင်းလင်း သိရှိနားလည်ကြစေဖို့ ဖြစ်ပါတယ်။

နှစ်ပေါင်းအတော်ကြာကြာအတွင်း ရရှိလာတဲ့ အတွေ့အကြုံက-စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဟာ လူ့အဖွဲ့အစည်းအတွင်းရှိ ပြဿနာတွေအားလုံးကို ဖြေရှင်းနိုင်တဲ့ ဤဗ္ဗာသရဆေး မဟုတ်ဘူး။ စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုက ပြဿနာတချို့ကို ဖြေရှင်းပေး လိုက်တာနဲ့ တပြိုင်တည်းမှာ မကုန်ခန်းနိုင်တဲ့ လူ့အဖွဲ့ အစည်း ပြဿနာ တသီတတန်းကြီးနဲ့ ဆက်စပ်နေပြန်တယ်။ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆွဲဆောင်တဲ့ မီးရထားခေါင်းတွဲဖြစ်တဲ့ တရုတ်ပြည်ရဲ့ ပြည်တွင်း အထွေထွေ ထုတ်လုပ်ရေးတန်ဖိုးဟာ မကြာခင် နှစ်တွေ အတွင်း ၁၀% လောက် အရှိန်နဲ့ တိုးတက် လာခဲ့တယ်။ ဒါပေမဲ့ တချိန်တည်းမှာ လူမှုပဋိပက္ခ အမျိုးမျိုးကလည်း နေ့စဉ်နဲ့ အမျှ တိုးများလာတယ်။

- လယ်သမားပြဿနာ ၃ ရပ်။

- အလုပ်လက်မဲ့ ပြဿနာ။

- ဖျက်ချရွှေ့ပြောင်း ပြဿနာ။

- လူ့အခွင့်အရေး အာမခံမှုပြဿနာ။

...စတာတွေဟာ တရုတ်ပြည် အာဏာ ကိုင်ထားသူတွေကို မစမ်းသပ်တာရယ်လို့ မရှိပါဘူး။

စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာဟာ လူ့အဖွဲ့အစည်းရဲ့ အနာဂတ်မျှော်လင့်ချက်အတိုင်း ဖြစ်မလာဘဲ တရုတ်လူ့အဖွဲ့အစည်း ကြီးကို ဦးတည်ချက် အမျိုးမျိုးကွဲထွက်သွားစေခဲ့တယ်။ အကျိုးစီးပွားတွေလည်း တကယ့်ကို အမျိုးမျိုးကွဲ ကုန်တယ်။ ဒါပေမဲ့ အကျိုးစီးပွား

အမျိုးမျိုးတွေအကြားမှာ ခြုံငုံထားတဲ့ စနစ်အပေါ် အခြေစိုက်ထားတာ မဟုတ် တော့ အလွန်နဲ့ကို ကွဲပြဲတဲ့ လူ့အဖွဲ့အစည်းကြီးတခုအဖြစ် ပြောင်းလဲသွားတယ်။ စီးပွားရေးဖွံ့ဖြိုးလေလေ လူ့အဖွဲ့အစည်းကြီး ကွဲလေလေ ဖြစ်ကုန်တယ်။ တရုတ်လူ့ အဖွဲ့အစည်းရဲ့ လူမှု အဖွဲ့ အစည်းတွေအကြား ကွာဟမှုဟာ မြင့်လိုက်တာမှ အန္တရာယ်ကြီးတဲ့ အတိုင်းအတာအထိ ဖြစ်လာတယ်။

ဒီထောင့်ကနေ ကြည့်လိုက်ရင် တရုတ် ကွန်မြူနစ်ခေါင်းဆောင်ပိုင်းက တင်ပြလိုက်တဲ့ "အဆင် ပြေတဲ့ လူ့အဖွဲ့အစည်း" တည်ဆောက်ရေးဟာ အတော့်ကို မြင့်တဲ့ သေနင်္ဂဗျူဟာ အဓိပ္ပာယ် ပါရှိနေတယ်။ ဒါပေမဲ့ ပြဿနာက ဘယ်လို အခိုင်အမာ လုပ်ကြမလဲ။ ဒီသဘောတရားအယူအဆကို ဘယ်လို အကောင်အထည် ဖော် ကြမလဲ…ဆိုတာပဲ။ 'အဆင်ပြေတဲ့ လူ့အဖွဲ့အစည်း' တည်ဆောက်ရေးပြ ဿနာဟာ ပင်ကိုယ်လက္ခဏာ အရပြောရင် ပြုပြင်ပြောင်းလဲရေး ပြဿနာပါ။

အနောက်တိုင်း ၁၈–၁၉ ရာစု စက်မှုတော်လှန်ရေးကြီး ပြီးတဲ့နောက်မှာ ဖြတ်သန်းခဲ့ရတဲ့ လူ့အဖွဲ့ အစည်း ပြင်းပြင်းထန်ထန်ကွဲ ပြားမှုကို မာ့က်စ်က "အရင်းရှင်ကမ္ဘာ"လို့ ရေးသားဖော်ပြခဲ့တယ်။

ဒီလိုဆိုရင် အနောက်တိုင်းဟာ အစောပိုင်းရှေးဦး အရင်းရှင်ဝါဒကနေ သာယာဝပြောတဲ့ စီးပွားရေးဘက်ကို ဘယ်လို ကူးဝင်ခဲ့ကြသလဲ။ ဒီ ကူးပြောင်းမှု ပင်ကိုယ်က အရင်းရှင်ဝါဒသဏ္ဍာန် စီးပွားရေး ဖြစ်ပေါ်တိုးပွားမှုရဲ့ အကျိုးဆက်မှ မဟုတ်တာ၊ ရှေး အရင်းရှင်ဝါဒ ပင်ကိုယ်က သာယာဝပြောတဲ့ အရင်းရှင်ဝါဒသို့ မဖြစ်ပေါ်မတိုးပွားနိုင်ပါဘူး။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုကသာ သဏ္ဍာန်ပြောင်းတာကို လုပ်နိုင်ပါတယ်။ အရင်းရဲ့ တခုတည်းသော ရည်မှန်းချက်ဟာ အမြတ်အစွန်း ဖြစ်တယ်။ နောက်ပိုင်းမှာ အရင်းရဲ့ အခွင့်အာဏာတွေ ထိန်းချုပ်ခံလိုက်ရတာ၊ အလုပ်သမားလူတန်းစား အဖွဲ့အစည်းတွေ ပေါ်လာပြီး အရင်းနဲ့ အင်အားရှိရှိ ဈေးဆစ် လာနိုင်တာတွေကြောင့်လည်း အချိုးညီတဲ့ ဖြစ်ပေါ် တိုးပွားမှု ဖြစ်လာရတာပါ။

လက်ရှိ တရုတ်ပြည်အနေအထားဟာ တကယ်လို့ ဒီအတိုင်း ဆက်လက်ကြီးထွားသွားရင် လူ့အဖွဲ့အစည်းအတွင်း ကွဲပြဲမှုဟာ ဆိုးဝါးတဲ့ သံသရာလည်မှုအခြေအနေထဲ တိုးဝင်သွားလိမ့်မယ်။ တကယ်လို့ အလုပ်သမားနဲ့ လယ်သမားကို လူမှု အဆောက် အအုံပြင်ပ တွန်းဖယ်လိုက်ပြီး အခွင့် အာဏာမရှိ၊ ပြောရေး ဆိုခွင့်မရှိ ဖြစ်သွားရင် 'အဆင်ပြေတဲ့ လူ့အဖွဲ့ အ စည်း' ဆိုတာမှာ လုံလောက်တဲ့ နိုင်ငံရေးတွန်းအား ရှိ တော့မှာ မဟုတ်ဘူး။

လူတွေကို သက်ညှာတဲ့ ပေါ်လစီတချို့ လုပ်ဆောင်ပေးဦးတော့ ဒီပေါ်လစီဟာ လူ့အဖွဲ့အစည်း တည်ငြိမ်မှုကို အချိန်ပိုင်းလောက်ပဲ ထိန်းချုပ် ထားနိုင်မှာပါ။ တကယ်လို့ စနစ်တကျ သတ်မှတ်ထားတဲ့ အဖွဲ့အစည်းထဲ ပါဝင်ထားတာသာ မဟုတ်ဘူးဆို ရင် ခေါင်းဆောင်မှုရဲ့ လူထုကို သက်ညှာတဲ့ တိမ်းညွတ်မှုဟာ အဆင်ပြေတဲ့ လူ့အဖွဲ့အစည်း ပန်းတိုင် အကောင် အထည်ဖော် ရေး အတွက် အာမခံချက်ရှိဖို့ ဝေးပါ သေးတယ်။

နိုင်ငံရေးအရပြောရရင် အဆင်ပြေတဲ့ လူ့အဖွဲ့အစည်း အကောင် အထည်ဖော်ရေးကွင်းဆက်ဟာ လူ့အဖွဲ့အစည်းရဲ့ လူ့အလွှာအသီးသီးက သူတို့ရဲ့ လမ်းကြောင်းတွေကနေ နိုင်ငံတော်ပေါ်လစီကို ထောက်ခံပြီး နိုင်ငံရေးထဲ ပါဝင်ထားတဲ့–ဒီလို တရားမျှတတဲ့ နိုင်ငံ ရေး အဆောက်အအုံမျိုးရှိမှသာ ပေါ်လစီဟာ အချိုးညီညီ ဖြစ်လာပြီး လူ့အဖွဲ့အစည်းကြီး အဆင်ပြေသွားပါလိမ့်မယ်…လို့ ဖော်ပြထားပါတယ်။

တရုတ်ပြည်ကွန်မြူနစ်ပါတီ(CPC)ကတော့ ပေါ်လာတဲ့ ပြဿနာတွေကို တီထွင်မှုရှိရှိ ကျော်လွှားပြီး ရှေ့သို့ ချီတက်နေပါတယ်။ ဗမာပြည်တော်လှန်ရေးက ဒီအဆင့်မရောက်သေး။ ဒီမိုကရေစီတော်လှန်ရေး အဆင့်မှာပဲ ရှိသေးလို့ ရှေ့ကနေ တောင်တက်နေသူတွေ ပြောတာကိုပဲ နားထောင် ထားရုံပါ။ ဆိုဗီယက်ကွန်မြူနစ် ပါတီ(CPSU) ကတော့ တက်နေရင်းက အားလွှန်ပြီး ကျသွားပါတယ်။ CPC က ဘယ်လိုနေမလဲ။ စိတ်ဝင်စားစွာ စောင့်ကြည့်နေပါတယ်။ တောင်ထိပ် အရောက် တက်နိုင်ရင် သူများဖောက်ပြီးသားလမ်း ရှိသွားပြီမို့ ကျွန်တော်တို့လည်း ဒီလမ်းအတိုင်း လျှောက် ရုံပဲ ရှိမှာပါ။ ရှေ့ကတက်နှင့်သူ အောင်မြင် စေချင်တာပါပဲ။ ။

# အီရတ်ကို စောင့်ကြည့်ရမည်

မင်းမြိုင်

ဆယ့်လေးငါးခြောက်နှစ် နေလို့မှ ဘာမှ ဖြစ်မလာတော့ စိတ်လေပါတယ်။ ဟိုဟာ ကောင်းနိုးနိုး ဒီဟာ ကောင်းနိုးနိုး စဉ်းစား ပါတယ်။

"နှင်းဆီတော်လှန်ရေး" "လိမ္မော်ရောင် တော်လှန်ရေး" "သစ်ခွရောင် တော်လှန်ရေး" တွေလည်း စောင့်ကြည့်တာပါပဲ။ သူတို့လိုများ လုပ်လို့ ရမလားလို့ပါ။ ဗကပ က တင်ပြတဲ့ 'ဒီမို–၂၀၀၆' နည်းနာကိုလည်း စိတ်တော့ ဝင်စားပါတယ်။ ဒါပေမဲ့ 'ဝါရင့်' တ ယောက်က လူထု နိုးကြားလာဖို့ မျှော်မနေနဲ့လို့ ပြောသံကြားရတယ်။ သဘောကတော့ ကယ်တင်ရှင် မျှော်ကြဖို့ပဲ ဖြစ်နေတယ်။ ဘုရှ် ရဲ့ "လွတ်လပ်မှု (Freedom ) ဒီလှိုင်း" စောင့်ပြီး စီးဖို့ပဲ ရှိတော့ သလိုလိုပဲ။

ဒါကြောင့် "ဒီလှိုင်း"စီးနေတဲ့ အီရတ်ကို စောင့်ကြည့်တာပါ။ စောင့်ကြည့်ရင်း တွေ့မိသမျှကို မှတ်တမ်းတင်ပါတယ်။

မကြာခင်က အမေရိကန်ဖမ်းထားတဲ့ အီရတ် အကျဉ်းသားတွေ နှိပ်စက်ညှဉ်းပန်းခံရတယ်ဆိုတဲ့ သတင်းနဲ့ ကိုရန်ကျမ်းကို မဖွယ်မရာလုပ်တယ်ဆိုတဲ့ သ တင်း ကြောင့် မူဆလင်ကမ္ဘာမှာ လှုပ်လှုပ်ရှားရှား ဖြစ် သွားတယ်။ အခုရေးမယ့် အဖြစ်ကလေးကတော့ တမျိုး ထူးခြားတယ်။ ဒီလိုပါ။

အမေရိကန်က စကြဝဠာတေးမန္တာတ်မင်းလို ကျင့် နေတာ ကြာပါပြီ။ အမေရိကန်အစိုးရက ကမ္ဘာ့ အစိုး ရလို ကျင့်တယ်။ အမေရိကန်တရားရုံးက ကမ္ဘာ့ တရား ရုံးလို ကျင့်တယ်။ အခုရေးမှာက အမေရိကန် လွှတ်တော်က ကမ္ဘာ့လွှတ်တော်လို ကျင့်တဲ့ အဖြစ်ကလေး တခုပါ။

အမေရိကန်အထက်လွှတ်တော်ရဲ့ ဆပ်ကော်မတီကလေးတခုက ဆတ်ဒန်ဟူစိန် လာဘ် ထိုးတာကို ကုလသမဂ္ဂ တွင်း/ချုပ် ကိုဖီအာနန်ရော၊ ရုရှား၊ အင်္ဂလိပ်၊ ပြင်သစ် နိုင်ငံရေးသမားတွေရော ယူကြတယ်ဆိုတဲ့ စွဲချက်တင်တယ်။ ကိုဖီအာနန်ကိုဆိုရင် တွင်း/ချုပ် နေရာ က နုတ်ထွက်ပေးရမယ်အထိ ပြောတယ်။ သူက မတုံ့ပြန် ပါဘူး။ ရုရှား၊ ပြင်သစ် နိုင်ငံရေးသမား တွေကတော့ ခပ်တင်းတင်းပဲ တုံ့ပြန် တယ်။ အင်္ဂလိပ် နိုင်ငံရေး သမား ကတော့ တမျိုး။ သူက အမေရိကန် လွှတ်တော်ကို ကိုယ်တိုင်သွားပြီး ရင်ဆိုင် လိုက်တယ်။

အင်္ဂလိပ်နိုင်ငံရေးသမားက အင်္ဂလိပ် ပါလီမန် လွှတ်တော် အမတ်ပါ။ ဂဲလိုးဝေး (Galloway) လို့ ခေါ် ပါတယ်။ အင်္ဂလိပ်ပါလီမန်ဆိုတာ ပါလီမန် အပေါင်းရဲ့မိခင် ဆိုပြီး ဝင့်ကြွားနေတာ ဖြစ်ပါတယ်။

မိခင်ပါလီမန်နဲ့ ကမ္ဘာ့ပါလီမန် (အတု) ဘယ်လို ထိပ်တိုက်တွေ့ကြသလဲဆိုတာဟာ စိတ်ဝင် စားစရာ ကောင်းပါတယ်။ ဘယ်လို ပြောကြ ဆိုကြ သလဲ ဆိုတာ သိဖို့ အသံလွှင့်တာတွေကို စောင့်နားထောင် တော့ BBC ကပဲ လွှင့်တယ်။ တခြား ဗမာလို အသံလွှင့် တဲ့ ဌာနတွေက မလွှင့်ဘူး။

BBC က လွှင့်တာကလည်း နည်းနည်းပဲ လွှင့်လို့ ဆတ်တင့်ငံ့ ဖြစ်ရတယ်။ ဒါကြောင့် အင်တာနက် အားကိုးရတယ်။ သတင်း တွေ ပြောကြဆိုကြပုံတွေ တဝ ကြီး ရပါတယ်။ အဲဒါကို မိတ်ဆက်ပေးပါမယ်။

## ဂဲလိုးဝေးနဲ့ ကိုးလ်မင်း( Coleman )

ဂဲလိုးဝေးက ခေသူ မဟုတ်ပါဘူး။ အီရတ်စစ်ပွဲ ဆန့်ကျင်ခဲ့လို့ လေဘာပါတီက ထုတ်ပစ်ခံရတဲ့ အင်္ဂလိပ် ပါလီမန်အမတ်ပါ။ မကြာခင်က လုပ်တဲ့ ရွေးကောက်ပွဲမှာ ပါတီသစ်ထောင်ပြီး လေဘာပါတီနဲ့ ပြိုင်တယ်။ ခပ်စွာစွာ ဝန်ကြီးချုပ် ဘလဲကတောင် ဆလံသထားရတဲ့ ခပ်စွာစွာ ပုဂ္ဂိုလ် ဖြစ်တယ်။

ကိုးလ်မင်းကတော့ ဆပ်ကော်မတီ ဥက္ကဋ္ဌ။ နာမည်ကြီး ထင်ရှားအောင် ကြိုးစားနေရတဲ့ ဒုတိယ တန်းစား ကွန်ဆာဗေးတစ်လက်သစ် (neocon) တယောက်ပါ။

ထိပ်တိုက်တွေ့ကြတော့ ကိုးလ်မင်းတယောက် ပယ်ပယ်နယ်နယ် အတွယ်ခံလိုက်ရတယ်။ သေနတ်ပြောင်း ၂ လုံးစလုံး ခလုတ် ဖြုတ် ပစ်ထည့်လိုက်မယ်လို့ ကြိမ်းပြီး ဂဲလိုးဝေးက အမေရိကန်သွားတာ ဆိုပဲ။ သူ့ကို စွပ်စွဲခံရတာက ဆတ်ဒန်ဟူစိန် လာဘ်ထိုးတဲ့ ရေနံစည်တွေ လာဘ်စားတယ်ဆိုတဲ့ စွဲချက်မို့ သူက barrels ဆိုတဲ့ အင်္ဂလိပ်စကားလုံးသုံးပြီး ပြောတာပါ။ အင်္ဂလိပ်စာမှာ barrels ဆို တာ "သေနတ်ပြောင်း" လို့လည်း အဓိပ္ပာယ် ရပြီး၊ "ရေနံစည်" လို့လည်း အဓိပ္ပာယ် ထွက်တယ်။ "ပါလီမန် မိခင်" က အမတ် ဆိုတော့ စကားလုံး သုံးတာ တကယ်ပိုင်တာပဲ။ စကားပြန် မပါဘဲ အင်္ဂလိပ် စကားပြောနိုင်သူချင်း ဖြစ်ကြလို့ အထေ့ အငေါ်တွေ ပြောတယ်။ မထီတရီ ပြောတယ်။

"ဆတ်ဒန်ဟူစိန်ကို ကျုပ် ၂ ခါပဲ တွေ့ဖူးတယ်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲ တွေ့တဲ့ အကြိမ်နဲ့ အတူတူပဲ။ ရမ်းစဖဲက လက်နက်ရောင်း ဖို့တွေ့တာ။ ကျုပ်တွေ့တာကတော့ ဆိုင်ရှင် (ပစ်ဒဏ် ခတ်တာ) နဲ့ စစ်ဒဏ်ခံနေရတာက ဘယ်လို လွတ်အောင် လုပ်သင့်တယ်ဆိုတာ နားချဖို့ တွေ့တာ" လို့ ခပ်ဆတ်ဆတ် ထိထိမိမိ ပြောတယ်။ (ဒါကို BBC လွှင့်တယ်။)

## ဘဂ္ဂဒက်က ရုပ်သေးအစိုးရ

အမေရိကန်လွှတ်တော်အမတ်က ဂဲလိုးဝေးတို့ကို "ရေနံနဲ့ရိက္ခာ"လဲရေးကိစ္စမှာ လာဘ်စားကြတယ်လို့ စွပ်စွဲတာပဲ။ အထောက်အထား စာရွက်စာတမ်းတွေ ပြပြီး စွပ်စွဲတာ ဖြစ်တယ်။ အဲဒါကို ချေပပုံက "အဲဒီ အထောက်အထား စာရွက်စာတမ်းတွေက အတုတွေပဲ။ မင်းတို့တင်ထားတဲ့ ရုပ်သေးအစိုးရက ဖန်တီးထားတဲ့ အတုတွေပဲ"လို့ ချေပတယ်။

"အခုလို မင်းတို့ လုပ်နေတာဟာ မင်းတို့ အီရတ်ကို သိမ်းထားတဲ့ ၁၄ လ အတွင်းမှာ အီရတ် ရေနံတွေကို အထိန်းအကွပ်မရှိ ရောင်းရာကနေ ဒေါ်လာ (၈၈) ဘီလီယံ ခိုးယူထားတာကို ဖုံးကွယ်ချင်လို့ မဟုတ်လား"လို့ ပြန်ပြီး မေးခွန်းထုတ်တယ်။ အဲဒီလို ပြောပြီးမှ BBC က လွှင့်တဲ သူရော ရမ်းစဖဲပါ ဆတ်ဒန်ဟူစိန်ကို ၂ ခါစီ တွေ့တာ ဖြစ်တယ် လို့ ပြောတာ ဖြစ်တယ်။

"မင်းတို့ ဗြိတိသျှအစိုးရနဲ့ အမေရိကန်အစိုးရတွေ၊ စီးပွားရေးသမားတွေက သေနတ်တွေ၊ အဆိပ်ဓာတ်ငွေ့တွေ ဆတ်ဒန်ဟူစိန်ကို ရောင်းနေတုန်းက ကျုပ်က ဆတ်ဒန်ဟူစိန်ကို ဆန့်ကျင်နေသူ ဖြစ်တယ်" လို့လည်း ပြောတယ်။

လွှတ်တော်အမတ်တွေ အချင်းချင်း ပြောကြတာဆိုတော့ ပညာသားပါကြပါတယ်။ သာသာနဲ့ နာနာ နှက်ကြတယ်။ ဂဲလိုးဝေး က ကိုးလ်မင်းကို ကွန်ဆာဗေးတစ်လက်သစ် neo-con စစ်မာန်တက်နေသူ လို့ ပြောတယ်။ ကိုးလ်မင်းကလည်း ဂဲလိုးဝေးဟာ လူလိမ်ပဲ လို့ ပြောတယ်။

## သတင်းသမားတွေနဲ့ တွေ့ဆုံပွဲ

ပွဲက ကြမ်းတယ်။ အငြိုးအတေးနဲ့ ပြောကြတာလို့ ထင်ရတယ်။ ဂဲလိုးဝေးကို အင်္ဂလန်မှာတုန်းက အင်္ဂလိပ်ကွန်ဆာဗေးတစ် သတင်းစာ တစောင်က လာဘ်စားတယ်ဆိုတဲ့ သတင်း ရေးဖူးတယ်။ ဂဲလိုးဝေးက အသရေဖျက်မှုနဲ့ တရားစွဲတယ်။ သူ အနိုင်ရတယ်။ လျော်ကြေးတွေ တနင့်ကြီး ရတယ်။

အဲဒီလို ဖြစ်ထားတော့ အမေရိကန်ကွန်ဆာဗေးတစ်လက်သစ် (neo-con) သတင်းသမားတွေက ဝိုင်းပြီး ဖြိ ကြတာပါ။ အပြန်အလှန် ဆဲသလို ဖြစ်သွားတယ်။

ဂဲလိုးဝေးကို "လူဆိုး လူမိုက်" လို့ ပြောရုံမက မကြားဝံ့ မနာသာ ဆဲတယ်။ ဂဲလိုးဝေးကလည်း အညံ့မခံပါဘူး။ neo-con အရူးထနေသူတွေလို့ ပြန်တွယ်တယ်။ ဘုရှ်ရဲ့ အလိုကျ လုပ်နေတဲ့ ရီပတ်ဘလစ်ကန်ပါတီဝင် ဖင်လျက်ဆားဖြူး ကော်မတီတွေလို့ ပြော သည်အထိ ကြမ်းပါတယ်။

ဂဲလိုးဝေးက အင်္ဂလိပ် လူမျိုးမဟုတ်။ စကော့

လူမျိုးလို့ သိရတယ်။ လေဘာပါတီထဲမှာတုန်းက စကော့

တလန်က အမတ်ပါပဲ။ ၂၀၀၃ ခုနှစ်မှာ ဘလဲကို ဝေဖန်လို့ အထုတ်ခံရတာပါ။ သူက အီရတ်စစ်ပွဲ ဝေဖန်လို့ပါ။

မကြာခင်ကတော့ သူက **Respect** ပါတီ ထောင်ပြီး လန်ဒန်အရှေ့ပိုင်းမှာ ဝင်အရွေးခံတယ်။ လေဘာ အမတ်လောင်း လေဘာ ဝန်ကြီးကို နိုင်တယ်။

**Respect** ကို ဘယ်လို ဘာသာပြန်သလဲ မသိ ပါဘူး။ ပြည်သူ့ဆန္ဒလေးစားရေးပါတီလို့ ခေါ်ရမလား မသိပါဘူး။ အီရတ်စစ် ဆန့်ကျင်ရေးကြောင့် ရတဲ့ မဲတွေ ဖြစ်မှာပါ။

ဒီကိစ္စကို အကျယ်တဝင့် ရေးနေတာက အမေရိကန်ပေးတဲ့ "အီရတ်လွတ်လပ်ရေး" က ကျွန်တော်တို့ ရဖူးတဲ့ "ဂျပန်ပေးတဲ့ လွတ်လပ်ရေး"နဲ့ ဆင်တူနေသလားလို့ပါပဲ။ စစ်ရေးစစ်ရာမှန်သမျှ၊ အရေးကြီး ဆုံးဖြတ်ချက် မှန်သမျှ ဂျပန်က ဆုံးဖြတ်တယ်။ နေရာကောင်းမှန်သမျှ၊ အချက်အချာ နေရာမှန်သမျှ ဂျပန်က သိမ်းထားတယ်။ "လွတ်လပ်တဲ့" ဗမာအစိုးရက ချေးတပ်ဆွဲပေးရတယ်။ ချောင်တချောင်မှာ ရုံးထိုင်ရတယ်။ အဲဒီဘဝကို ပြန်တွေးမိလို့ပါ။ ဒါပါပဲ။ ။

"အီရတ်လွတ်လပ်ရေး" က ကျွန်တော်တို့ ရဖူးတဲ့ "ဂျပန်ပေးတဲ့ လွတ်လပ်ရေး"နဲ့ ဆင်တူနေသလားလို့ပါပဲ။

# ဆီးတိုး(SEATO) နဲ့ အာဆီယံ(ASEAN

ကြည်စင်လှိုင်

(၁)

ဆီးတိုးက မရှိတော့ပါဘူး။ ဒါပေမဲ့ ရှမ်းပြည်က နိုင်ငံရေးအင်အားစုတွေကို နှိမ်နင်းချင်တိုင်း၊ စစ်အာဏာ သိမ်းတာကို တရားတယ်လို့ အကြောင်းပြချင်တိုင်း စစ်အုပ်စုက ထုတ်ထုတ်ပြီး သုံးလွန်းလို့ သူ့ကို ထည့် တာပါ။ ၁၉၅၄ က စဖွဲ့ပေမယ့်ဘယ်တုန်းက ဖျက်သိမ်းတယ် မသိပါဘူး။ အလိုလို ပျက်သွားတာ တောင် ဖြစ်မှာပါ။

အာဆီယံနဲ့လည်း ဆီးတိုးကို အဆက် အစပ် ရှိတယ် ပြောရင် ရပါတယ်။ ဒါကြောင့် သူ့ကို ရှေ့တင် ထားတာပါ။ ဆီးတိုးမှာ အမေရိကန်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဩစတြေးလျ စတာတွေ ပါနေတယ်။ အရှေ့ တောင် အာရှကဆိုရင် ၂ နိုင်ငံပဲ ပါတယ်။ ထိုင်းနဲ့ ဖိလစ်ပိုင်။ နေတိုးရဲ့ ညီငယ်ပါ။ ဆီးတိုးက သေပေမယ့် နေတိုးက ရှင်နေရုံမက ရှေ့သို့ တတိုးတည်း တိုးနေပါ တယ်။

ဆီးတိုးက အမေရိကန်ရဲ့ ဗီယက်နမ် စစ်အတွက် ပြင်တာပါ။ အာဆီယံက ဗီယက်နမ်စစ် ပြင်းထန်နေတုန်းပေါ်တာ ဖြစ်ပါတယ်။

အာဆီယံက ၁၉၆၇ မှာ ဖွဲ့တာ။ စီးပွားရေး ဖောင်းပေးတဲ့ အဖွဲ့လို့တော့ ပြောပါတယ်။ မဟုတ်ပါဘူး။ ပါတဲ့ နိုင်ငံတွေက အားလုံး အမေရိကန်ရဲ့ လက်ဝေခံ၊ လက်ဝေခံတပိုင်းတွေပါ။ အားလုံးကလည်း တကယ့် အရှေ့တောင်အာရှကချည်းပါ။ ဗီယက်နမ်စစ်ရဲ့ နောက်ပိုင်းစခန်း အဖြစ် အသုံးချခံရတာပါ။

အာဆီယံက နောက်ကျတော့ ဘဝပြောင်း လာလိုက်တာ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဗမာတို့ ပါလာတယ်။ အမေရိကန်နဲ့ ကင်းကွာ၊ တရုတ်နဲ့ နီးစပ် ဖြစ်လာတယ်။ အခုတော့ အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ ဗမာပြည်လုပ်သင့် မသင့် အငြင်းပွားနေကြပြီ။ အမေရိကန်ကလည်း ဗမာသာ ဥက္ကဋ္ဌလုပ်ရင် သပိတ်မှောက်မယ် ဖြစ်နေတယ်။ အဲဒီလို ဖြစ်လာတော့ ဥက္ကဋ္ဌလုပ်ရေး သဘောတူသူနဲ့ မတူသူ ကွဲနေသလိုလို ပြောသံကြား ရပါတယ်။ မီဒီယာတွေက ဘက်လိုက်ပြီး တစိတ် တအိတ်လုပ်ပြီး ပြောတတ်လွန်းလို့ ကြားရတယ်လို့ပဲ ရေးပါတယ်။

သဘောမတူသူတွေအားလုံးက တရုတ် ပြည်နဲ့ ဝေးဝေး–ရေမြေတကြောတည်း မဟုတ်သူတွေ ဖြစ်နေကြပြီး၊ သဘောတူသူတွေက တရုတ်ပြည်ရဲ့ အိမ်နီးချင်းတွေ ရေမြေတကြောတည်း နေသူတွေ ဖြစ်နေတာ တွေ့ရပါတယ်။

သဘောမတူသူတွေ ( မလေးရှား အပါအဝင်) အားလုံးက သမုဒ္ဒရာ ၂ စင်းရဲ့ နိုင်ငံတကာ့ ရေကြောင်းမှာ ရှိနေတာလည်း တွေ့ရပါတယ်။

ဒီအချက်တွေကို ကြည့်လိုက်ရင် စစ်ရေး အမြော်အမြင်နဲ့ ကိုယ့်အမျိုးသားအကျိုးစီးပွား အခြေခံပြီး ရပ်တည်ကြတာလို့ သတ်မှတ်နိုင်ပါတယ်။ အမျိုးသား အကျိုးစီးပွား အမြော်အမြင်၊ စစ်ရေး အမြော်အမြင် မရှိတာက ဗမာတပြည်တည်း ရှိပါတယ်။ အလှည့် ကျ ဥက္ကဋ္ဌအသေအလဲ ဖြစ်ချင်နေပါတယ်။ အဲဒါက စစ်အုပ်စု အကျိုးစီးပွားကြည့်ပြီး ဖြစ်ချင်နေတာပါ။ တိုင်းပြည် ဘာဖြစ်ဖြစ် ဥက္ကဋ္ဌ ဖြစ်ဖို့ပဲ အရေးကြီးနေပါတယ်။ ဘာကြောင့်လဲ။

(၂)

ဥက္ကဋ္ဌ မလုပ်လိုက်ရရင် သန်းရွှေရဲ့ “တပ်မတော်နေ့ မိန့်ခွန်း” ရေစုန်မျောမှာပါ။ ဒို့လုပ်နေတာတွေ နိုင်ငံတကာက လက်ခံနေပြီ ဆိုတဲ့ စကားကို ဖျက်သလို

ဖြစ်သွားမှာပါ။ သန်းရွှေမှာ အာဏာအမွေ ပေးရေး အခက်အခဲနဲ့ စစ်တပ်ကြီးကို ငြိမ်အောင် ထိန်းဖို့ အခက်အခဲ အဲဒီအခက်အခဲ ၂ ခု ရှိပါတယ်။

က။ အာဏာအမွေခံရွေးရေးကိစ္စက ထိပ်ပိုင်းက ပဋိပက္ခပါ။

ခ။ စစ်တပ်ကြီး ငြိမ်အောင်ထိန်းဖို့က တပ်တွင်းက အမြော်အမြင်ရှိတဲ့ တပ်မှူးတပ်သားတွေနဲ့ ဖြစ်တဲ့ ပဋိပက္ခပါ။ NLD နဲ့စေ့စပ်လိုက်ရင် အာဆီယံ ဥက္ကဋ္ဌနေရာကို ကန့်ကွက်သူမရှိ၊ ရနိုင်နေတာပဲ။ ဘာ ကြောင့် NLD နဲ့ မစေ့စပ်ချင်တာလဲလို့ အမြော်အမြင် ရှိတဲ့ တပ်မတော်သားတိုင်းက မေးနေတဲ့ ကိစ္စပါ။

(က) နဲ့ (ခ) က တခုကို လုပ်ရင် တခုကို ပယ်ရမှာပါ။ NLDနဲ့ စေ့စပ်ရင် အာဏာ အမွေပေးရေး ကိစ္စ မရှိတော့ပါဘူး။ အာဏာအမွေပေးရေးကိုပဲ လုပ်ရင် NLD နဲ့ စေ့စပ်လို့ မဖြစ်ပါဘူး။ လူငယ် ခြေသွက်တွေက ခြေသွက်ရာကနေ ပလ္လင်ပေါ် တပိုင်း ရောက်နေပါပြီ။ NLD နဲ့ စေ့စပ်ရင် သန်းရွှေရော မောင်အေး ပါ ပလ္လင်ပေါ်က ကန်ချခံရမှာပါ။

(၃)

အာဆီယံ ဥက္ကဋ္ဌနေရာက ASEAN ထဲ စေ့စပ်လိုက်မယ့် ကိစ္စပါ။ ဒီလုပ်နည်းကို ASEM တုန်းက တခါ လုပ်ဖူးပါတယ်။ အာဆီယံ ဘောလုံးပွဲတုန်းက ဖြေရှင်းနည်းလည်း လုပ်ဖူးပါတယ်။ ထွက်လမ်းတွေက များပါတယ်။ အဲဒီအတွက်တော့ ခေါင်းအခြေခံ စဉ်းစားမနေသင့်ပါဘူး။ ။

**ဘာကြောင့် NLD နဲ့ မစေ့စပ်ချင်တာလဲလို့ အမြော်အမြင် ရှိတဲ့ တပ်မတော်သားတိုင်းက မေးနေတဲ့ကိစ္စပါ။**

ရဲဘော်–မရှုယဉ်

# ဂျပန်ဘယ်လဲ

**“ပြည်သူအပေါင်းတို့ နိုးနိုးကြားကြား ရှိကြလော့”**

ယခုတလော နိုင်ငံတကာ သတင်းများကို နားထောင်ရင်း အထက်ပါစကားပိုဒ်ကို မကြာခဏ သတိရနေမိပါတယ်။

ဒီစကားရပ်ဟာ ၁၉၄၃ ခုနှစ်၊ ဂျာမန်နာဇီများရဲ့ ဂက်စတာပို အကျဉ်းစခန်းမှာ ဖမ်းဆီးနှိပ်စက်၊ နောက်ဆုံးအသက်ပါ ခံသွားရတဲ့ ချက်နိုင်ငံသား၊ ချက်ကွန်မြူနစ်ပါတီခေါင်းဆောင်နဲ့ သတင်းစာ အယ်ဒီတာ ဂျူးလိယက်ဖူးချက်ရဲ့ ကျော်ကြားလှတဲ့ “ကြိုးစင်ပေါ်မှ ပေးစာများ” စာအုပ်ရဲ့ နောက်ဆုံး ပိုဒ်ကလေး ဖြစ်ပါတယ်။ သူက သူ့နိုင်ငံနဲ့ နိုင်ငံသား များအပေါ် ခေးမိုးအုပ်ချုပ်နေတဲ့ ဂျာမန်ဖက်ဆစ် နာဇီများအပေါ် ဆန့်ကျင်တော်လှန်ရင်း အဖမ်းခံရသူပါ။ သူက ကြိုးစင်ပေါ် မတက်ခင် သူ့နိုင်ငံသားများကို မှာကြားသတိပေးသွားတဲ့ စကားရပ်ကလေးပါ။ ဖက်ဆစ် ဆန့်ကျင်ရေးအုံကြွမှုများ အတွက် အလွန်ထိရောက်တဲ့ စကားများလည်း ဖြစ်ခဲ့ပါတယ်။

*****

ယခုတလော ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေး လုပ်ရှားမှုများအကြားမှာ လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေး ပါဝင်နေလို့ အဲဒီ ကြီးတကြီး နေရာရရေး ကမ္ဘာ့နိုင်ငံအတော်များများ သွက်သွက်လက်လက် လှုပ်ရှားနေတာ တွေ့ရပါတယ်။ ဒီအထဲမှာ ဂျပန်နိုင်ငံလည်း ပါဝင်ပါတယ်။

စီးပွားရေးအရ ကမ္ဘာပေါ်မှာ အမေရိကန်နိုင်ငံပြီးရင် ဒုတိယလိုက်နေတဲ့ စီးပွားရေးအရ အင်အားကြီးနိုင်ငံတနိုင်ငံ ဖြစ်လာနေတဲ့ ဂျပန်အဖို့ နိုင်ငံရေးအရလည်း အင်အားကြီးနိုင်ငံတရပ် ဖြစ်ချင်လာတာဟာ သဘာဝကျတာမို့ ဘာမှ ပြောစရာမရှိလှပါဘူး။

ဒါပေမဲ့ နိုင်ငံရေးအရ အင်အားကြီးနိုင်ငံတရပ် ဖြစ်ဖို့ဆိုတာဟာ တာဝန်ယူမှုအပိုင်းနဲ့လည်း သက်ဆိုင်ပါတယ်။ နိုင်ငံတကာ့ ပတ်ဝန်းကျင်ရဲ့အမြင်မှာ လက်ခံနိုင်လောက်တဲ့ အရည်အချင်း အရည်အသွေးနဲ့ ဂုဏ်သိက္ခာတွေ ရှိဖို့ လိုပါတယ်။ ငွေကြေးချမ်းသာတိုင်း နိုင်ငံရေးအရ ဩဇာကြီးနိုင်တာ မဟုတ်ပါ။

ဂျပန်ဟာ တဖက်ကလည်း နိုင်ငံတကာ့ အဝန်းအဝိုင်းမှာ ဩဇာကြီးမားလာရေးအတွက် ကြိုးစားပြီး လုပ်ဆောင်နေပါတယ်။ ငွေရေးကြေးရေး တတ်နိုင်သူဖြစ်တော့ ‘အိုဒီအေ’ ဆိုတဲ့ နိုင်ငံရပ်ခြား အကူအညီ ချေးငွေများဆိုတဲ့ ခေါင်းစဉ်အောက်မှာ နိုင်ငံတော်တော်များများကို ကူညီထောက်ပံ့နေတာပါ။ အထူးသဖြင့်ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန် ဖက်ဆစ်ဝါဒရဲ့ ဒုက္ခသုက္ခတွေကို နက်နက်နဲနဲ ခံခဲ့ရတဲ့ နိုင်ငံ

များက ဂျပန်စစ်လျော်ကြေးဆိုတဲ့ ဂျပန်အတွက် ထိခိုက်နစ်နာနိုင်တဲ့ စကားလုံးအစား 'အိုဒီအေ' ဆိုတဲ့ စကားလုံးနဲ့ ချေးငွေများကို ကျေကျေနပ်နပ်လက်ခံခဲ့ကြတာပါ။ ဒီ'အိုဒီအေ' ဆိုတဲ့ စကားလုံးဟာ ဂျပန်အတွက်ရော၊ ချေးငွေလက်ခံရရှိတဲ့ နိုင်ငံများအတွက်ပါ လျော်ကန်သင့်တော်တဲ့ စကားလုံးပါ။

ဒါကြောင့်ပဲ ဒီချေးငွေများ ရခဲ့တဲ့ နိုင်ငံများက ဂျပန်ကို ကျေးဇူးတင်ခဲ့ကြပါတယ်။ မိမိတို့ နိုင်ငံရဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများမှာ အလွန်အရေးပါတဲ့အခန်းများက ပါခဲ့တယ်လို့လည်း ဆိုခဲ့ကြပါတယ်။

ဂျပန်ဟာ တဖက်က အဲသလို ငွေကြေးအရ ရက်ရက်ရောရော ထောက်ပံ့နေပေမယ့် တဖက်ကလည်း မသင့်တော်တာတွေ လုပ်ဆောင်လာလို့ သူ့အိမ်နီး နားချင်း နိုင်ငံများက စိတ်မသက်မသာ ဖြစ်လာရပြန်ပါတယ်။ အထူးသဖြင့် လက်ရှိဝန်ကြီးချုပ် ကိုအီဇိုမီလက်ထက်မှာ ပိုမိုဆိုးဝါးလာနေပါတယ်။ ရာစုကူနီ နတ်ဘုရားကျောင်းကို ကြိမ်ဖန်များစွာသွားရောက် ဂါရဝပြုမှု၊ ဂျပန်ကျောင်းများမှာ သင်တဲ့ သမိုင်းစာအုပ်များမှာ ဒုတိယကမ္ဘာစစ်အတွင်းက လုပ်ဟန်များကို အမှန်အတိုင်း မရေးဘဲ ပြင်ဆင်ရေးသားမှု၊ ဖွဲ့စည်းအုပ်ချုပ်ပုံကို ပြင်ပြီး နိုင်ငံရပ်ခြားများကို ဂျပန်စစ်သားများ ပို့လွှတ်နေမှု၊ စတာတွေဟာ ရင်လေးဖွယ်ရာ ကိစ္စများဖြစ်ပြီး အကျိုးဆက်များဟာ ကောင်းမွန်စရာမရှိဘူးလို့ ဘေးပတ်ဝန်းကျင်နိုင်ငံများက တွက်ဆလာကြပါတယ်။

ခံမှန်ဖူးတဲ့ စာသူငယ်လို ဂျပန်ဖက်ဆစ်ဝါဒရဲ့ ဘေးဒုက္ခကြီးကို နင့်နင့်နဲနဲ ခံခဲ့ရတဲ့ အာရှနိုင်ငံများအဖို့ စိုးရိမ်မယ်ဆိုလည်း စိုးရိမ်စရာပါပဲ။ ရာစုကူနီ ဘုရားကျောင်းဆိုတာ ဂျပန်များရဲ့ ရှေးဟောင်းသူရဲကောင်းများ၊ နိုင်ငံအတွက် အသက်စွန့်လွှတ်သွားတဲ့ အာဇာနည်များကို မြှုပ်နှံသင်္ဂြိုဟ်ထားပြီး နတ်ဘုရားကျောင်းအဖြစ်တည်ထားကိုးကွယ်ထားတာပါ။ ဒါကို ဂျပန်လူမျိုးများအနေနဲ့ ကျေးဇူးရှင်များအဖြစ် သဘောထားကာ ဂါရဝပြုတာဟာ ပူဇော်ထိုက်သူကို ပူဇော်တာဖြစ်တဲ့အတွက် ပြောစရာမရှိပါ။ ဗမာပြည်က ဒုတိ ယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ကိုသွား စစ်ပညာသင်ခဲ့ကြတဲ့ ရဲဘော်သုံးကျိပ်ဝင်တွေ၊ မင်္ဂလာဒုံ စစ်တက္ကသိုလ်ဆင်း ဂျပန်ပညာတော်သင်တွေ အားလုံး တိုကျိုမြို့ကို အရောက်မှာ အဲဒီဘုရားကျောင်းသွား ဂါရဝပြုရတယ်လို့ သူတို့ မှတ်တမ်း မှတ်ရာများမှာ တွေ့ရပါတယ်။

ဒီလို လုပ်ရိုးလုပ်စဉ် ရှေးရိုးဂျပန်ဓလေ့တခု ပြောစရာဖြစ်လာရတာကတော့ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နန်းရင်းဝန်ဖြစ်ခဲ့ပြီး ဂျပန်တပြည်လုံးကို စစ်ဝါဒီသွင်းခဲ့တဲ့ စစ်တရားခံ တိုဂျိုအပါအဝင် အဆင့်မြင့်စစ်ရာဇဝတ်ကောင်အများအပြားကိုပါ အဲဒီမှာ ရောနှောမြှုပ်နှံထားပြီး သူတို့တတွေအားလုံးဟာ ဂျပန် သူရဲကောင်းများနှင့်အတူ ဂါရဝပြုခံနေတဲ့အတွက် ဖြစ်ပါတယ်။ ဒီရာဇဝတ်ကောင်တွေကို အလေးပြုနေတာဟာ ဘာအဓိပ္ပာယ်လဲ။ ဘာရည်ရွယ်ချက်လဲ။ တခြားအိမ်နီးချင်းနိုင်ငံတွေက စိတ်ထိခိုက်လှတဲ့ ဒီဖြစ်ရပ်ကို ဘာကြောင့် ဂျပန်ဝန်ကြီးချုပ်အပြင် တခြားဂျပန်ဝန်ကြီးများ အမတ်များက အကြိမ်ကြိမ်လုပ်ဆောင်နေကြတာလဲ။ ဒါတွေဟာ မေးစရာတွေ ဖြစ်လာပါတယ်။

တခါ ကျောင်းသုံးသမိုင်းစာအုပ်ကိစ္စကလည်း မသေးလှပါဘူး။ ဂျပန်ပြည်မှာ ၄ နှစ်တကြိမ် ကျောင်းသုံးစာအုပ်များကို ပြုပြင်၊ ပြင်ဆင်၊ တည်းဖြတ်လေ့ရှိပါတယ်။ တခါ ပြင်ဆင်ပြုပြင်တိုင်း သမိုင်းကို တခါ ပြင်ရေးသားလာနေတာတွေဟာ အတော့်ကို မကောင်းတဲ့ ကိစ္စပါ။ အခုနောက်ဆုံး ပြင်ဆင်လိုက် တဲ့ကျောင်းသုံး စာအုပ်မှာဆိုရင် ကိုရီးယားကို ဂျပန်ဝင်ရတာဟာ (ကျူးကျော်တယ် ဆိုတဲ့ စကား မသုံးပါဘူး။) ကိုရီးယားတွေရဲ့ တောင်းပန်မှုကြောင့် ဖြစ်ရတယ်။ ဒ့ါအပြင် ဂျပန်က ကိုရီးယားမှာ အခြေခံအဆောက်အအုံတွေ တည်ဆောက်ပေးခဲ့လို့ ဒီနေ့ ကိုရီးယား ကြီးပွားချမ်းသာနေတာလို့ ဆိုထားပါတယ်။ တရုတ်ပြည်ရဲ့ နန်ကင်းလူသတ်ပွဲကိုလည်း နန်ကင်း အဖြစ်အပျက်လို့ ပြင်ဆင်သုံးနှုန်းထားပြီး စစ်အတွင်း ဗယောက်ဗယက် ဖြစ်မှုများလို့သာ သိမ်းကျုံးရေးထားပါတယ်။

သမိုင်းဆိုတာ လူမျိုးတိုင်းမှာ ရှိပါတယ်။ နောက်မျိုးဆက်တွေကိုလည်း မိမိတို့ရဲ့ သမိုင်းနောက်ခံကို သိဖို့ သင်ကြားပေးရပါတယ်။ ဒါမှသာ ဒီခေတ်လူငယ်တွေဟာ သမိုင်းအမှန်ကို သိရှိပြီး ရှေ့ဘယ်လို ခြေလှမ်းသင့်တယ်ဆိုတာကို တွေးခေါ်မြော်မြင် နိုင်မှာပါ။ မိမိတို့မှာ ဘာအားကောင်းချက်တွေရှိခဲ့တယ်၊ ဘာ အားနည်းချက်တွေ ရှိခဲ့တယ်ဆိုတာကို သိပြီး ဒါတွေကို ဘယ်လိုတိုးပွားမလဲ၊ ဘယ်လို ပြုပြင်မလဲဆိုတာကို သိရှိနိုင်တာပါ။ ဂျပန်ကလူတွေဟာ သမိုင်းကို ဘာလို့ ဖုံးကွယ်ချင်

နေတာလဲ။ ဘာလို့ (ဂျာမဏီလို) မိမိတို့အမှားတွေကို ဝန်မခံနိုင်ရတာလဲ။ ဒါဟာ ရှင်းနေပါတယ်။ သူတို့တတွေဟာ ဒါတွေကို အမှားတွေလို့ မမြင်ကြပါဘူး။ ဒါမျိုးတွေနောက်တကြိမ်ထပ် ကျူးလွန်နေချင်သေးလို့ပါ။ ဒါကြောင့် ဒီအမှားတွေကို အမှားလို့ မမြင်အောင်၊ သနပ်ခါး လိမ်းပေးနေကြတာပါ။

ဒါကြောင့်ပဲ ဒီသမိုင်းစာအုပ်ထွက်လာတော့ တောင်ကိုရီးယားမှာရော၊ တရုတ်ပြည်မှာပါ ကန့်ကွက်ဆန္ဒပြမှုတွေ ပေါ်ထွက်လာတာပါ။ ဒါကို ဂျပန် က သူတို့အနေနဲ့ အမျိုးသားရေးအတွက် ပညာပေးရ တာလို့ ဆင်ခြေကန်ပါတယ်။ နိုင်ငံတိုင်း အမျိုးသားရေး အတွက် ပညာပေးဖို့တော့ လိုပါတယ်။ အထူးသဖြင့် နောင်လာနောက်သားတွေကို ပညာပေး သင်ကြားပေး ရပါတယ်။ ဒါပေမဲ့ ဂျပန်အနေနဲ့ အမျိုးသားရေးနဲ့ ဖက်ဆစ်ဝါဒကိုတော့ ခွဲခြားပညာပေးဖို့ လိုပါတယ်လို့ အမေရိကန် ရောက် ဗမာသမိုင်းပညာရှင် ဒေါက်တာ အေးကျော်က ဘီဘီစီ တွေ့ဆုံဆွေးနွေး ခန်းတခုမှာ ပြောကြားသွားပါတယ်။ အခုဟာက ဂျပန်က လက်ယာ ဝါဒီတွေဟာ အမျိုးသားရေးဆိုတဲ့ ဆိုင်းဘုတ်အောက်မှာ ဂျပန်ကို စစ်ဝါဒ၊ ဖက်ဆစ်ဝါဒ ပြန်သွင်းဖို့ ခြေလှမ်းတွေ လှမ်းနေတာပါ။

ဂျပန်ရဲ့ စစ်အပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအရ နိုင်ငံရပ်ခြားကို စစ်သားများ ပို့ခွင့်မရှိပါဘူး။ ဒါပေမဲ့ ဒါကို ဂျပန်ပါလီမန်က ပြင်ဆင်ပြီး နိုင်ငံရပ်ခြား ပို့လွှတ်ခွင့် ပြုလာနေပါတယ်။ ဒါဟာလည်း နိုင်ငံအများအပြား အတွက် မျက်ခုံးပင့်စရာ၊ မျက်ခုံးလှုပ်စရာပါ။

ဂျပန်တွေရဲ့ စိတ်နေစိတ်ထားအရလည်း မလုံမခြုံ ဖြစ်လာနေမှုတွေ ရှိတယ်လို့ အမေရိကန် ပညာရှင် ကန်နင်ဟန်က ပြောပါတယ်။ စစ်အေးအပြီး ကမ္ဘာ့အဖွဲ့ အစည်းများ ပြန်လည် ပြင်ဆင်ညှိနှိုင်းလာမှု၊ ဂျပန်ရဲ့ စီးပွားရေးကျဆင်းလာမှု၊ အိမ်နီးနားချင်း အာရှနိုင်ငံများ အထူးသဖြင့် တရုတ်နိုင်ငံ စီးပွားရေးအရ အောင်မြင်အားကြီးလာမှု၊ အားလုံးဟာ ဂျပန်အတွက် စိတ်မသက်သာ စရာတွေချည်းလို့ ဆိုပါတယ်။ ဂျပန်ဟာ လွန်ခဲ့တဲ့ အနှစ် ၂၀၀ အတွင်း ထိတ်ထိတ်ကြဲ နိုင်ငံဖြစ်လာခဲ့ရလို့ အခု မိမိက ဒုတိယတန်းနိုင်ငံလို့ သဘောထားခဲ့တဲ့ တရုတ်ပြည်ရဲ့ ဓနအင်အားကြီးထွားလာမှုကလည်း အတော်မခံချင်စရာ ဖြစ်လာနေတယ်လို့ ဆိုပါတယ်။

(တရုတ်ပြည် နိုင်ငံခြားရေးဌာန အာရှရေးရာဌာနခွဲ၊ ဌာနကြီးမှူး ဆွေကျန်းခိုင်က ဂျပန်တရုတ် ဆက်ဆံရေးဟာ ဂျပန်အနေနဲ့ တရုတ်ရဲ့ ငြိမ်းချမ်းစွာ ကြီးထွားလာနေမှု **peaceful rise** အပေါ် မှန်ကန်စွာ သဘောထားနိုင်–မထားနိုင်အပေါ် မူတည်ပါတယ်လို့ **CCTV** တွေ့ဆုံဆွေးနွေးခန်းတခုမှာ ပြောသွားဖူးပါတယ်။)

ဒီလို ဂျပန်လူထုရဲ့ မလုံမခြုံ ဖြစ်နေတဲ့ စိတ်ဓာတ်ကို လက်ယာသမားတွေကလည်း အစွမ်းကုန် အသုံး ချနေပါတယ်။

အဲဒီ အမေရိကန်ပညာရှင်ကပဲ ဂျပန် သတင်းမီဒီယာလောက တခုလုံး လက်ယာဘက် ရောက်နေတယ်။ စစ်အတွင်း အဖြစ်အပျက်များကို အမှန် အတိုင်း ဖော်ပြချက်များအား ပိတ်ပင်တားမြစ်တဲ့ ဆင်ဆာများနေပြီး လက်ယာအစွန်းရောက်တဲ့ အမြင်များကိုတော့ ဖော်ပြချင်တိုင်းဖော်ပြခွင့်ရတယ်လို့ ဆိုပါတယ်။ သူက ဂျပန်မှာ တနှစ်နီးပါး လေ့လာနေခဲ့တာပါ။ သူကပဲ ပြောပြတာတခုကတော့ ဂျပန်အမတ်တဦးက အစိုးရကို ဘုရားကျောင်း သွားဂါရဝပြုတဲ့ကိစ္စအပေါ် အလေးအနက် စဉ်းစားဖို့၊ အိမ်နီးချင်းနိုင်ငံများရဲ့စိတ်ကို မထိခိုက်စေဖို့၊ ပါလီမန်ထဲ ပြောဆိုအပြီးမှာပဲ သူ့အိမ်ရှေ့ လက်ယာဝါဒီများ ရောက်လာပြီး ဆူပူသရော် အော်ဟစ်တာ၊ ခြိမ်းခြောက်တာတွေလုပ်၊ မီးလောင်ဗုံးနဲ့ ပစ်တာတွေ တောင် ခံရကြောင်း၊ ဒါကြောင့် တချို့လူတွေ ကြောက်ရွံ့တွန့်ဆုတ်ကုန်ကြောင်း ပြောပြပါတယ်။

တကယ်တော့ ဂျပန်မှာ လက်ယာဝါဒီတွေ ခေါင်းထောင်ထလာတာဟာ အထူးအဆန်းတော့ မဟုတ်ပါဘူး။ ရေခံမြေခံ ရှိပြီးသားပါ။ ဒါ့အပြင် ရေမြင့်လို့ ကြာတင့် လာတာလည်း ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အပြီး ဂျပန်စစ်ဝါဒီများ လက်နက်ချပြီးကတည်းက ဂျပန်ကို တက်ရောက် သိမ်းပိုက်ခဲ့တဲ့ အမေရိကန်များရဲ့ သေနင်္ဂဗျူဟာ အကွက် အရ ဂျပန်လက်ယာဝါဒီများကို နေရာပေး မွေးခဲ့တာပါ။ နာမည်ဆိုးလှတဲ့ လူအချို့ကိုသာ ယာဇ်ပူဇော်ခဲ့ပြီး ကျန် လက်ယာသမား စစ်ဝါဒီများကို လွတ်ငြိမ်းခွင့်ပေး ခဲ့ကာ နောက်ပိုင်း နိုင်ငံရေးနယ်ပယ်ထဲ ဝင်ရောက်လာနိုင်အောင် ပံ့ပိုး ပေးခဲ့ပါတယ်။ အဲဒီတုန်းက လှိုင်းလုံးကြီးနေခဲ့တဲ့ ကွန်မြူ နစ်ဝါဒကို ကာကွယ်ဖို့လို့လည်း အမေရိကန် တွေက အကြောင်းပြခဲ့ပါတယ်။

စစ်အေးတိုက်ပွဲကာလအတွင်းမှာတော့ ဂျပန်နိုင်ငံရေးမှာလည်း လက်ဝဲသမားများကလည်း အင်အားကြီးနေလို့ လက်ယာသမားတွေကို တစုံတရာ ထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ စစ်အေးတိုက်ပွဲ ပြီးသွားတဲ့ အခါမှာတော့ လက်ဝဲဝါဒဟာလည်း အားနည်းသွားတာကြောင့် ဂျပန်လက်ယာဝါဒီများ ပိုမို အင်အားတောင့်တင်းလာခဲ့ပါတယ်။ ဒ့ါအပြင် စက်တင်ဘာလ ၁၁ ရက် အရေးအခင်း အပြီးမှာတော့ ဂျပန်လက်ယာသမားတွေ ပိုမိုသောင်းကျန်းလာတာ တွေ့နိုင်ပါတယ်။

သူတို့က ကမ္ဘာကြီးဟာ ကာလရှည်ကြာ ဝန်ရိုးစွန်းတခုတည်းရှိတဲ့ Unipolar ကမ္ဘာ့စနစ် ဖြစ်နေလိမ့်မယ်လို့ ယုံကြည်နေကြတယ်။ ဒါကြောင့် ကမ္ဘာ့ တခုတည်းသော အင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန်များက မိမိတို့ကို ထောက်ခံအားပေးနေသရွေ့ မိမိတို့ဘာမှ မှုစရာမလိုဘူးလို့ ထင်နေကြတာပါ။ ဒ့ါအပြင် အခုနောက်ဆုံး သူတို့ရဲ့ လှုပ်ရှားမှုတွေ ဖြစ်တဲ့ တောင်ကိုရီးယားနဲ့ သူပိုင်ကိုယ်ပိုင် အငြင်းပွားနေတဲ့ ကျွန်းတကျွန်းကိစ္စ၊ တရုတ်ပြည်နဲ့ မပြတ်သေးတဲ့ နယ်မြေနားရေနံနဲ့ သဘာဝဓာတ်ငွေ့တွေ ရှာမယ်ဆိုတဲ့ ကိစ္စတွေအားလုံးဟာ ဂျပန်တွေအနေနဲ့ တမင်အစီအစဉ် ရှိရှိလုပ်နေဟန်ရှိပါတယ်။ ဒီအာရှအရှေ့ ဖျားဒေသမှာ ပူပူညံညံ ဖြစ်နေမှုက အမေရိကန်တို့ရဲ့ အာရုံကို ဆွဲဆောင်နေဟန်ရှိပါတယ် လို့ တရုတ်စစ်ရေးစစ်ရာ ဆိုင်ရာ ဝေဖန်သူ ဖန်ကျင့်ချောင်းက ဆိုပါတယ်။ ဒါမှသာ အမေရိကန်တွေရဲ့ အကာအကွယ် ထီးရိပ်ကို ခိုနိုင်မှာ လို့လည်း ဆိုပါတယ်။

အမေရိကန်အနေနဲ့လည်း ဒီမိုကရေစီစကား၊ လူ့အခွင့်အရေး စကားများကို မပြတ် ပြောနေရလို့ (သမ္မတဘုရှ်ရဲ့ ဒုတိယသမ္မတသက်တမ်း ကျမ်းသစ္စာဆိုပွဲမှာ ၂၁ မိနစ်ကြာ မိန့်ခွန်းပြောကြားခဲ့ရာ လွတ်လပ်ရေး Freedom ဆိုတဲ့စကား ၄၂ ကြိမ်ပါခဲ့ ပါတယ်။) နေရာတိုင်း ကိစ္စတိုင်းမှာ ဝင်ပါလို့ မဖြစ်နိုင်တဲ့ ကိစ္စတွေရှိပါတယ်။ ဒါအတွက် ဒေသအသီးသီးမှာ လက်ထောက်လူမိုက်လိုပါတယ်။ အာရှအတွက်တော့ ဂျပန်ဟာ အလွန်သင့်တော်ကောင်းမွန်တဲ့ အမေရိကန်ရဲ့ ကိုယ်စားလည်ကြီးပါ။

**အာရှသားများ နိုးနိုးကြားကြား ရှိကြလော့။**

**အာရှသားများ**
**နိုးနိုးကြားကြားရှိကြလော့။**

# ပါလက်စတိုင်းက မာမူအဘတ်စ်အကြောင်း

သစ်ဦးဆွေ

အဘတ်စ်ကို အဘူမေဇင်လို့လည်း လူသိများပါတယ်။ "မေဇင်ရဲ့အဖေ"လို့ အဓိပ္ပာယ်ရတဲ့အမည်ပါ။ အစ္စရေးမြောက်ပိုင်း Safed မြို့မှာ ၁၉၃၅ ခုနှစ်က မွေးတယ်။ ၁၃ နှစ်သားမှာ ၁၉၄၈ အာရတ်–အစ္စရေးလ် စစ်ပွဲကြောင့် တခြားသိန်းပေါင်းများစွာသော ပါလက်စတိုင်းသားများလိုပဲ ထွက်ပြေးရတယ်။ ဒုက္ခသည်အဖြစ် ဆီးရီးယားကို ရောက်သွားတယ်။ ၁၉၆၀ ခုနှစ်များမှာ အာရဖတ်နဲ့အတူ ဖာတာ Fatah အဖွဲ့ကို ဖွဲ့တယ်။ ဖာတာအဖွဲ့ဟာ PLO ရဲ့ အခြေခံပါပဲ။ PLO မှာ ခေါင်းဆောင်ဖြစ်နေပေမယ့် သူဟာ တိုက်တဲ့ခိုက်တဲ့ အလုပ်တွေနဲ့ ခပ်ကင်းကင်းနေတယ်။ တခြားခေါင်းဆောင်တွေလိုလည်း စစ်ယူနီဖောင်း ဘယ်တော့မှ မဝတ်ပါဘူး။ ဥရောပ ဝတ်စုံပဲ ဝတ်ပါတယ်။ အစ္စရေးလ်ကို ပြောက်ကျားတိုက်ပွဲ တိုက်နေစဉ် ၁၉၇၀ နှစ်များ တုန်းကတောင်မှ သူဟာ အစ္စရေးလ်တွေနဲ့ ချစ်ချစ်ကြည်ကြည် ဆက်ဆံနေခဲ့ပါတယ်။ " Oslo ငြိမ်းချမ်းရေး သဘောတူချက်" ၁၉၉၃ မှာ လက်မှတ်ထိုးနိုင်တာမှာ သူရဲ့ ကြိုးပမ်းမှု ပါဝင်ပါတယ်။ လက်နက်ကိုင်တိုက်ပွဲ(A/S ) တိုက်တာ မှားတယ်ဆိုတဲ့အထိ တလောက ပြောထွက်လာပါတယ်။ အမေရိကန် ကြိုက်အောင် ပြောလိုက်တဲ့စကားပါ။

အာရာဖတ် ကွယ်လွန်ပြီးတော့ သူဟာ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ရဲ့ သမ္မတ အရွေးခံရပါတယ်။ အစ္စရေး ဝန်ကြီးချုပ် (ရှရွန်) နဲ့ အခုတော့ စေ့စပ်တာ လုပ်နေပါတယ်။ ဘာဖြစ်လာမလဲဆိုတာတော့ စောင့်ကြည့်ရမှာပါ။ သူက အာရဖတ် လက်ထက်မှာ ဝန် ကြီးချုပ် ခဏလုပ်ဖူးပါတယ်။ အာရဖတ်နဲ့ အဆင်မပြေလို့ နုတ်ထွက်လိုက်ပါတယ်။ အဲဒီဝန်ကြီးချုပ်လုပ်နေတုန်းက သူ့ကို ရှရွန်က "အမွေးအတောင် မစုံသေးတဲ့ ငှက်ပေါက်ကလေး"လို့ နှိမ့်ချ ပြောဖူးပါတယ်။ အခုတော့ အမွေးအတောင် စုံနေပါပြီ။

အမေရိကန် (ဘုရှ်)ကလည်း သူ့ကို အားပေးပါတယ်။ သူတို့ ချမှတ်ထားတဲ့ လမ်းပြမြေပုံ အောင်မြင်တော့မယ်လို့ ထင်ပါတယ်။ အမေရိကန်က ခပ်ပြတ်ပြတ် အီရတ်မှာ စစ်တိုက်ပြလိုက်လို့ အာရတ်တွေ ဖြုံသွားပြီ၊ တို့ကို မလွန်ဆန်ရဲတော့ဘူးလို့ ဖွင့်မပြောရုံတမယ်ပဲ ပြောကြဆိုကြပါတယ်။

အီရတ်စစ်ပွဲ ၂ နှစ်မြောက် လန်ဒန်က စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲမှာ အီရတ်တွေ တသိန်းကျော် သေပြီလို့ ဆိုပါတယ်။ ဒီသေနှုန်းအတိုင်းဆိုရင် ဗီယက်နမ်စစ်ပွဲရဲ့ စံချိန်ကို ချိုးတာပါပဲ။ ဗီယက်နမ်စစ်သေနှုန်းက ၁ း ၇၀ ပါ။

အမေရိကန်တယောက်သေရင် အီရတ်၁၀၀လောက် သေနေရတယ်လို့ ယူဆနိုင်ပါတယ်။

လူသားတွေအားလုံးသေရမှာ ကြောက်ပါတယ်။ ဒါပေမဲ့ "သေသော်မှတည့်၊ ဩော် ကောင်း၏"ဆိုတဲ့ အခြေအနေမျိုးဖြစ်လာရင် အသက်စွန့်ရမှာ မကြောက်တဲ့သူတွေ ပေါ်ပါတယ်။ ထားရာနေ၊ စေရာသွား၊ ထောင်ထဲပို့လည်း ခံ၊ ပြုသမျှ ခံနေရတဲ့ ဘဝနဲ့ အသက်'ရာကျော်'ရှည်နေရတာထက် မတ်မတ်ရပ်ပြီး တရက်နေရတာက မြတ်တယ်လို့ ထင်သူတွေလည်း ရှိတတ်တာပါပဲ။ အမေရိကန်တွေလည်း တခါကတော့ "သေခြင်းကို ပေးပါ" ကျွန်ဘဝတော့ မနေပါရစေနဲ့လို့ ပြောခဲ့ရတာပဲ မဟုတ်လား။

အဘတ်စ်ကို သူယုံကြည်တဲ့ " ငြိမ်းချမ်းစွာ ဖြစ်ပေါ်ရေး" ပါလက်စတိုင်းတွေက ပေးထားပါတယ်။ ဘယ်လောက် လုပ်နိုင်မလဲ စောင့်ကြည့်ရမှာပါ။ မလုပ်နိုင်ရင် ပါလက်စတိုင်းပြည်သူတွေက တခြားရွေးလမ်းကို ရွေးလာကြရမှာပါပဲ။ ။

# ကျောက်ဇီယန်၊ ထိုင်ဝမ်၊ ဂျပန်

(ရဲဘော် တင်ဦး)

**<u>ကျောက်ဇီယန်</u>**ကွယ်လွန်တော့ တရုတ် ပြည်မှာ ရုတ်ရုတ်သဲသဲများ ဖြစ်မလားလို့ တချို့က မျှော်ကြတယ်။ ဘာမှ ဖြစ်မလာတော့ စိတ်ပျက်ကြတယ်။ ကျောက်ဇီယန်နဲ့ ဂေါ်ဘာချော့ အတွေးအခေါ်ချင်း တူကြပေမဲ့ အခြေအနေချင်းမတူတာ သူတို့ မသိ ဘူး။ ဂေါ်ဘာချော့ ခေါင်းဆောင် ဖြစ်တော့ ဆိုဗီယက်ပါတီထဲမှာ အောက်တိုဘာတော်လှန်ရေးမျိုးဆက်ထဲက ခေါင်းဆောင် မရှိတော့ဘူး။ ဂေါ်ဘာချော့ စိတ်ကူးပေါက်ရာ လျှောက်လုပ်ခွင့် ရတယ်။ အဲဒီလိုနဲ့ ထိန်းမနိုင် သိမ်းမရ ပြိုကျတာပါ။ တရုတ်ပြည်မှာက တရုတ်တော်လှန်ရေး ပထမမျိုးဆက် ခေါင်းဆောင်တွေ ရှိနေတယ်။ ကျောက်ဇီယန် စိတ်ကူးပေါက်ရာ လုပ်ခွင့်မပေးဘူး။ ဒါကြောင့်ပဲ ဆိုဗီယက်ပါတီ အကျနာသလို တရုတ်ပါတီ အကျမနာတာပါ။

မာ့က်စ်ဝါဒသဘောတရားကို မျက်မှောက်တည်ရှိနေတဲ့ လက်တွေ့နဲ့ ပေါင်းစပ်ဖို့ ကြိုးစားကြတာက အမြဲလုပ်နေရမယ့် ကိစ္စပါ။ လက်တွေ့နဲ့ ပေါင်းစပ်တယ်ပြောပြီး မာ့က်စ်ဝါဒကို စွန့်ပစ်တာပဲ မှားတာပါ။

ဂေါ်ဘာချော့အမှားကြောင့် ရုရှား အကျနာပါတယ်။ အခုအထိ အရှိန်မသေသေးပါဘူး။ ကျောက်ဇီယန်ကို အရေးမယူနိုင်ရင် တရုတ်လည်း အကျနာမှာပါ။

**<u>ထိုင်ဝမ်</u>**။ တရုတ်ပြည်က "ထိုင်ဝမ် ဥပဒေ"ထုတ်တော့ အမေရိကန်နဲ့ အပေါင်းပါတွေ ဝိုင်းအာကြပါတယ်။ ထိုင်ဝမ်ဆိုတာ တရုတ်ပြည်ရဲ့ အစိတ်အပိုင်းပါ။ တရုတ်တွေပဲ နေကြတာပါ။ ရေလက်ကြားလေးပဲ ခြားနေတဲ့ ကျွန်းကလေးပါ။ "ထိုင်ဝမ် ဥပဒေ"ထုတ်ခွင့် ဘာကြောင့် မရှိရမှာလဲ။

အမေရိကန်က "ထိုင်ဝမ် ဥပဒေ" ထုတ် ထားတာ ကြာပါပြီ။ သမုဒ္ဒရာကြီး ခြားနေတဲ့ လူမျိုးခြားက ထုတ်ခွင့်ရှိပြီး ဘာကြောင့် တရုတ်က ထုတ်ခွင့်မရှိရမှာလဲ။

ထိုင်ဝမ်ဥပဒေကို ဖတ်ကြည့်တော့ ဘာမှ ထူးထူးခြားခြားမတွေ့ပါဘူး။ ဟိုတုန်းက ပြောခဲ့တာတွေကို ဥပဒေအဖြစ် ရေးပြီး ထုတ်ပြန်တာပါပဲ။

ဝါရှင်တန်မှာ အမေရိကန်ဖက်က နိုင်ငံခြားရေးဝန်ကြီး ရိုက်စ်နဲ့ ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲ၊ ဂျပန်ဘက်က နိုင်ငံခြားရေးဝန်ကြီး မာချိမူရာ နဲ့ ကာကွယ်ရေးအကြီးအကဲ အိုနို တို့ တွေ့ပြီး ထိုင်ဝမ် ရေလက်ကြားကိစ္စ ပူးတွဲထုတ်ပြန်တာကို သဘောမကျလို့ တရုတ်က တုံ့ပြန်တာ ဖြစ်မှာပါ။ ခါတိုင်းပြောနေကျ စကားကို ပြည်သူ့ကွန်ဂရက်မှာ တင်ပြီး ဥပဒေပြုတာက အမေရိကန်နဲ့ ဂျပန်ကို "ငါတို့ အတည်ပေါက် ပြော နေတာနော်"လို့ သတိပေးချင်တာ၊ ထိုင်ဝမ်က ခွဲထွက်ရေးသမားတွေကို "သွေးမကြွနဲ့"လို့ ဟန့်တားချင် တာ ဖြစ်ပါလိမ့်မယ်။

**<u>ဂျပန်</u>**။ ဟိုတခါက ဟစ်တလာလိုလူကို လူပေါင်းမှားလို့ စစ်ရှုံးရတယ်။ ဒီတခါတော့ လူပေါင်းမမှားအောင် ကမ္ဘာ့ပုလိပ်ကြီး စစ်စစ်ကို ပေါင်းတော့မယ်လို့ ဆုံးဖြတ်ထားဟန်တူပါတယ်။ အမေရိကန်ကလည်း တရုတ်ကို ခွေထားဖို့ ဂျပန်ကို အသုံးချ ချင်တာနဲ့ အကိုက် ဖြစ်သွားတာပါ။

ဒီတခါတော့ ဂျပန်ဟာ မီးပူယက်ရတဲ့ ကြောင်လက် ဖြစ်မယ့်အလားအလာပဲ။ ။

# ဝါရှင်တန်သဘောတူညီချက်နဲ့ ပေကျင်းသဘောတူညီချက်

## ရဲဘော် မသန်းအေး

၁၉၉၀ ခုနှစ်များအတွင်းက ကျရောက်လာတဲ့ စီးပွားရေးကပ်များကို ကျော်လွှားဖို့ ဝါရှင်တန်အခြေစိုက် ငွေကြေးအဖွဲ့အစည်းများ (ဥပမာ နိုင်ငံတကာ ငွေကြေး အဖွဲ့များဖြစ်တဲ့IMF-ကမ္ဘာ့ဘဏ်) က ယေဘုယျ အကြံ ပေးချက် များကို ရေးဆွဲခဲ့ကြပါတယ်။ ဒါကို အဓိက ဦး ဆောင် ရေးဆွဲခဲ့သူကတော့ လက်တင်အမေရိက နိုင်ငံအချို့မှာ အစိုးရအဖွဲ့များရဲ့ အကြံပေးအတိုင်ပင်ခံ လုပ်ခဲ့ဖူးပြီး နိုင်ငံတကာ ငွေကြေးအဖွဲ့မှာလည်း အကြံ ပေးဖြစ်ကာ နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းရဲ့ အကြီး တန်း သုတေသနအရာရှိ၊ အမေရိကန်နိုင်ငံသား စီးပွား ရေး ပါမောက္ခ ဂျွန်ဝီလီယံဆင်ဖြစ်ပါတယ်။ သူက စီးပွား ရေး ပြုပြင်ပြောင်းလဲမှု အချက်(၁၀) ချက်ပါ ဝါရှင်တန် သဘောတူညီချက် Washington Consensus ဆိုတာ ကို တင်သွင်းခဲ့ပါတယ်။ ၁၉၈၉–၉၀ ခုနှစ် များမှာ ဖြစ်နေ တဲ့ လက်တင်အမေရိက နိုင်ငံများရဲ့ စီးပွားပျက်ကပ် အတွင်း ငွေကြေးအဖွဲ့များက ငွေများ ထုတ်ချေး ပေးတာနဲ့ တပြိုင်နက် လိုက်နာရမယ့် အချက်များကို ပူးတွဲပေးခဲ့တဲ့ သဘော ပါပဲ။ ဝီလီယံဆင်ရဲ့ အဆိုကတော့ "အားလုံးရဲ့ အနိမ့်ဆုံး ယေဘုယျ လိုအပ်မှုအပေါ် အခြေ ခံတဲ့ နည်းနာ များ"လို့ ဆိုပါတယ်။

ပြုပြင်ပြောင်းလဲမှုအချက်(၁၀) ချက်ပါ တယ်ဆိုပေမဲ့ အားလုံးခြုံကြည့်ရင် အကြမ်းဖျင်းအားဖြင့် အချက်(၃) ချက်အပေါ် မူတည် ပါတယ်။

(၁) ဗဟိုချုပ်ကိုင်မှုများကို ဖျက်သိမ်းခြင်း။

(၂) ဈေးကွက်များကို ဖွင့်ပေးခြင်း။ ( Liberalization )

(၃) ပုဂ္ဂလိကပိုင်များ ပြုလုပ်ခြင်း။

...စတဲ့ အချက်များပါပဲ။ စီးပွားပျက် ကပ်ဆိုက်ရတဲ့ နိုင်ငံများ ဒေဝါလီခံပြီး နိုင်ငံတကာ ငွေကြေး အဖွဲ့များရဲ့ ချေးငွေများရယူကာ အထက် ပါ နည်း များဖြင့် မိမိတို့နိုင်ငံက စီးပွားရေးများကို ပြန်လည်ထူထောင်ဖို့ ကြိုးစားကြပါတယ်။ အဲဒီကာလ များ က ကျင်းပပြုလုပ် ကြတဲ့ ကုန်သွယ်ရေးနဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ အစည်း အဝေး များမှာ ဒီ–"ဝါရှင်တန် သဘောတူညီ ချက်" ဆိုတဲ့ စကားရပ်ဟာ အလွန် ခေတ် စား တွင်ကျယ် ခဲ့ပါတယ်။

ဒါပေမဲ့ ဆယ်စုနှစ်တခု ဖြတ်ကျော်ပြီးတဲ့ နောက်မှာတော့ ဒီနိုင်ငံများရဲ့ စီးပွားရေးဟာ နာလန် ထူ လာနိုင်ခြင်းမရှိဘဲ ပိုမိုပြီးတော့တောင် ဆိုးဝါးသွားတဲ့ အခါမှာတော့ ဝါရှင်တန်သဘောတူညီချက်ဟာ သုတ ကာ တံတွေးခွက် ပက်လက်မျောရပါတော့တယ်။

ဒီစကားရပ်ကို တီထွင်သုံးစွဲခဲ့သူ ဝီလီယံဆင် ကတော့ သူ့ရဲ့နည်းနာများကို "အဓိပ္ပာယ်ဖော်ရာမှာ လွဲမှားကြတယ်။ အစိုးရများ ကလည်း မြင်သာထင်သာ ရှိတဲ့ အနေအထား ( Transparency ) မရှိတဲ့အတွက် လာဘ်ယူ လာဘ်စား ခြစားမှုများကို မတားဆီးနိုင်ကြဘူး။ ဒါကြောင့်သာ မအောင်မြင်ရတာ ဖြစ်တယ်" လို့ မကျေ မနပ်ပြောဆိုကာ ပြုပြင်ပြောင်းလဲရေးလုပ်ရန်ဆိုပြီး အချက်အချို့ တင်သွင်းလာပါတယ်။

သို့သော် လူထုက စိတ်ဝင်စားမှု မရှိတော့ ပါဘူး။ ဒီအချိန်မှာပဲ ကျန်ဒေသအသီးသီးမှာလည်း စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင် လာရာမှာ အာရှတိုက်မှာ အအောင်မြင်ဆုံးဖြစ်လာနေတဲ့ တရုတ်ပြည်ကို စီးပွားရေးဆိုင်ရာ ပါရဂူများ၊ ပညာရှင်များ က စိတ်ဝင်စားလာကြပါတယ်။

တိုင်းမဂ္ဂဇင်း နိုင်ငံခြားသတင်းဌာန အယ်ဒီ တာ–အမေရိကန်လူမျိုး ဂျိုရှီကူးပါး ရာမိုက တရုတ် ပြည် နယ်မြေအသီးသီးကို ၂ နှစ်ကြာ သွားရောက် လှည့်လည်၊ မေးမြန်းလေ့လာစုံစမ်းပြီး တရုတ်ပြည် စီးပွား ရေးမူဝါဒ လုပ်ဆောင်မှုများနဲ့ ပတ်သက်တဲ့ စာအုပ် တအုပ် ကို "ပေကျင်း သဘောတူညီချက် " ( Beijing Consensus ) ဆိုတဲ့အမည်နဲ့ ရေးသားထုတ်ဝေ လိုက် ပါတယ်။

ဒီစာအုပ်ဟာ နိုင်ငံတကာမှာ အတော် ဂယက်ရိုက် လှုပ်ရှားသွားစေခဲ့ပါတယ်။

တရုတ်ပြည်ရဲ့ ဖွံ့ဖြိုးတိုးတက် မှုလမ်းကြောင်းပုံစံဟာ နိုင်ငံရေး၊ ဖွံ့ဖြိုးရေး၊ အာဏာချိန်ခွင်လျှာညှိရေးတို့နဲ့ ပတ်သက်တဲ့ မတူတဲ့ သဘောထားတွေရဲ့ မတူတဲ့ ဖော်ပြချက်တွေသာ ဖြစ်တယ်။ တရုတ်ပြည်ဟာ ပုဂ္ဂလိကပိုင် ပြုလုပ်မှု၊ လွတ်လပ်တဲ့ ကုန်သွယ်မှု စတာတွေအပေါ် အတော်သတိ ဝီရိယထားပြီး မိမိတို့ရဲ့ ကိုယ်ပိုင်လမ်းကြောင်းကို လွတ်လွတ်လပ်လပ်ရှာဖွေကာ ချိန်ခွင်လျှာညီတဲ့၊ အချက်အလက် ပြည့်စုံတဲ့၊ ဟန်ချက်ညီတဲ့ စီးပွားရေးစနစ်တရပ်ကို ရှာဖွေတွေ့ရှိခဲ့တယ်လို့ စာရေးသူက ဆိုပါတယ်။ ဒီသဘောတူညီချက်မှာလည်း ယေဘုယျ အချက် (၃) ချက် ပါ ပါတယ်။

(၁) တီထွင်ဖန်တီးမှုရှိခြင်း။

(၂) တရားမျှတမှု ရှိခြင်း။

(၃) ကာကွယ်ရေးကိုသာ အဓိကထားခြင်း။

…တို့ ဖြစ်ပါတယ်။တိုင်းပြည်တိုင်း ဒေသတိုင်းဟာ မိမိရဲ့ တိုင်းပြည်ဒေသအခြေအနေများနဲ့ ကိုက်ညီသင့်တော်တဲ့ လမ်းကို ရှာဖွေဖန်တီးရမယ်။ ဘာနည်းလမ်းကိုမှ အသေ လက်ခံ ယူလို့ မဖြစ်ဘူးလို့ တရုတ်ခေါင်းဆောင် များက ဆိုလေ့ရှိကြပါတယ်။ တိုင်းပြည်တပြည် ထဲမှာတောင် ဒေသဆိုင်ရာ သီးခြား ပေါ်လစီများရှိသင့်တယ်၊ ချမှတ် သင့်တယ်လို့ ယူဆ ကြပါတယ်။ ဒီအခြေခံပေါ်မှာ နည်းလမ်းများ ရှာဖွေ ကြတာပါ။

တရားမျှတမှုဆိုရာမှာ နိုင်ငံတနိုင်ငံရဲ့ လူမှုရေးတည်ငြိမ်မှုရဲ့ အခြေခံလိုအပ်ချက်လို့ သတ် မှတ်ကြပါတယ်။ စီးပွားရေးတံခါးဖွင့် ပေါ်လစီနဲ့ ပြုပြင် ပြောင်းလဲရေးပေါ်လစီများကြောင့် ရရှိလာတဲ့ အကျိုး ကျေးဇူးများကို ခွဲဝေရာမှာ တတ်နိုင်သမျှ–မျှတမှုရှိဖို့ လိုအပ်ကြောင်း၊ ချမ်းသာဆင်းရဲ ကွာဟမှုများ (Polarization) ဟာ လူမှုရေးတည်ငြိမ်မှုကို ခြိမ်း ခြောက် လာနိုင်ကြောင်း၊ ဒါကြောင့် လူ မှုရေး တရားမျှတမှု ရှိ အောင်၊ လူတိုင်းအခွင့်အရေးများ တန်းတူရရှိအောင်၊ ဘက်ပေါင်းစုံက ကြိုးစားကြရကြောင်း။ အထူးသဖြင့် တရားဥပဒေများ ဘက်စုံပြည့်ဝ၊ ရင့်ကျက်လာအောင် လုပ်ရန်လိုကြောင်း…စတာများ ပါရှိပါတယ်။ အခွင့် အလမ်း နည်းပါးတဲ့အုပ်စု (disadvantaged groups) များအတွက် ကူညီထောက်ပံ့ရေး နည်းလမ်း များကို တရားဥပဒေအရပဲ လုပ်ဆောင်ပေးဖို့…တွေ ပါရှိပါတယ်။ (ဥပမာ–ပျံကျအလုပ်သမားများ လုပ်ခ အပြည့်အဝ ရရှိရေး၊ ဒုက္ခိတများ ထောက်ပံ့ကြေး ရရှိရေး။)

စစ်ရေးအရ ကာကွယ်ရေးကိုသာ အဓိကထားလို့ အကုန်အကျ အများကြီး သက်သာ စေနိုင်ပြီး၊ လက်နက်ပြိုင်ဆိုင်မှုအရှိန်ကိုလည်း လျှော့ချနိုင် တယ်လို့ ဆိုပါတယ်။ စာရေးဆရာက ဥပမာပေးရာမှာ တရုတ်ရေတပ်အနေနဲ့ ကာကွယ်ရေးကိုသာ အဓိက ထားလို့ လေယာဉ်တင်သင်္ဘောကြီးများ မလိုအပ်တာကြောင့် စစ်သုံးစရိတ်အများကြီး လျှော့ကျသွားတယ် လို့ ဆိုပါတယ်။

ပေကျင်းသဘောတူညီချက်ဟာ အဲဒီအခြေခံ အချက်(၃) ချက်အပေါ်မှာ မူတည်ပါတယ်။ ဒါကို ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများက လေ့လာပြီး အတုယူ လုပ်ဆောင်လာကြတာ တွေ့ရပါတယ်။ ကိုယ့်နိုင်ငံနဲ့ ကိုက်ညီတဲ့ လမ်းကို ရှာကြရာမှာ ဈေးကွက်ကို လုံးဝ လွှတ်ပေးလိုက်တဲ့လမ်းကို မလိုက်ကြဘဲ မိမိတိုင်းပြည်အတွက် အကျိုးရှိမယ့် ဘဏ္ဍာရေးဆိုင်ရာ ကြပ်မတ်မှုတွေ၊ ဥပဒေတွေ၊ ထိန်းချုပ်မှုတွေ လုပ်ဆောင်လာကြပါတယ်။ ဒါကနေအကျိုးအမြတ် ရရှိလာတာကိုလည်း တွေ့ကြ ရပါတယ်။

မလေးရှားက ဒု–ဝန်ကြီးချုပ်ကဆိုရင် "ကျုပ်တို့ အခုလုပ်နေတဲ့ စီးပွားရေးလမ်းဟာ တရုတ်လမ်းပါပဲ။ ကျုပ်တို့ နိုင်ငံလူဦးရေက ၂၇ သန်းပဲ ရှိလို့ တရုတ်ပြည်ရဲ့ ပြည်နယ်တခုလောက်တောင် မရှိတဲ့အတွက် ခြေနိုင်လက်နိုင် လုပ်နိုင်ပြီး၊ တရုတ်ထက် သာသွားရတာပါ"လို့ ဆိုပါတယ်။

ဒီလို နိုင်ငံတကာမှာ ပေကျင်းသဘော တူညီချက် လို့ သတ်မှတ်ပြောဆိုနေကြပေမယ့် တရုတ်ခေါင်းဆောင်များ၊ စီးပွားရေးပညာရှင်များကတော့ "ဒါဟာ ယေဘုယျ သဘောတူညီချက်ပုံစံမဟုတ်ပါဘူး။ နိုင်ငံတိုင်းအတွက်လည်း တသွေမတိမ်း အသုံးကျမယ် မထင်ပါဘူး" လို့ နှိမ့်နှိမ့်ချချ ဆိုကြပါတယ်။

တကယ်လည်း ပေကျင်းသဘော တူညီချက်ဟာ တရုတ်ပြည်ကြီးအတွက် ရေရှည်တိုးတက် ဖွံ့ဖြိုးစေနိုင်တဲ့ ပုံစံ ဟုတ်–မဟုတ် စောင့်ကြည့်ရဦးမှာပါ။

(www.google.comမှ အချက် အလက်များ ရယူသည်။)

# EU
## (ဥရောပသမဂ္ဂ)
## ကော်မရှင်ဥက္ကဋ္ဌ
# ဘာရိုဆို အကြောင်း
## မိတ်ဆက်

**ရဲဘော်အေးသောင်**

J. M. D Barroso (အသက် ၄၉) က ပေါ်တူဂီ ဝန်ကြီးချုပ် လုပ်နေသူပါ။ သူ့ကို EU ရဲ့ ဥရောပကော်မရှင် ဥက္ကဋ္ဌနေရာ အများက ရွေးကြပါတယ်။ အီတလီက ရိုမာနို ပရိုဒီ Romano Prodi နေရာ ဆက်ခံရမှာ ဖြစ်ပါတယ်။ သူ့ကို လူသိမများပါဘူး။

သူ့မိဘတွေအကြောင်း မသိရပါဘူး။ အသက်ငယ်ငယ်ကတည်းက နိုင်ငံရေး လုပ်သူပါ။ ပစ္စည်းမဲ့ပါတီ ပြန်လည်ထူထောင်ရေး လှုပ်ရှားမှု MRPP မှာ ပါဝင်ခဲ့တယ်။ အဲဒီ MRPP က (မော်ဝါဒီ) Maoist အဖွဲ့ အစည်းလို့ ဆိုတယ်။ နောက်တော့ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ PSD ထဲကို အသက် ၂၀ မှာ ပြောင်းသွားတယ်။ အသက် ၂၉ မှာ ပါလီမန်အမတ်အဖြစ် အရွေးခံရတယ်။ ပြည်ထဲရေးဌာန အတွင်းဝန်ကလေးဖြစ်တယ်။

၁၉၈၇ ခုနှစ်မှာ PSD က ရွေးကောက်ပွဲမှာ အပြတ်အနိုင်ရတော့ နိုင်ငံခြားရေးဌာနမှာ တွဲဖက် တာဝန် ယူရတယ်။ ၁၉၉၂ ရွေးကောက်ပွဲမှာ PSD က အပြတ်နိုင်ပြန်တော့ နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာတယ်။ PSD က ဗဟိုလက်ယာယိမ်းပါတီပါ။ ဒါပေမဲ့ ၁၉၉၅ ရွေးကောက်ပွဲမှာ သူ့ပါတီက ရှုံးတော့ အမေရိကန်က ဂျော့တောင်း တက္ကသိုလ်ရဲ့ ဧည့်ပါမောက္ခ သွားလုပ်တယ်။ မကြာပါဘူး။ PSD ပါတီရဲ့ ခေါင်းဆောင်နေရာအတွက် ယှဉ်ပြိုင်ဖို့ ပေါ်တူဂီကို ပြန်တယ်။ "ပေါ်တူဂီ ဝန်ကြီးချုပ် တနေ့ဖြစ်မှာကို သိနေတယ်။ ဘယ်တော့လဲတော့ မပြော တတ်ဘူး"လို့ ပြောလို့ လူရယ်ခံရတယ်။

၂၀၀၂ ရွေးကောက်ပွဲမှာ PSD အပြတ်မနိုင်လို့ တခြားလက်ယာဂိုဏ်း ပါတီတခုနဲ့ ညွန့်ပေါင်းအစိုးရဖွဲ့ပြီး ဝန်ကြီးချုပ် လုပ်ရတယ်။ ဥရောပ တပေါင်းတစည်းတည်းဖြစ်ရေးကို သူထောက်ခံပေမယ့် အမေရိကန်နဲ့ ရင်းရင်း နှီးနှီးနေရေးကိုလည်း သူက လိုလား တယ်။

EU နိုင်ငံတွေက (ပေါ်တူဂီ ဝန်ကြီးချုပ်) သူ့ကို ဥက္ကဋ္ဌနေရာရွေးတဲ့အကြောင်းက ၁။ သူက လက်ယာယိမ်း ဖြစ်လို့ ၂။ ပြဿ နာ သိပ်လုပ်မယ့်လူ မဟုတ်ဘူး ထင်လို့–ပဲ။ ဘယ်သူကမှ သူ့ကို ဩဇာအာဏာရှိတဲ့ EU ဥက္ကဋ္ဌ ဖြစ်လာကြလိမ့်မယ်လို့ မယူဆပါဘူး။ ဒါကြောင့် ကစ်ဆင်းဂျားရဲ့ "ဥရောပရဲ့ ခေါင်းဆောင်ဆီ ဖုန်းဆက်ချင်ရင် ဘယ်သူ့ဆီ ဆက်ရမှန်းမသိဘူး"ဆိုတဲ့ ကိစ္စကတော့ ဖြေရှင်းပြီး ဖြစ်မှာ မဟုတ်ပါဘူး။

ပထမတုန်းက ဂျာမဏီနဲ့ ပြင်သစ်တို့က ဘယ်လ်ဂျီယမ်ဝန်ကြီးချုပ်ကို ဒီနေရာပေးဖို့ အဆိုပြုတာပါ။ အင်္ဂလိပ်နဲ့ တခြားနိုင်ငံတွေက အဆိုကို ပယ်ချပါတယ်။ "ဘာလဲ"က ဆိုရင် "၂၅ နိုင်ငံလုံးက ရွေးရမှာပေါ့။ ၆ နိုင်ငံ၊ ၂ နိုင်ငံ၊ ၁ နိုင်ငံက ရွေးပေးလို့ ဘယ်ဖြစ်ပါ့မလဲ"ဆိုတဲ့အထိ ပြောရေးဆိုခွင့်ကတဆင့် ပြောပါတယ်။ ပြီးတော့ သူတို့ အင်္ဂလိပ် (ဟောင်ကောင် ဘုရင်ခံဟောင်း) ခရစ်ပက်တန် Chris Patten ကို အဆိုပြုပါတယ်။ အဲဒီတော့ ပြင်သစ်–ဂျာမဏီ အုပ်စုက အမြန်ပယ်ချလိုက်ပါတယ်။

လပ်ဇင်ဘော့ဂ် Luxembourg ဝန်ကြီးချုပ်ကို ချဉ်းကပ်တော့လည်း သူက မလုပ်ချင်ဘူးလို့ ငြင်းတယ်။ အိုင်ယာလန်ဝန်ကြီးချုပ်ကို တီးခေါက်ကြည့်တော့လည်း သူက ငြင်းလိုက်လို့ နောက်ဆုံး ဘာရိုဆို ကို ရွေးကြရတာပါ။ ဒီလောက်ဆိုရင် ဘာရိုဆို ဘယ်လို လူစားလည်းဆိုတာ သိလောက်ပါပြီ။ ကစ်ဆင်းဂျား တယ်လီဖုန်းဆက်နိုင်တဲ့ ပုဂ္ဂိုလ် မဟုတ်တာကတော့ သေချာပါတယ်။ ။

# ဖူကူးယားမား ဘာကြောင့် နိုင်ငံခြားရေးဝန်ကြီးတို့ အမျိုးသားအကြံပေးတို့

*မဖြစ်တော့ပါလေစိမ့်*

ဖူကူးယားမားဟာ ကလင်တန်လက်ထက်တုန်းကတည်းက neocon တွေထဲမှာ သဘောတရားဆရာပါ။ ၂၁ ရာစုကို အမေရိကန် ရာစု ဖြစ်စေရမယ်ဆိုတဲ့ စာတမ်းကြီးကို ရေးတုန်းက သူပါတယ်။ ဘုရှ် အာဏာရတော့ အဲဒီစာတမ်းရေးတဲ့ သူတွေ ဒုတိယ သမ္မတ ဖြစ်သူဖြစ်၊ ကာကွယ်ရေးဝန်ကြီး ဒုဝန်ကြီးတွေ ဖြစ်သူဖြစ် ကြီးကြီးအကောင်တွေ ဖြစ်ကြတယ်။ သူကတော့ ဘာမှ မဖြစ်ဘူး။ ပါမောက္ခလုပ်ဆဲ၊ စာအုပ်တွေ ရေးဆဲပဲ။ ဒါပေမဲ့ သူ့စာအုပ်တွေက "သမိုင်းနိဂုံး"တုန်းကလို အုတ်အော်သောင်းတင်း မဖြစ်ဘူး။ သူ့ဟောကိန်း မှားလို့လား၊ ဘာလား တော့ မသိဘူး။ ပါမောက္ခ ဟန်တင်တန်ရဲ့ စာအုပ်တွေက လှုပ်လှုပ်ခတ်ခတ် ရှိတယ်။ ဗမာပြည် မဂ္ဂဇင်းလောကမှာတောင် ဖူကူးယားမား ပျောက်နေတယ်။ ပြီးတော့ သူက ဂျပန် ဖြစ်နေတယ်။ အဖေရှိ အမေရိကန် (လူမဲ) တွေက အမေရိကန် ဖြစ်နေတာ ကြာပြီ။ လက်နက်နဲ့ ကြီးကြီးကျယ်ကျယ် အုံကြွ အံတု ဖူးကြတာလည်း မဟုတ်ဘူး။ အကြမ်းမဖက်ရေး ရေစီးကြောင်းထဲ မျောနေတာ ကြာလှပြီ။ ဂျပန်ကတော့ ပုလဲဆိပ်ကမ်း အရိပ်မဲကြီး ရှိနေတယ်။ ၉/၁၁ ပေါ်တော့တောင် ပုလဲဆိပ်ကမ်း တရွေ့ပြန်ပေါ်တယ်။ ဂျပန်တယောက် ဖြစ်နေလို့ပဲ ဖူကူးယားမား တယောက် ဘာကောင်မှ ဖြစ်မလာတာပဲ လို့ သုံးသပ်ရမှာပါပဲ။

မှိုင်းရည်

# WASP
# ဆိုတဲ့ ဝေါဟာရ

ဆင်မြူဝဲလ် ပီ ဟန်တင်တန် (SPH)ကို အထူးအထွေ မိတ်ဆက်ပြ စရာ မလိုဘူး ထင်ပါတယ်။ သူ့ရဲ့“ ယဉ်ကျေးမှုတိုက်ပွဲ” စာအုပ်က ကျော်ကြားပြီး ဖြစ်တယ်။ “လူတန်းစားတိုက်ပွဲ”ကို အစားထိုးတဲ့ တိုက်ပွဲပုံစံတမျိုးတင်ပြတာပါ။ ဖူကူးယားမားရဲ့ “သမိုင်းနိဂုံး”နဲ့ ဆန့်ကျင်ဘက် အမြင် မဟုတ်ပါဘူး။

ကွန်ဆာဗေးတစ်လက်သစ် **neocon** တွေရဲ့ ထူးခြားချက်က သဘောတရားက လက်တွေ့နောက်ကို လိုက်တာပါ။ သဘောတရားက ရှေ့မဆောင်ပါဘူး။ သမ္မတ၊ ဒု–သမ္မတ၊ ကာကွယ်ရေးဝန်ကြီး စတဲ့ **neocons** တွေက ရှေ့က လုပ်တယ်။ သဘောတရားဆရာက နောက်က လိုက်ပြီး လေကြီးမိုးကြီး စကားလုံးတွေနဲ့ သဘော တရား ထုတ်ကြရပါတယ်။

SPH ရဲ့ နောက်ဆုံးထုတ် (ထင်ပါရဲ့) စာအုပ်မှာ WASP ဆိုတဲ့ ဝေါဟာရ ခဏခဏ ပါတယ်။ ဘာများလဲလို့ အဘိဓာန်လှန် ကြည့်မှ အမေရိကန်ယဉ်ကျေးမှုဆိုတာ **W** လူဖြူတွေ၊ **AS** အင်္ဂလိပ် ဆက်ကဇွန်တွေ၊ **P** ပရိုတက်စတင့် ခရစ်ယာန်ဂိုဏ်းသားတွေရဲ့ ယဉ်ကျေးမှု ဆိုပဲ။ ဒါမှ အမေရိကန်ယဉ်ကျေးမှုပဲလို့ပြောပါတယ်။

ဒီတခါထုတ်တဲ့ SPH ရဲ့ စာအုပ်က **Who Are We** တဲ့။ “ဒို့ဘာကောင်တွေလဲ”လို့ ရမ်းပြီး ဘာသာပြန်ကြည့်ပါတယ်။ မဆိုးဘူးထင်ပါတယ်။ သူ့ စာအုပ်ကလည်း ဒါပဲ အကျယ်ချဲ့ ရေးထားတာပါ။

ဒီတခါရေးတာက US ပြည်ထောင်စုထဲက WASP မဟုတ်သူတွေကို ဦးတည်ထားပါတယ်။ သမ္မတရွေးပွဲ မတိုင်ခင် ထုတ်တာများလား မသိပါဘူး။ ၂၀၀၄ ခုနှစ်လို့ပဲ ပါပြီး ရက်စွဲမပါလို့ပါ။ ဘာပဲဖြစ်ဖြစ် ရီပတ်ဘလီကန် ဘုရှ်အတွက် မဲဆွယ်တာ ထင်ရှားပါတယ်။ ဒီမိုကရက်သမ္မတတွေ ရုစဘဲ့တို့၊ ကနေဒီတို့၊ ကလင်တန်တို့ဟာ WASP မဟုတ်သူတွေရဲ့ ဘက်တော်သားတွေလို့ ပြောထားပါတယ်။ WASP မဟုတ်ကြတဲ့ အမေရိကန်နိုင်ငံသား လူမဲတွေ၊ လက်တင်အမေရိကသားတွေ၊ အာရှသားတွေ၊ ဘာသာရေး ဂိုဏ်းခြားသူတွေဘက်ကို ရန်ရှာချင်တဲ့ သဘောတွေ့ရပါတယ်။ အာရပ်တွေအပေါ် မီးသေဖို့ ကိုယ့်အတွင်းပိုင်းမှာ လှည့်ရန်ရှာတာလို့ ထင်ပါတယ်။ သူတို့ WASP မဟုတ်သူတွေပဲ အီရတ်စစ် ဆန့်ကျင်ရေး ဆန္ဒပြနေကြတာ မဟုတ်လား။ ။

**မောင်ယမုန်**

# အမေရိကန်ကို ဘာ့ကြောင့်မုန်းကြသလဲ

(စာအုပ်မိတ်ဆက်)

အောင်မြိုင်

အမေရိကန်ကို ဘာကြောင့်မုန်းကြသလဲ။ ထိုမေးခွန်းမှာ ၂၀၀၁ ခုနှစ် ၉၁၁ အရေးအခင်းနောက်တွင် အမေရိကန်ပြည်တွင်းမှာသာမက ကမ္ဘာအနှံ့ အရှိန်ပြင်းပြင်းဖြင့် ပြန့်သွားခဲ့သည်။ စင်စစ် ထိုအချိန်ကျမှ ပေါ်လာသောမေးခွန်းတော့ မဟုတ်။ ရှေးမဆွကပင် ရှိခဲ့ပြီး အခြေအနေနှင့် အချိန်အခါအလိုက် ပေါ်လိုက် မှေးမှိန်လိုက် ဖြစ်နေခဲ့ရာမှ ၉၁၁ အရေးအခင်းကြောင့် ပြန်လည်၍ အရှိန်မြင့်ခဲ့ခြင်း ဖြစ်သည်။ ထိုဂယက်နောက်တွင် "အမေရိကန်ကို ဘာကြောင့်မုန်းကြသလဲ" ဟူသောအမည်ဖြင့် စာအုပ်တအုပ် ထွက်လာခဲ့သည်။ ယင်းစာအုပ်ကို ဗြိတိသျှ စာရေးဆရာနှစ်ဦးဖြစ်သော ဆဒါနှင့် ဒေဗီးတို့က ပူးတွဲရေးသားပြုစု၍ ဗြိတိသျှအိုင်ကွန်စာအုပ်တိုက်က ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ကို မုန်းသူများသလို မုန်းကြသောအကြောင်းများမှာလည်း များလှပေသည်။ ထိုအကြောင်းအချက်များကို ယင်းစာရေးဆရာနှစ်ဦးက နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ ယဉ်ကျေးမှု စသဖြင့် ဘက်စုံမှ စုစည်း၍ သုံးသပ်တင်ပြထားသည်။ မုန်းတီးစေသောအကြောင်းအချက် များပြားသော်လည်း တခုတည်းသောအကြောင်းရင်းမှ ထွက်ပေါ်လာသည်ဟု ဆိုနိုင်ပါသည်။ မိမိ၏အကျိုးစီးပွားကိုသာ ဦးထိပ်ထား၍ ကျန်တကမ္ဘာလုံးအပေါ် ထင်သလို စိုးမိုးချယ်လှယ်နိုင်ရန် လုံးပန်းနေခြင်းပင် ဖြစ်သည်။

အမေရိကန်၏ စံနှစ်မျိုးထားရှိခြင်း (ဝါ) လိုတမျိုး မလိုတမျိုးကျင့်သုံးခြင်းသည် လူမုန်းများစေသော အကြောင်းအချက်တခုဖြစ်သည်ဟု ဆိုသည်။ အမေရိကန်မလိုလားသည့် နိုင်ငံများကို ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို မလိုက်နာ၍ဟုဆိုကာ တနည်းနည်းဖြင့် ဒဏ်ခတ်အရေးယူခြင်းများ ပြုလုပ်သော်လည်း ကုလသမဂ္ဂဆုံးဖြတ်ချက်များကို ဘေးချိတ်ပြီး ထင်ရာစိုင်းနေသော အစ္စရေးလ်ကိုမူ တဖက်သတ် ထောက်ခံနေသည်။ အမေရိကန်ကိုယ်တိုင်သည်လည်း ကုလသမဂ္ဂကို အလေးထားလှသည် မဟုတ်ချေ။ အမေရိကန်၏ စံနှစ်မျိုးထားကျင့်သုံးနေသည့် နမူနာများ များလှပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO)၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် ကမ္ဘာ့ဘဏ် (WB) စသည့် စီးပွားရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများကို အမေရိကန်နှင့် အနောက်အုပ်စုတို့က ကြိုးကိုင်ထားသည်။ အမေရိကန်သည် ယင်းအဖွဲ့အစည်းတို့ကို အသုံးပြု၍ ကျန်နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏စီးပွားရေးများကို မိမိအကျိုးနှင့် ကိုက်ညီစေရန် အတင်းအကျပ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်စေသည်။ လွတ်လပ်ဈေးကွက်ဟုဆိုကာ ဈေးကွက်များကို အတင်းအကျပ်ဖွင့်လှစ်စေသည်။ တဖက်တွင်မူ အမေရိကန်ဈေးကွက်ကို ဖွင့်မထားဘဲ အကန့်အသတ် များ ပြုလုပ်ထားရာ ကုန်သွယ်မှုမှာ တဖက်သတ် (ဝါ) တလမ်းသွားသာ ဖြစ်နေသည်။ နိုင်ငံခြားအရင်းအနှီးများ လွတ်လပ်စွာစီးဝင်စေခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်စေခြင်းတို့ဖြင့် ဆိုင်ရာနိုင်ငံတို့၏ စီးပွားရေးလုပ်ငန်းများသည် နိုင်ငံစုံကော်ပိုရေးရှင်းများလက်တွင်း ကျရောက်ကုန်တော့သည်။ ကမ္ဘာ့ဘဏ်၏ချေးငွေ ရရှိရန်အတွက် စည်းကမ်းချက်များမှာ အမေရိကန်စိတ်ကြိုက်သတ်မှတ်ထားခြင်း ဖြစ်နေသည်။ ထိုချေးငွေဖြင့် အကောင်အထည်ဖော်သော စီမံကိန်းများမှာလည်း အမေရိကန်နှင့် အနောက်နိုင်ငံတို့မှ ကော်ပိုရေးရှင်း

ကြီးများအတွက်သာ အကျိုးဖြစ်ထွန်းစေသည့် စီမံကိန်းများသာ ဖြစ်ကြသည်။ ယင်းသို့ဖြင့် အမေရိကန်က ချမ်းသာကြွယ်ဝလာလေ၊ ကျန်နိုင်ငံအများမှာ ဆင်းရဲတွင်း နက်သထက်နက်လေ ဖြစ်ကြရသည်။

ထိုသို့ အမေရိကန်အလိုကျ စီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲရေးလုပ်ရန် ငြင်းဆန်သော နိုင်ငံအစိုးရများကို နည်းမျိုးစုံဖြင့် အကျပ်ကိုင် ဖိအားပေးသည်။ စီးပွားရေးပိတ်ဆို့အရေးယူမှု (sanction)၊ အစိုးရ အပြောင်းအလဲဖြစ်ရန်လျှို့ဝှက်ကြံစည်မှု၊ အစိုးရအဖွဲ့ခေါင်းဆောင်များကို လုပ်ကြံမှုနှင့် စစ်ရေးအရ ပြောင်ပြောင် တင်းတင်း ဝင်ရောက်စွက်ဖက်မှုတို့ကိုပင် ပြုလုပ်လေသည်။ ၁၈၉၀ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၏ စစ်ရေးအရ စွက်ဖက်မှု အကြီးအသေးစုစုပေါင်း ၁၃၄ ကြိမ် ရှိခဲ့သည် ဆို၏။ ဝင်ရောက်စွက်ဖက်မှုကို ပျမ်းမျှနှုန်းတွက်ပါက ဒုတိယကမ္ဘာစစ်ပြီးသည်အထိ တနှစ်လျှင် ၁.၁၅ ကြိမ်၊ စစ်အေးကာလအတွင်းတွင် တနှစ်လျှင် ၁.၂၉ ကြိမ် ရှိခဲ့ပြီး ဘာလင်တံတိုင်းပြိုပြီးနောက်တွင်မူ တနှစ်လျှင် ၂.၀ ကြိမ်နှုန်းအထိ တိုးများလာသည်ကို တွေ့ရပေသည်။ ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက် ကမ္ဘာ့တဦးတည်းသောစူပါပါဝါ ဖြစ်လာသည့်အခါ ပို၍ဇက်ရဲလက်ရဲနိုင်လာသည်ဟု ဆိုရပေမည်။ ထိုသို့ဝင်ရောက်စွက်ဖက်ရာတွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေးစသည်ဖြင့် အကြောင်းပြသော်လည်း တနည်းမဟုတ်တနည်းအားဖြင့် အမေရိကန်၏ မဟာကော်ပိုရေးရှင်းကြီးများ အကျိုးအတွက်သာ ဖြစ်သည်ကို တွေ့ရှိရပေသည်။

အမေရိကန်က ဝင်ရောက် စစ် ဆင်သောနိုင်ငံများတွင် အရပ်ဘက် ပစ်မှတ် များကိုပင် မရှောင်ရှားဘဲ ပစ်မှတ်ထား ချေမှုန်းသည်ကို တွေ့ရှိရပေသည်။ ဗီယက် နမ်စစ်ပွဲ ဆယ်နှစ်တာကာလအတွင်း မြောက်ဗီ ယက်နမ်၊ ကမ္ဘောဒီးယားနှင့် လောနိုင်ငံတို့ကို အမေရိကန်က ပိုက်စိတ် တိုက်ဖုံးကြဲ တိုက်ခိုက်မှုကြောင့် အရပ်သား အနည်းဆုံး သုံးသန်း သေဆုံးခဲ့ရသည်။ ကိုဆိုဗိုတွင် နိုင်ငံ၏ အခြေခံအဆောက်အအုံမှာ ဆိုးဝါးလှစွာ ပျက်စီးခဲ့သည်။ အလားတူပင် အမေရိကန်က စစ်ရေးအရ ဝင်ရောက်ခဲ့သော အခြားနေရာ များတွင်လည်း အရပ်ဘက်အဆောက်အအုံများ ပျက်စီးမှု၊ အရပ်သားသေကြေကြရမှုများကို တွေ့ရှိရမြဲ ဖြစ်သည်။

ယနေ့ကမ္ဘာပြုမှုဖြစ်စဉ်အတွင်း အမေရိကန်ယဉ်ကျေးမှုက ကမ္ဘာကို လွှမ်းမိုးလာသည်ကိုလည်း အထူး အလေးပေးဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ကြောင့်ပင် အချို့က ကမ္ဘာပြုမှု (Globalization) ကို အမေရိကန်ပြုမှု (Americanization) ဟု ခေါ်ဆိုကြဟန်တူသည်။ ထိုသို့ အမေရိကန်ယဉ်ကျေးမှုလွှမ်းမိုးလာမှုက အမေရိကန်၏ စီးပွားရေး၊ နိုင်ငံရေးအကျိုးစီးပွားတို့နှင့် မည်ကဲ့သို့ဆက်စပ်ပြီး မည်ကဲ့သို့ အကျိုးပြုနေသည်ကိုလည်း တင်ပြထားသည်။ အမေရိကန်ယဉ်ကျေးမှုသည် ဟောလီဝုဒ်ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအစီအစဉ်တို့မှတဆင့် ကမ္ဘာ့နိုင်ငံအများတွင် လွှမ်းမိုးလာနေသည်။ ယင်းတို့က အမေရိကန်တို့၏ နေထိုင်မှုပုံစံ၊ အလွန်အကျွံစားသုံးမှုဝါဒအမွှမ်းတင်ခြင်းများကို တကမ္ဘာလုံးတွင် ပျံ့နှံ့စိမ့်ဝင်စေသည်။ အစုအဖွဲ့စိတ်ဓာတ်ခေါင်းပါးလာပြီး တဦးချင်းလွတ်လပ်မှုကို လွန်ကဲစွာ အလေးပေးလာကြသည်။

ဟောလီဝုဒ်ရုပ်ရှင်များ၏ ထိုးဖောက်ဝင်ရောက်မှုကြောင့် ပြည်တွင်းရုပ်ရှင်လုပ်ငန်းများ အကျပ်ဆိုက် အသက်ငင်ကြကုန်သည်။ ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများပင် အလူးအလဲခံနေရသည်။ ဘာသာ စကားတူ၊ ယဉ်ကျေးမှုချင်းနီးစပ်သည်ဟုဆိုနိုင်သော ဩစတြေးလျနှင့် ကနေဒါနိုင်ငံတို့၏ ရုပ်ရှင် လုပ်ငန်း များပင်လျှင် အကျပ်ဆိုက်ကုန်ကြသည်။ ဩစတြေးလျနိုင်ငံ၏ရုပ်ရှင်လုပ်ငန်း မကျဆုံးစေရန် အစိုးရက ဝင်၍ပံ့ပိုးမှု လုပ်ပေးရသည်။ သို့ဖြစ်ရာ ကျန်ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့မူ ဆိုဖွယ်ရာမရှိပြီ။

အမေရိကန်ယဉ်ကျေးမှု ပျံ့နှံ့လာပြီး ကျန်အမျိုးသားတို့၏ယဉ်ကျေးမှုများမှာ ဆုတ်ယုတ်ပျက်စီး လာရသည်။ အမေရိကန်နေထိုင်မှုပုံစံများ ခေတ်စားလာသည်။ အမေရိကန်များအတိုင်း ဝတ်စားဆင်ယင် နေထိုင်ပြုမူကြတော့သည်။ အမေရိကန်ကုန်စည်များကိုသုံးစွဲမှ စတိုင်ကျတော့သည်။ မက်ဒေါနယ်ဟမ်ဘာဂါသည် ဗိုင်းရပ်စ်ပိုးလို တကမ္ဘာ လုံးပြန့်နေသည်။ မက်ဒေါနယ်ဟမ်းဘာဂါကို မတွေ့ရသောနေရာသည် ကမ္ဘာတွင် မရှိသလောက်ရှားနေပြီ ဖြစ်သည်။ (ဗြိတိန်နှင့် ပြင်သစ်တွင် ဟမ်ဘာဂါဆန့်ကျင်ရေးလှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့သည်။) "ပို၍သာလွန် ကောင်းမွန်သော၊ ခေတ်မီသော၊ အနာဂတ်လှိုင်းလုံးဖြစ်သော အမေရိကန်ယဉ်ကျေးမှု ဆိုင်ရာ ကုန်စည်များကို လိုချင် တပ်မက်မှု

ဖြစ်နေခြင်းက 'သားကောင်များ' ကိုယ်တိုင်က အမေရိကန်ယဉ်ကျေးမှု ပျံ့နှံ့စေရာတွင် အရေးပါသောအခန်းမှ ပါဝင်နေသည်ကို ပြနေပေသည်'' ဟု စာရေးသူတို့က ဆိုသည်။

မီဒီယာလုပ်ငန်းများမှာလည်း အနည်းစု၏ လက်ထဲတွင်ကျရောက်နေသည်။ ၁၉၈၃ ခုနှစ်က အမေရိကန်နှင့် ကမ္ဘာ့မီဒီယာလုပ်ငန်းများကို ချုပ်ကိုင်ထားသော နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ ၅၀ ခန့်ရှိရာမှ ၂၀၀၂ ခုနှစ် ရောက်သောအခါ နိုင်ငံစုံကော်ပိုရေးရှင်းကြီး ၉ ခုသာ ရှိတော့သည်။ အမေရိကန်နိုင်ငံ၏မီဒီယာလုပ်ငန်းမှာ အလွန်ကြီးမားပြီး နည်းပညာအရ ခေတ်ရှေ့ပြေးနေသော်လည်း ကျန်တကမ္ဘာလုံး၏သတင်းအချက်အလက်များ၊ သဘောထား အမြင်များစသည်တို့ကိုမူ အမေရိကန်ပြည်သူများအတွင်း မရောက်ရှိစေရန် ပိတ်ဆို့ထားသည်။ ထိုသို့ပြုလုပ်ရန်အတွက် အစိုးရ၏ဆင်ဆာဌာနထားရှိရန် မလိုအပ်ဘဲ မီဒီယာလုပ်ငန်းကို ပိုင်ဆိုင်ကြသော ကော်ပိုရေးရှင်းကြီးများက ကိုယ့်ဘာသာ ဆင်ဆာလုပ်ကြသည် ဆို၏။ မီဒီယာလုပ်ငန်းများတွင် လုပ်ကိုင် နေကြသူများကလည်း မည်သည့် သတင်းကို ဖော်ပြမည်၊ မည်သည်ကို မဖော်ပြဘဲထားမည်၊ ပြည်သူ တွေ၏အာရုံကို မည်သို့လမ်းလွှဲ ထားရမည် ဆိုသည်တို့ကို သိရှိနေကျေနေကြပြီး ဖြစ်သည်။ ထိုဥပဒေသကို မလိုက်နာလျှင်လည်း မီဒီယာလောကတွင် ဆက်လက်ရှင်သန်နိုင်တော့မည်မဟုတ်ပေ။ ထိုဘက်တွင် မီဒီယာလုပ်ငန်းယန္တရားမှာ အတော်ပြည့်စုံအသားကျနေပြီဟု ဆိုရပေမည်။

ကျန်တကမ္ဘာလုံးမှာ အမေရိကန်၏ ယဉ်ကျေးမှုကုန်စည်တို့ဖြင့် ပြည့်သိပ်မွန်းကျပ်နေရသော်လည်း အမေရိကန်တို့ကိုယ်တိုင်ကမူ ကျန်ယဉ်ကျေးမှုတို့ကို အဝင်မခံကြ။ ဘာသာစကားတူ၊ ယဉ်ကျေးမှုချင်း နီးစပ်ကြသော ကနေဒါ၊ ဩစတြေးလျားနှင့် ဗြိတိသျှရုပ်ရှင်ကားများပင် အမေရိကန်တွင် ပြသခြင်း အလွန်နည်းသည်။ တိုးတက်သည့်အမေရိကန်၊ ခေတ်မီသည့် အမေရိကန်၊ ချမ်းသာကြွယ်ဝသည့်အမေရိကန်၊ လွတ်လပ်သည့်အမေရိကန်၊ ဒီမိုကရေစီရှိသည့်အမေရိကန်၊ လူ့အခွင့်အရေး အပြည့်အဝရှိသည့် အမေရိကန်...အမေရိကန်သည်သာ စံထားရာနိုင်ငံ ဖြစ်နေတော့သည်။ အားလုံးက စံပြုရမည့် လူ့အဖွဲ့အစည်း ဖြစ်နေသည်။ ကျန်ယဉ်ကျေးမှုများထက် အမေရိကန်ယဉ်ကျေးမှုက သာလွန်သည်။ အမေရိကန်၏စံတန်ဖိုးများကို ကျန်တကမ္ဘာလုံးက လက်ခံလိုက်နာလာရန် သင်ကြားပေးရမည်ဆိုသည်တို့မှာ အမေရိကန်တို့၏အမြင် ဖြစ်သည်။ ကျန်သူတို့၏ယဉ်ကျေးမှု၊ ဘာသာရေး၊ သဘောထားအမြင်၊ ခံစားမှုစသည်တို့ကို သိရှိနားလည်မှုမှာလည်း တဖက်စောင်းနင်း ဖြစ်နေသည်။ ယင်းသို့ဖြင့် အမေရိကန်နိုင်ငံသားများကိုယ်တိုင် အမေရိကန်ယဉ်ကျေးမှု ဟိုင်ပါနယ်ချဲ့စနစ်၏ သားကောင်များ ဖြစ်နေကြရတော့သည်။

သို့ဖြင့် အမေရိကန်နိုင်ငံက ကျန်နိုင်ငံများအပေါ်တွင် မည်သို့ပြုမူဆက်ဆံနေသည်ကိုလည်းကောင်း၊ အမေရိကန်နိုင်ငံအပေါ် မည်သို့သဘောထားနေကြသည်ကိုလည်းကောင်း အမေရိကန်ပြည်သူအများစု မသိရှိကြဟုဆိုသည်။ ပါရီအခြေစိုက် အင်တာနေရှယ်နယ်ဟာရယ်လ် ထရီဗြွန်းမှ ပြုလုပ်ခဲ့သောစစ်တမ်းတခုအရ အမေရိကန်နိုင်ငံမှ ဖြေကြားသူ ၉၀% က အမေရိကန်အမုန်းခံရခြင်း၏ အဓိကအကြောင်းမှာ အမေရိကန်၏ အင်အားနှင့် ကြွယ်ဝမှုတို့ကြောင့် ဖြစ်သည်ဟုတုံ့ပြန်သည်။ အမေရိကန်နိုင်ငံမှ မဟုတ်သောသူများ၏ ၅၈% က အမေရိကန်အစိုးရ၏ ပေါ်လစီများကြောင့်ဟု အပြစ်တင်သည်။ အမေရိကန်နိုင်ငံမှဖြေကြားသူ ၁၈% ကသာ မိမိတို့အစိုးရ ၏ ပေါ်လစီ ကြောင့်ဖြစ်သည်ဟု အဖြေပေးသည်။

ဆိုခဲ့သည့်အတိုင်း ယခုစာအုပ်တွင် လူမုန်းများစေသည့် အမေရိကန်၏လုပ်ရပ်များကို အတော်စုံလင်စွာ ဖော်ပြထားပါသည်။ ထိုသို့လူမုန်းများ အတိုက်အခိုက်ခံနေရသော်လည်း အမေရိကန်သည် နောက်ဆုတ်မည့်လက္ခဏာ မတွေ့ရသေးပါ။ ၉၁၁ နောက်ပိုင်းတွင် အမေရိကန်သည် ထိုဖြစ်ရပ်ကို ချက်ယူ၍ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးစစ်ပွဲဟုဆိုကာ ပို၍ထင်ရာစိုင်းလာသည်ကိုပင် တွေ့ရှိရပေသည်။ သူလုပ်ချင်ရာကို ကုလသမဂ္ဂဘောင်တွင်းမှ ဖြစ်အောင် ကြိုးစားသည်။ သို့သော် ကုလသမဂ္ဂက သဘောမတူလျှင်လည်း ကုလသမဂ္ဂကိုဘေးချိတ်ပြီး လုပ်ပါသည်။ ကိုဆိုဗိုကိစ္စတွင် ကုလသမဂ္ဂကိုဘေးချိတ်ပြီး နေတိုးသဘောတူညီမှုဖြင့် ဝင်စွက်ဖက်သည်။ အီရတ်ကိစ္စတွင်ကား နေတိုးသဘောတူညီမှုပင် မရရှိတော့ဘဲ ဗြိတိသျှနှင့် နိုင်ငံအနည်းငယ်တို့၏လိုက်ပါမှုဖြင့် တကိုယ်တော် ထင်ရာစိုင်းဝါဒ

(Unilateralism) ကျင့်သုံးတော့သည်။ ထိုသို့ထင်ရာစိုင်းနေခြင်းမှာ ကမ္ဘာ့ပြည်သူများအတွက်မဆိုထားနှင့် အမေရိကန်ပြည်သူများအတွက်လည်း အကျိုးမရှိပါ။ အမေရိကန်နိုင်ငံမှ မဟာကော်ပိုရေးရှင်းကြီးများ၏ အကျိုးစီးပွားအတွက်သာဖြစ်သည်ကို တွေ့ရှိရပေမည်။ ထိုသို့ တကိုယ်တော်ထင်ရာစိုင်းလေ အထီးကျန်ဖြစ်လေ၊ လူမုန်းများလေဖြစ်မည်မှာ သံသယဖြစ်စရာ မလိုပေ။ ကမ္ဘာ့ပြည်သူများ၏ဝိုင်းဝန်းဆန့်ကျင်မှုကိုလည်း မုချခံရမည်သာဖြစ်သည်။

ဒီစာအုပ်ကို အင်ဒီပင်းဒင့်သတင်းစာက ဖတ်ဖို့လိုတဲ့စာအုပ်ဟု မှတ်ချက်ပေးပါသည်။ အမေရိကန်ပြည်သူတွေ များများဖတ်နိုင်သော် ပို၍ကောင်းပေမည်ဟု ယူဆမိပါသည်။

ရည်ညွှန်း – Why Do People Hate America by Ziuaddin and Meryl Wyn Davies

**အမေရိကန်ယဉ်ကျေးမှုသည် ဟောလီဝုဒ် ရုပ်ရှင်နှင့် ရုပ်မြင် သံကြားအစီအစဉ်တို့မှတဆင့် ကမ္ဘာ့နိုင်ငံအများတွင် လွှမ်းမိုးလာနေသည်။ ယင်းတို့က အမေရိကန်တို့၏ နေထိုင်မှုပုံစံ၊ အလွန်အကျွံ စားသုံးမှု ဝါဒ အမွှမ်းတင်ခြင်းများကို တကမ္ဘာလုံးတွင် ပျံ့နှံ့စိမ့်ဝင်စေသည်။ အစုအဖွဲ့စိတ်ဓာတ် ခေါင်းပါးလာပြီး တဦးချင်းလွတ်လပ်မှုကို လွန်ကဲစွာ အလေးပေးလာကြသည်။**

# ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်ရဲ့ အိန္ဒိယခရီး

**မိုးအောင်**

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်စ်ဟာ ဒီနှစ် မတ်လဆန်းပိုင်းမှာ အိန္ဒိယနိုင်ငံကို လေးရက်ကြာ ချစ်ကြည်ရေးအလည်အပတ်ခရီး ထွက်ခဲ့ပါတယ်။ ဗင်နီဇွဲလားသမ္မတတယောက်အနေနဲ့ အိန္ဒိယကို ပထမဆုံး လာရောက်ခြင်း ဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား စီးပွားရေးဆက်စပ်မှုတွေထူထောင်ဖို့နဲ့ လက်ရှိဝင်ရိုးတခုကမ္ဘာမှာ နိုင်ငံရေးမဟာမိတ်ကိုထူထောင်ဖို့ဆိုတဲ့ ရည်မှန်းချက်တွေအတွက် လာရောက်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ဗင်နီဇွဲလားဟာ ရေနံထွက်နိုင်ငံတနိုင်ငံဖြစ်ပြီး ထွက်ရှိတဲ့ရေနံအများစုကို အမေရိကန်ပြည်ထောင်စုဆီ တင်ပို့ရောင်းချခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၈ မတိုင်မီအထိ နိုင်ငံရဲ့ရေနံခနေတွေဟာလဲ မြောက်ပိုင်းကမ္ဘာသို့သာ ရောက်ရှိနေခဲ့တာ ဖြစ်တယ်။ ရေနံနဲ့မြေတွေကိုလဲ အနည်းစုက ထိန်းချုပ်ထားတာ ဖြစ်တယ်။ ချာဗက်စ် သမ္မတ ဖြစ်လာပြီးနောက် ဒီအခြေအနေတွေကို ပြောင်းလဲပစ်ဖို့ ကြိုးစားခဲ့တယ်။ ဒီအခါမှာ အမေရိကန်က သူ့အစိုးရအဖွဲ့ကို ဖြုတ်ချဖို့ ကြိုးစားတော့တာပဲ။ "သူတို့ဟာ ကျွန်တော့်ကို ၂ ရက်ပဲ ဖြုတ်ချနိုင်ခဲ့တယ်။ သူတို့ဟာ ဗင်နီဇွဲလား လူထုတံတိုင်းကြီးကို ရင်ဆိုင်လိုက်ရတယ်" လို့ ဒီခရီးစဉ်အတွင်းမှာ ချာဗက်စ်က နေရူးတက္ကသိုလ် ကျောင်းသားများကို ပြောပြခဲ့တယ်။ ဒီနောက်ပိုင်းမှာလဲ သူ့ကိုလုပ်ကြံသတ်ဖြတ်ဖို့ အမေရိကန်က ဆက်ကြိုးစားခဲ့တယ်။ အခုအချိန် အထိလည်း လက်မလျှော့သေးပါ။ ချာဗက်စ်ဟာ တောင်အမေရိကတိုက်ရဲ့ တည်ငြိမ်မှုကို ခြိမ်းခြောက်နေသူ ဖြစ်တယ်စသဖြင့် အမျိုးမျိုးစွပ်စွဲ ပြောဆိုနေတုန်းပဲ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး "အာယန်ဒေးနဲ့ အခြား ခေါင်းဆောင်အများအပြားကို ဖြုတ်ချရာမှာ အမေရိကန်က ပံ့ပိုးပေးခဲ့တာကို မေ့လို့မဖြစ်ပါ။ ပနားမား သမ္မတ ဗိုလ်ချုပ်တော်ရီဂိုျ ဘာကြောင့်သေဆုံးခဲ့သလဲဆိုတာကိုလဲ ကျွန်တော်တို့ အခုထိ မသိရှိကြပါ" လို့ ချာဗက်စ်က ပြောပါတယ်။ ကမ္ဘာ့ခေါင်းဆောင်များကို စီအိုင်အေက လုပ်ကြံသတ်ဖြတ်မှုများအပေါ် တားဆီးပိတ်ပင်ထားချက်ကို မကြာခင်က မစ္စတာဘုရှ်က ပြန်လည်ရုပ်သိမ်းလိုက်တာကိုလည်း မေ့ထားလို့ မဖြစ်ကြောင်း သူက ဆက်ပြောပါတယ်။

ဒီလိုအမေရိကန်ရဲ့ အန္တရာယ်တွေကို နပူးတွေ့ဒူးတွေ့ရင်ဆိုင်နေရတဲ့ ချာဗက်စ်အနေနဲ့ မိတ်ဖက်တွေ ရှာလာရတာဟာ သဘာဝကျပါတယ်။ ရုရှား၊ တရုတ်တို့နဲ့ မိတ်ဖွဲ့မှုတွေ လုပ်တယ်။ ရုရှားနိုင်ငံက လက်နက်ပစ္စည်း တွေဝယ်တယ်။ တရုတ်ပြည်ကို ရေနံရောင်းဖို့၊ ဗင်နီဇွဲလားပြည်တွင်း ရေနံလုပ်ငန်းမှာ တရုတ်ပြည်က လာရောက်ရင်းနှီး မြှုပ်နှံဖို့ သဘောတူညီချက်တွေ လုပ်တယ်။ ဘရာဇီးလ်၊ အာဂျင်တီးနားတို့နဲ့လဲ မဟာဗျူဟာမိတ်ဖက် ဖွဲ့ထားတယ်။ ကျူးဘားနဲ့လဲ ကောင်းမွန်တဲ့ဆက်ဆံရေးကို ထူထောင်ထားနိုင်တယ်။

အခု အိန္ဒိယခရီးစဉ်မှာလည်း နိုင်ငံရေး၊ စီးပွားရေးသဘောတူညီချက်တွေ အများအပြားရရှိခဲ့တယ်။ စီးပွား

ရေးမှာ ဆေးဝါးလုပ်ငန်း၊ ရေနံနဲ့စွမ်းအင်၊ ကွန်ပြူတာနဲ့အပျော့ထည်၊ အစားအစာစက်မှုလုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်ရေးစတဲ့ကဏ္ဍစုံ ပါဝင်တယ်။ ခရီးစဉ်အပြီးမှာထုတ်ပြန်ခဲ့တဲ့ နှစ်နိုင်ငံသဘောတူညီချက်မှာ "နိုင်ငံတကာ့အနေအထားသစ်နဲ့ ကိုက်ညီစေရန်အတွက် ကုလသမဂ္ဂကို ပြန်လည်ပြုပြင်ဖွဲ့စည်းရန် အရေးတကြီး လိုအပ်နေသည်" လို့ ပါရှိတယ်။ နောက်ပြီး "ဝင်ရိုးစုံကမ္ဘာ့စနစ်အတွင်းတွင် တောင်ကမ္ဘာသည် အဓိကရ ဝင်ရိုး တခုအဖြစ် ပါဝင်သွားမည်။ တောင်ကမ္ဘာ၏ စုစည်းထားသော၊ လက်တွေ့ကျပြီး လေးနက်သောအသံ" ကို ကိုယ်စား ပြုနိုင်ရန်အတွက် ဘက်မလိုက်လှုပ်ရှားမှုကို ပြန်လည်အသက်သွင်းရန် လိုအပ်ကြောင်း နှစ်နိုင်ငံက အလေးထား ဖော်ပြခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

ခြုံပြီးပြောရရင် ချာဗက်စ်ရဲ့ အိန္ဒိယခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်လို့ ဆိုနိုင်ပါတယ်။ အမေရိကန်က ထူထောင်ဖို့လုံးပန်းနေတဲ့ ဝင်ရိုးတခုကမ္ဘာ့စနစ်ကို အန်တုစိန်ခေါ်လိုက်တာလည်း ဖြစ်ပါတယ်။ ဒီလိုမဟာအင်အားကြီးကို ရင်ဆိုင်နိုင်ဖို့အတွက် စုစည်းနိုင်သမျှအင်အားစုတွေ စုစည်းကြဖို့ လိုအပ်လှပါတယ်။ အထူးသဖြင့် အမေရိကန်ရဲ့လက်တကမ်းအတွင်းမှာ နေနေရတဲ့ ဗင်နီဇွဲလားလို နိုင်ငံအဖို့တော့ ပိုလို့တောင်လိုအပ်ပါတယ်။ ။

# အိန္ဒိယ နိုင်ငံခြားရေး ဝန်ကြီးရဲ့ ဗမာပြည်ခရီး

ရဲဘော်မျိုးတင့်လွင်

ဒီနှစ် ဖေဖော်ဝါရီလဆန်းပိုင်းက အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနတ္တဝါဆင်းဟာ ဗမာပြည်ကို ခရီးထွက်ခဲ့တယ်။ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ကုန်သွယ်ရေး၊ ဓာတ်ငွေ့ပိုက်လိုင်းနဲ့ လုံခြုံရေးကိစ္စစတာတွေကို ဆွေးနွေးကြတယ်လို့ သိရပါတယ်။ တကယ်ကတော့ ဒီခရီးစဉ်ဟာ အိန္ဒိယက ဗမာပြည်အပေါ် ပြောင်းလဲကျင့်သုံးခဲ့တဲ့ 'အပြုသဘောထိတွေ့ဆက်ဆံရေး' (Constructive Engagement) ကို ဆက်လက်ထိန်းသိမ်းထားရေး၊ နယ်စပ် လုံခြုံရေးနဲ့ တည်ငြိမ်ရေးလုပ်ငန်းတွေမှာ ဗမာပြည်ရဲ့ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အဓိက ရည်ရွယ်တယ်လို့ ယူဆရပါတယ်။ အိန္ဒိယနိုင်ငံရဲ့အရှေ့မြောက်နယ်စပ်လုံခြုံရေးကိစ္စဟာ အိန္ဒိယအတွက် အရေးကြီးကိစ္စတရပ်ပဲ ဖြစ်ပါတယ်။ ဗမာပြည်အပေါ် အိန္ဒိယပေါ်လစီပြောင်းလဲလိုက်ခြင်းမှာ ဒီကိစ္စဟာလည်း အကြောင်းအချက်တခု ဖြစ်ပါတယ်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့တာ ဆယ်စုနှစ်တစု ကြာခဲ့ပြီး ဖြစ်ပေမယ့် တိုးတက်မှုတော့ သိပ်မရှိလှပါဘူး။ နယ်စပ်ကုန်သွယ်မှုအများစုဟာ မှောင်ခိုစီးပွားရေးပဲ ဖြစ်နေပါတယ်။ အဓိကပြဿနာကတော့ အကျင့်ပျက်ခြစားနေတဲ့ ဗမာပြည်အုပ်ချုပ်ရေးယန္တရားနဲ့ လမ်းပန်းဆက် သွယ်ရေးစတဲ့ အခြေခံအဆောက်အအုံညံ့ဖျင်းမှုတွေကြောင့်ပါပဲ။

ဒီခရီးစဉ်မှာ ထူးခြားတယ်လို့ ဆိုနိုင်တာက အိန္ဒိယရဲ့ထုတ်ပြန်ချက်မှာ "တည်ငြိမ်တဲ့၊ ငြိမ်းချမ်းတဲ့၊ ကြွယ်ဝတဲ့၊ ဒီမိုကရေစီရှိတဲ့ မြန်မာနိုင်ငံ ပေါ်ထွန်းလာမည်" ကို အိန္ဒိယက မျှော်လင့်ကြောင်း ပါရှိခဲ့တာပါပဲ။ တကယ်ကတော့ ဘယ်နိုင်ငံမဆို ကိုယ့်အိမ်နားနီးချင်းမှာ အပူကွက်ဖြစ်မှာကို မလိုလားကြပါဘူး။ အဲဒီအပူကွက်က ကိုယ့်အိမ်ကိုကူးမှာ စိုးရိမ်ကြပါတယ်။ ဒါကြောင့် တည်ငြိမ်အေးချမ်းမှု ရှိစေချင်ကြတာချည်းပါ။ ဒါမှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်မယ်။ ကုန်သွယ်မှုတွေ ဖွံ့ဖြိုးတိုးတက်နိုင်မှာ ဖြစ်ပါတယ်။

ဗမာပြည်လိုနိုင်ငံကျတော့ စစ်အစိုးရရဲ့လုပ်ရပ်တွေက အန္တရာယ်ကို လက်ရပ်ခေါ်သလို ဖြစ်နေတယ်။ ဗမာပြည်ကတဆင့် ကျန်ဒေသတွေနဲ့ စီးပွားကုန်သွယ်မှုတွေ လုပ်ဖို့ဟာလည်း လမ်းပန်းဆက်သွယ်ရေးစတာတွေက ညံ့ဖျင်းတယ်။ ပိုဆိုးတာက စစ်အစိုးရက ပေါ်လစီတွေခဏခဏပြောင်းနေတဲ့အပြင် အကျင့်ပျက်ခြစားမှုတွေကလည်း ကုန်သွယ်မှုအတွက် အဟန့်အတားတွေဖြစ်နေတယ်။ လမ်းပန်းမကောင်းရင် ကူဆောက်ပေး၊ ပြင်ပေးလို့ရပေမယ့် အုပ်ချုပ်ရေးယန္တရားပိုင်းရဲ့ ယိုယွင်းပျက်စီးမှုကိုတော့ ဝင်ပြင်ပေးလို့ မရပါ။ ။

# တရုတ်ပြည်

# နဲ့

# အိန္ဒိယပြည်ဟာ

# **မဟာဗျူဟာအပေါင်းအဖော်တွေ ဖြစ်နိုင်သလား**

စိုးကျော်

(၁)

အိန္ဒိယပြည်ထုတ် အာရှခေတ် (**Asian Age**) စာစောင်ထဲမှာ ဆောင်းပါးရှင် ဆူဘရာမာနီယန်ဆွာမိ ဆိုသူက "တရုတ်ပြည်နဲ့ အိန္ဒိယပြည်ဟာ မဟာဗျူဟာအပေါင်းအဖော်တွေ ဖြစ်နိုင်သလား" ဆိုပြီး သုံးသပ်ရေးသားထားတာကို ဖတ်ရှုရပါတယ်။ ၂၁ ရာစုမှာ မဟာဗျူဟာအပေါင်းအဖော်ဖြစ်ဖို့ (၁) စီးပွားရေးအကျိုးရှိမှု (၂) ကမ္ဘာလုံးဆိုင်ရာ ဩဇာသက်နိုင်မှု (၃) အမျိုးသားလုံခြုံရေးပိုမိုကောင်းမွန်မှုဆိုတဲ့ ဘက်သုံးဘက်အကျိုးရှိဖို့ လိုအပ်တယ်လို့ ဆိုထားပါတယ်။ ဒီဘက်သုံးဘက်လုံး အကျိုးရှိမှသာ မဟာဗျူဟာအပေါင်းအဖော် ဖြစ်နိုင်ပါတယ်။ ဘက်တဖက်ဖက်လိုနေတယ်ဆိုရင်ပဲ အပေါင်းအဖော် မဖြစ်နိုင်တော့ပါ။ ဒါကြောင့် ဘက်သုံးဘက်လုံးကို သေချာသုံးသပ်ပြီးမှသာ မဟာဗျူဟာအပေါင်းအဖော်ဖွဲ့သင့်တယ်လို့ ဆိုပါတယ်။ ဆောင်းပါးရှင်ကတော့ စီးပွားရေးဘက်ကို အလေးတင်းသုံးသပ်ထားတာ တွေ့ရပါတယ်။

၁၉ ရာစု အစောပိုင်းကဆိုရင် တရုတ်ပြည်နဲ့ အိန္ဒိယပြည်တို့ရဲ့ စုစုပေါင်းလူဦးရေဟာ ကမ္ဘာ့လူဦးရေစုစုပေါင်းရဲ့ တဝက်နီးပါးရှိသလို ပြည်တွင်းထုတ်လုပ်မှုစုစုပေါင်း (**GDP**) ဟာလည်း ကမ္ဘာ့ထုတ်လုပ်မှုစုစုပေါင်းရဲ့ တဝက်နီးပါးရှိခဲ့တယ်။ ဒါပေမဲ့ နှစ်နိုင်ငံလုံးဟာ ကိုလိုနီလက်အောက် ကျရောက်ခဲ့ပြီးနောက် နှစ်ပေါင်း ၁၅၀ အတွင်း ကမ္ဘာ့ထုတ်လုပ်မှုစုစုပေါင်းမှာ နှစ်နိုင်ငံရဲ့ထုတ်လုပ်မှုစုစုပေါင်း ပါဝင်မှုဟာ ၇% သာ ရှိပါတော့တယ်။ လူဦးရေစုစုပေါင်းဟာလည်း ကမ္ဘာ့လူဦးရေစုစုပေါင်းရဲ့ ၄၅% ဖြစ်သွားပါတယ်။ ၁၉၅၀ ခုနှစ်မှာ အာရှတိုက်ရဲ့ ဖျားနာနေတဲ့ တိုင်းပြည်တွေ ဖြစ်ခဲ့ရတယ်။

ဒီလိုနဲ့ နှစ်နိုင်ငံစလုံးဟာ အခက်အခဲအမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းခဲ့ကြပြီးနောက် ပြန်နာလန်ထူလာကြတယ်။ အခုအခါမှာတော့ ပြီးခဲ့တဲ့ရာစုနှစ် နှစ်ခုအတွင်းဆုံးရှုံးခဲ့ရတာတွေရဲ့ တစိတ်တပိုင်းကို ပြန်လည်ရရှိလာခဲ့ကြပြီ ဖြစ်ပါတယ်။ လက်ရှိမှာ နှစ်နိုင်ငံပြည်တွင်း စုစုပေါင်းထုတ်လုပ်မှုဟာ ကမ္ဘာ့ထုတ်လုပ်မှုစုစုပေါင်းရဲ့ ၁၈% ဖြစ်ပြီး နှစ်နိုင်ငံ လူဦးရေစုစုပေါင်းကတော့ ကမ္ဘာ့လူဦးရေစုစုပေါင်းရဲ့ ၃၈% ဖြစ်ပါတယ်။ နှစ်နိုင်ငံစလုံးဟာ လက်ရှိဖွံ့ဖြိုးမှုနှုန်းအတိုင်းသာ ဆက်ဖွံ့ဖြိုးသွားမယ်ဆိုရင် ၂၀၂၅ ခုနှစ်မှာ ဆုံးရှုံးသွားတဲ့ ၁၉ ရာစုက အနေအထားကို

ပြန်လည်ရရှိနိုင်ပါလိမ့်မယ်။

ဒါပေမဲ့ နှစ်နိုင်ငံစလုံးဟာ လက်ရှိအနေအထားတွေအရ မကြာခင်မှာ ဘဏ္ဍာရေးအကျပ်အတည်းတွေကို ရင်ဆိုင်ရစရာ ရှိတယ်။ ရင်ဆိုင်ကျော်လွှားနိုင်ကြမှာလည်း ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ် ၂၁ ရာစုမှာ အမေရိကန်ပြည်ထောင်စု၊ တရုတ်ပြည်နဲ့ အိန္ဒိယပြည်တို့ဟာ သူတို့ရဲ့ နည်းပညာတွေဘက်မှာ သူတို့အသီးသီးရဲ့ အင်အားတွေကြောင့် ကမ္ဘာ့စီးပွားရေးကို လွှမ်းမိုးနေပါလိမ့်မယ်။ ဒီလိုအခြေအနေမှာ အိန္ဒိယနိုင်ငံအနေနဲ့ အလားအလာသုံးမျိုးကို တွက်ချက်ရလိမ့်မယ်။ တရုတ်ကိုဆန့်ကျင်ပြီး အိန္ဒိယနဲ့အမေရိကန်တို့ မဟာဗျူဟာအပေါင်းအဖော်ဖွဲ့တာ။ အမေရိကန်ကိုဆန့်ကျင်ပြီး အိန္ဒိယနဲ့ တရုတ်တို့ မဟာဗျူဟာအပေါင်းအဖော်ဖွဲ့တာနဲ့ အိန္ဒိယကိုဆန့်ကျင်ပြီး အမေရိကန်နဲ့ တရုတ်တို့ မဟာဗျူဟာအပေါင်းအဖော်ဖွဲ့တာတို့ ဖြစ်ပါတယ်။ တတိယအလားအလာကတော့ အိန္ဒိယအတွက် အကြီးအကျယ်အကျိုးဆုတ်ယုတ်စေမှာမို့ အဲဒီလိုမဖြစ်အောင် အစွမ်းကုန်တားဆီးရမှာ ဖြစ်တယ်။ အဲဒီလိုမဖြစ်နိုင်ပေမယ့် ကြိုမစဉ်းစား မတွက်ချက်ထားလို့တော့ မဖြစ်ပါ။

သုတေသနနဲ့ဖွံ့ဖြိုးရေး (**R&D**) အပေါ်အခြေခံတဲ့ နည်းပညာတီထွင်နိုင်မှုဟာ စီးပွားရေးရဲ့ အဓိကမောင်းနှင်အားဖြစ်ပြီး ဒီအရေးပါတဲ့နယ်ပယ်မှာ အမေရိကန်ဟာ တရုတ်နဲ့အိန္ဒိယ နှစ်နိုင်ငံစလုံးရဲ့ ရှေ့တော်တော်လှမ်းလှမ်းမှာ ရောက်နေတဲ့အတွက် သူ့ကိုဆန့်ကျင်ဘက်ပြုရေးဟာ နှစ်နိုင်ငံစလုံးအတွက် မိုက်မဲတာပဲ ဖြစ်ပါလိမ့်မယ်။ အိန္ဒိယပြည်ထက်စာရင် ပို့ကုန်ရှေ့ဆောင်တဲ့ မဟာဗျူဟာကျင့်သုံးနေတဲ့ တရုတ်ပြည်အတွက် အမေရိကန်နိုင်ငံဟာ ပိုအရေးကြီးပါတယ်။ အမေရိကန်ဟာ တရုတ်ပြည်အတွက် အကြီးမားဆုံးပို့ကုန်ဈေးကွက်ကြီး ဖြစ်တယ်။ ဒ့ါအပြင် အဲဒီပို့ကုန်တွေစုစုပေါင်းရဲ့ တဝက်လောက်ဟာ အမေရိကန်လိုလားတဲ့ အရှေ့အာရှနိုင်ငံတွေနဲ့ အမေရိကန်အမှူးပြုတဲ့ နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေက တရုတ်ပြည်တွင်းမှာ သွားရင်းနှီးမြှုပ်နှံထားတဲ့ ဖက်စပ်လုပ်ငန်းကြီးတွေရဲ့ ထုတ်ကုန်တွေ ဖြစ်တယ်။ ဒါကြောင့် တရုတ်က အိန္ဒိယနဲ့ ဗျူဟာမြောက်အပေါင်းအဖော်ဖွဲ့ပြီး အမေရိကန်ကို ဆန့်ကျင်မယ်ဆိုတာ အဓိပ္ပာယ်မရှိပါ။

တဖက်မှာလည်း အိန္ဒိယနဲ့တရုတ် နှစ်နိုင်ငံအကြားမှာ စီးပွားရေးအကျိုးစီးပွားအရ ပဋိပက္ခတွေဖြစ်လာစရာ ရှိနေပါတယ်။ အထင်ကရနယ်ပယ်သုံးခုကတော့ (၁) ပို့ကုန်ရှေ့ရှုတဲ့ လုပ်အားအလေးကဲတဲ့ တရုတ်ပြည်စက်မှုလုပ်ငန်းအတွင်းမှ လုပ်အားခတွေဟာ အိန္ဒိယပြည်ထက် ပိုမြင့်မားလာတဲ့အပြင် အိန္ဒိယပြည်ရဲ့ ပြန်လည်နိုးထလာတဲ့ စက်မှုလုပ်ငန်းကြောင့် အရှေ့အာရှနိုင်ငံတွေရဲ့စက်မှုလုပ်ငန်းတွေ အိန္ဒိယပြည်ဘက် ပြောင်းလာနိုင်တယ်။ ဒီအခွင့်အလမ်းကို အိန္ဒိယအစိုးရအနေနဲ့ အမိအရ ဆုပ်ဖမ်းရမယ်။ လိုအပ်တဲ့ ဆွဲဆောင်မှုတွေပေးနိုင်ဖို့ ပြုပြင်ရေးတွေ ပြုလုပ်ရမယ်။ ဒါဆိုရင် တရုတ်ပြည်ကို ထိခိုက်စေမှာပဲ ဖြစ်တယ်။ အရှေ့အာရှနိုင်ငံတွေ အိန္ဒိယပြည်မှာ လာရင်းနှီးမြှုပ်နှံမှာကို အမေရိကန်ပြည်ကသာ နှောင့်နှေးစေနိုင်တာ ဖြစ်တယ်။ (၂) တရုတ်ပြည်ဟာ ခေတ်မီအထည်အလိပ်လုပ်ငန်းနဲ့ ကွန်ပြူတာအမာထည်လုပ်ငန်းတွေမှာ အကျိုးအမြတ် ကြီးစွာရရှိနေတာ ဖြစ်တယ်။ အိန္ဒိယပြည်ဟာ ဒီနယ်ပယ်တွေမှာ စတင်အမီလိုက်လာနေပြီ ဖြစ်တယ်။ ၂၀၁၀ ခုနှစ်လောက်ဆိုရင် တရုတ်ပြည်ရဲ့ပြိုင်ဘက် ဖြစ်လာလိမ့်မယ်။ ဒါက အမေရိကန်နိုင်ငံအတွက် ပြည်ပမှာ နည်းပညာမြင့်လုပ်ငန်းတွေ လုပ်ကိုင်ရာမှာ ရွေးချယ်စရာအခွင့်အလမ်း အသစ်ကို ရရှိစေမှာ ဖြစ်တယ်။ တရုတ်ပြည်ရဲ့စီးပွားရေး အကျိုးစီးပွား ကိုတော့ ထိခိုက်စေမှာ ဖြစ်တယ်။ (၃) အိန္ဒိယပြည်ဟာ ကျရောက်လာမယ့် ဘဏ္ဍာရေးအကျပ်အတည်းကို ကောင်းကောင်းထိရောက်တဲ့ ပြုပြင်ပြောင်းလဲမှုအသစ်တွေနဲ့ ကျော်လွှားနိုင်ပြီး ပြန်နာလန်ထူလာမယ်ဆိုရင် စီးပွားရေး ကြီးထွားမှုနှုန်းဟာ လက်ရှိနှစ်စဉ် ၆% နှုန်းထက် အရှိန်ပိုမြင့်လာလိမ့်မယ်။ အဲဒီအခါမှာ ရေနံ၊ ဘဏ္ဍာငွေစတဲ့ နိုင်ငံခြားမှ အရင်းအမြစ်တွေ အများကြီးပိုလိုလာတော့မှာ ဖြစ်တယ်။ တရုတ်ပြည်နဲ့ အပြိုင်ရှာရမှာ ဖြစ်တယ်။ ရေနံအရင်းအမြစ်နိုင်ငံတွေဟာ ကူဝိတ်၊ ဆော်ဒီအာရေဗျနဲ့ (နောင်မှာ အီရတ်ပါလာနိုင်) တို့ ဖြစ်တဲ့အတွက် ဒီနေရာမှာလည်း အမေရိကန်က ထိန်းချုပ်တဲ့အခန်းမှာ ရှိနေပြန်တာ ဖြစ်တယ်။

(၂)

အိန္ဒိယနဲ့တရုတ် နှစ်နိုင်ငံဟာ သမိုင်းကြောင်းအရ ဘက်ပေါင်းစုံမှာ သဘာဝအပေါင်းအဖော်တွေ ဖြစ်ကြတယ်။ ရှည်လျားတဲ့နယ်နိမိတ် မျဉ်းကြောင်းတွေရှိတဲ့ အိမ်နီးချင်းနိုင်ငံတွေ ဖြစ်ကြတယ်။ နှစ်ပေါင်း ၅၀၀၀ ကျော်သက်တမ်းရှိတဲ့ ငြိမ်းချမ်းတဲ့၊ မှန်တန်းကျတဲ့ အပြန်အလှန် ဆက်ဆံရေးတွေ ရှိခဲ့ကြတယ်။ ၁၉၅၈–၁၉၇၈ အထိ နှစ် ၂၀ က လွဲလို့ပေါ့။ သမိုင်းအရ၊ ယဉ်ကျေးမှုအရ၊ ပထဝီအရ အိန္ဒိယနဲ့တရုတ် နှစ်နိုင်ငံဟာ သဘာဝအပေါင်း အဖော်တွေ ဖြစ်ကြတယ်။ ဒါပေမဲ့ အဲဒီအကြောင်းကြောင့်ဖြစ်ဖြစ်၊ တရုတ်ပြည်က မဟာဗျူဟာအပေါင်းအဖော်ဖွဲ့ဖို့ ကမ်းလှမ်းလာလို့ဖြစ်ဖြစ် အိန္ဒိယနိုင်ငံအနေနဲ့ ချက်ချင်းလက်ခံဆွေးနွေးလိုက်ရမှာလား။ ဒါမှမဟုတ် အိန္ဒိယအနေနဲ့ စီးပွားရေးအရ၊ စစ်ရေးအရ ပိုမိုအားကြီးလာပြီး တရုတ်ပြည်နဲ့ အိန္ဒိယပြည်အကြားကွာဟမှု ကျဉ်းမြောင်းသွားတဲ့အထိ မစောင့်သင့်ဘူးလား။ ဒါ့အပြင် ဒီလိုအပေါင်းအဖော်ဖွဲ့မှု အတွင်းမှာ အိန္ဒိယပြည်က တရုတ်ပြည်ကို ဘာတွေပေးနိုင်မလဲ၊ တရုတ်ပြည်ဆီကကော ဘာတွေရနိုင်မလဲ၊ နောက်ပြီး အခုလိုဖွဲ့လိုက်လို့ အမေရိကန်နိုင်ငံနဲ့ ဆက်ဆံရေးကြဲသွားမယ့် တန်ဖိုးကော ပြန်ကျေပ့ါမလား။ ဒါတွေအားလုံး တွက်ချက်စဉ်းစားရပါမယ်။ အချိန်ရွေးချယ်မှုဟာ အလွန်အရေးကြီး လှပါတယ်။

တရုတ်နဲ့အိန္ဒိယတို့ရဲ့ အနာဂတ်မှာ ဖွဲ့စည်းမယ့် မဟာဗျူဟာအပေါင်းအဖော်ဖွဲ့မှုမှာ တရုတ်ပြည် အကျိုးအတွက် အိန္ဒိယအနေနဲ့ အောက်ပါအချက်တွေ ကမ်းလှမ်းနိုင်တယ်။

၁–တိဘက် ဒုက္ခသည်တွေအပေါ် နိုင်ငံရေးအရ တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ကာ အိန္ဒိယမှာ တိဘက်အ စိုးရ ဖွဲ့စည်းမှုကို ဖြိုဖျက်ပစ်ရမယ်။ ဒါဟာ တရုတ်နဲ့ ချုပ်ဆိုခဲ့တဲ့ ၁၉၅၄ စာချုပ်ကို ထိန်းသိမ်းခြင်း ဖြစ်တယ်။ ဒါပေမဲ့ တိဘက်လူ့အခွင့်အရေးနဲ့ ဘာသာရေးလွတ်လပ်မှုကိစ္စရပ်အပေါ် မိတ်ဆွေသဘောနဲ့ တင်ပြသွားရမယ်။

၂–တရုတ်ပြည် ပြည်မကြီးနဲ့ထိုင်ဝမ် နည်းလမ်းတကျ ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးအတွက် တရုတ် ပြည်ရဲ့ကြိုးပမ်းမှုတွေကို အိန္ဒိယနိုင်ငံက ထောက်ခံမယ်။ တရုတ်နှစ်နိုင်ငံဆိုတာကို အိန္ဒိယက ဘယ်တော့မှ အသိအမှတ်ပြုမှာမဟုတ်ဘူး။ ဒါနဲ့ပတ်သက်လို့ ရှင်းလင်းပြတ်သားစွာ ဖြစ်စေရမယ်။ တကယ်လို့ ထိုင်ဝမ်က တဖက်သတ် လွတ်လပ်ရေးကြေညာခဲ့ရင် တရုတ်နိုင်ငံအနေနဲ့ မူအားဖြင့် စစ်ရေးနည်းကို အသုံးပြုနိုင်တယ်လို့ အိန္ဒိယနိုင်ငံက သဘောရကြောင်း အခိုင်အမာပြောနိုင်တယ်။ ဒီပြဿနာက ရှုပ်ထွေးတယ်။ ဘာကြောင့်လဲဆိုတော့ ထိုင်ဝမ်နဲ့ အမေရိကန်က စစ်စာချုပ် ရှိတယ်။ နောက်ပြီး ပြီးခဲ့တဲ့ နှစ် ၂၀ အတွင်း နိုင်ငံတကာဆွေးနွေးပွဲ အတော်များများ မှာ ထိုင်ဝမ် တရားဝင်ပါဝင်ခွင့်ကို တရုတ်က မကန့်ကွက်ခဲ့ဘူး။ ဒါကြောင့် ဒီလိုလုပ်ဆောင်ဖို့ ဖြစ်နိုင်ချေရှိလာရင် အိန္ဒိယ နိုင်ငံဟာ တရုတ်ပြည်နဲ့ဆွေးနွေးဖို့ လိုအပ်တယ်။

၃–နည်းပညာ၊ ဆေးဝါးနဲ့ ဇီဝနည်းပညာဆိုင်ရာ စက်မှုလုပ်ငန်းတွေမှာ အိန္ဒိယနိုင်ငံက အပျော့ထည် နည်းပညာနဲ့ (R&D) ရလဒ်တွေ မျှဝေမယ်လို့ ကမ်းလှမ်းနိုင်တယ်။

၄–တောင်အာရှနိုင်ငံများဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SAARC) မှာ ပါဝင်ဖို့ တရုတ်ပြည်ကို ကမ်းလှမ်းနိုင်တယ်။

အိန္ဒိယအကျိုးအတွက် တရုတ်ပြည်ဘက်က အောက်ပါအချက်တွေ ဖြည့်ဆည်းပေးဖို့ တောင်းဆိုသင့်တယ်။

၁–ပါကစ္စတန်နိုင်ငံမှာ ကက်ရှ်မီးယားဒေသကို ဥပဒေအရ အရေးဆိုခွင့် မရှိဘူးဆိုတာကို အသိ အမှတ်ပြုရမယ်။ အိန္ဒိယနိုင်ငံမှာသာ ၁၉၄၇ အိန္ဒိယပြည်လွတ်လပ်ရေးဥပဒေအရ အဲဒီအခွင့်အရေး ရှိတယ်။ ဒီဥပဒေကြောင့် ပါကစ္စတန်နိုင်ငံဟာ တရားဝင်နိုင်ငံတနိုင်ငံဖြစ်လာလို့ ပါကစ္စတန်ဟာ ဒီဥပဒေနဲ့အကျုံးဝင်တယ်။ ဒါပေမဲ့ ကက်ရှ်မီးယားပြည်သူတွေရဲ့ဆန္ဒအတိုင်း ဖြစ်စေရမယ်ဆိုပြီး ဂျဝါဟာလာနေရူးက တဖက်သတ်ပေးထား တဲ့ကတိကို ပါကစ္စတန်နိုင်ငံက ချစ်ကြည်ရင်းနှီးတဲ့ ရပ်တည်ချက်ကို ပြသခဲ့မယ်ဆိုရင် အိန္ဒိယက လိုက်နာ ကျင့်သုံး နိုင်တယ်။ ဒီကိစ္စမှာ တရုတ်ပြည်က ပါကစ္စတန်ကို ပူးပေါင်းဆောင်ရွက်လာဖို့ ဩဇာသုံးနိုင်တာ ဖြစ်တယ်။

၂–ပါကစ္စတန်၊ သီရိလင်္ကာ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ နီပေါမှာ ခြေကုတ်စခန်းယူပြီး အိန္ဒိယနိုင်ငံတွင်း

အကြမ်းဖက်လုပ်ရပ်များအပေါ် ချေမှုန်းပစ်ရေးဆိုတဲ့ အိန္ဒိယရဲ့ ဆုံးဖြတ်ချက်ကို ထောက်ခံဖို့။

၃–ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဗီတိုအာဏာကျင့်သုံးနိုင်တဲ့ အမြဲတမ်းအဖွဲ့ဝင်အဖြစ် အိန္ဒိယနိုင်ငံကို တရုတ်ပြည်က အဆိုပြုပေးဖို့။ ၁၉၄၉ ခုနှစ်တုန်းက ချန်ကေရှိတ်အစိုးရ ပြိုကွဲပြီး ပြည်မကြီးက မောင်းထုတ်ခံရစဉ်က ကုလသမဂ္ဂမှာ တရုတ်ပြည်ရဲ့နေရာကို ချန်ကေရှိတ်အစိုးရကိုပေးဖို့ အိန္ဒိယနိုင်ငံက ငြင်းဆိုခဲ့တာကို ပြန်ထောက်ထားဖို့ ဖြစ်တယ်။

၄–ရှန်ဟိုင်းလေး (**Shanghai Four**) နဲ့ အေပက် (**APEC**) တို့မှာ ပါဝင်ဖို့ အိန္ဒိယနိုင်ငံကို ဖိတ်ခေါ်ရမယ်။

အိန္ဒိယနဲ့တရုတ်နှစ်နိုင်ငံဟာ ပူးတွဲအကျိုးအတွက် အောက်ပါနယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်နိုင်တယ်။

၁–အစွရေးလ်၊ ရုရှား၊ အာဖဂန်နစ္စတန်နဲ့ အီရန်တို့နဲ့အတူ (**R&D**)၊ စွမ်းအင်၊ အကြမ်းဖက်မှုနဲ့မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ ယဉ်ကျေးမှုစတဲ့နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ သက်ဆိုင်ရာနယ်ပယ်တွေအလိုက် လက်တွေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး။

၂–စီးပွားရေးနဲ့လူမှုရေး တိုးတက်ရေးဖွံ့ဖြိုးရေးအတွက် ဗဟိုအာရှနိုင်ငံများကို ပူးတွဲအကူအညီပေးရေး။

၃–အိန္ဒိယနိုင်ငံအရှေ့မြောက်မှာ နယ်စပ်ကုန်သွယ်ရေး၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေး၊ ဘင်္ဂလားဒက်ရှ်နိုင်ငံနဲ့ ရေအရင်းအမြစ် စီမံခန့်ခွဲရေး၊ မြန်မာနိုင်ငံနဲ့ ရေသွယ်တူးမြောင်းများတူးဖော်ရေးစတဲ့ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး။

၄–တောင်အာရှနဲ့ အရှေ့အာရှနိုင်ငံများအကြား လွတ်လပ်တဲ့ကုန်သွယ်ရေးအုပ်စု ထူထောင်ကြီးထွားစေရေး။

၅–အိန္ဒိယ၊ တရုတ်နဲ့ အမေရိကန်တို့က အဓိကနေရာမှာရှိမယ့် ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေးနဲ့ နည်းပညာအဆောက်အအုံအသစ်သို့ ချောမွေ့စွာ ကူးပြောင်းသွားရေးအတွက် အမေရိကန်နိုင်ငံနဲ့ ပူးတွဲဆွေးနွေးကြရေး။

ဒီအချက်တွေကိုကြည့်ခြင်းအားဖြင့် အိန္ဒိယနဲ့တရုတ်တို့ဟာ မဟာဗျူဟာအပေါင်းအဖော်ဖွဲ့မယ်ဆိုရင် လတ်တလောမှာ စီးပွားရေးဘက်မှာ အကျိုးအမြတ်မရှိပေမယ့် ကျန်တဲ့ဘက်နှစ်ဘက်ဖြစ်တဲ့ ကမ္ဘာလုံးဆိုင်ရာ သြဇာသက်မှုနဲ့ အမျိုးသားလုံခြုံမှုဘက်တွေမှာတော့ အများကြီး အကျိုးအမြတ်ရှိမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဘက်သုံးဘက်မှာ စီးပွားရေးဘက်ဟာ အရေးအကြီးဆုံးဖြစ်တယ်။ ဒါကြောင့် စီးပွားရေးဘက်မှာ အကျိုးအမြတ်ရဖို့ မသေချာသေးဘဲနဲ့ မဟာဗျူဟာအပေါင်းအဖော်ဖွဲ့မှုကို မလုပ်သင့်ပါ။ စီးပွားရေးနယ်ပယ်မပါဘဲ ကျန်နယ်ပယ်နှစ်ခုထဲနဲ့ မဟာဗျူဟာ အပေါင်းအဖော်ဖွဲ့မှုဟာ ခိုင်မာမှုရှိမှာ မဟုတ်ပါ။ ဘက်သုံးဘက်လုံး ပြည့်စုံမှသာ ဖွဲ့သင့်ပါတယ်။

တရုတ်ပြည်အနေနဲ့ကြည့်ရင်လည်း သူ့ရဲ့စီးပွားရေးကြီးထွားမှုအတွက် အနည်းဆုံး ဆယ်စုနှစ်စုလောက် အမေရိကန်ရဲ့ ပျော့ပျောင်းတဲ့ သဘောထားကို ရရှိဖို့ လိုပါတယ်။ ဒါကြောင့်မို့ တရုတ်ပြည်ဘက်ကလဲ အမေရိကန်က မျက်စိစပါးမွေးစူးမယ့်ကိစ္စမျိုးကို လောလောဆယ်ကာလမှာ လုပ်မှာမဟုတ်ပါ။

## (၃)

ဘယ်သူဟာ ဘယ်သူ့ရဲ့ "သဘာဝမဟာမိတ်" ဖြစ်သလဲ၊ ဘယ်လိုအခြေအနေမှာနဲ့ ဘာအတွက် ဖြစ်သလဲ ဆိုတာကို ကျွန်တော်တို့သိဖို့ လက်တွေ့နိုင်ငံရေးမှာ လိုပါတယ်။ ဒါဟာ ဒီကနေ့ရဲ့ အတိအလင်းမေးခွန်းဖြစ်ပြီး အဖြေတွေရဖို့ ပညာဉာဏ်ပါတဲ့ ငြင်းခုံဆွေးနွေးမှုတွေ အများကြီး လိုပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့သဘာဝအပေါင်းအဖော်ဟာ ဘယ်သူဖြစ်မလဲဆိုတာကို ဆုံးဖြတ်ဖို့အတွက် အဖြေရှာရာမှာ အသုံးပြုရမယ့် မေးခွန်းလည်း ဖြစ်ပါတယ်။ ဖြစ်ပေါ်လာမယ့်အကျိုးဆက်တွေကို မတွက်ချက်ဘဲနဲ့ ဘယ်သူဟာဖြင့် ကျွန်တော်တို့ရဲ့ သဘာဝမဟာမိတ်ပဲဆိုပြီး ခပ်ပေါ့ပေါ့ မကြေညာသင့်ပါဘူး။ မဟာဗျူဟာအပေါင်းအဖော်ဖွဲ့လိုက်လို့ အဲဒီအပေါင်းအဖော်ဆီက ရလာမယ့် အကျိုးအမြတ်ဟာ ဒီအပေါင်းအဖော်ဖွဲ့မှုက ဆန့်ကျင်ဘက်ပြုလိုက်ရတဲ့ သူတွေဆီက ဆုံးရှုံးသွားမယ့် တန်ဖိုးထက် ပိုပြီးများမှသာ အဓိပ္ပာယ်ရှိမှာ ဖြစ်ပါတယ်။ ဒီလိုဆိုလို့ ဒီအပေါင်းအဖော်ဖွဲ့မှုဟာ တတိယနိုင်ငံတွေကို

ရန်ဘက်ပြုမယ်လို့ ဆိုလိုတာ မဟုတ်ဘူး။

ဥပမာအားဖြင့် အိန္ဒိယဝန်ကြီးချုပ်ဗာ့ချ်ပါရီးဟာ ဝါရှင်တန်ရောက်စဉ်မှာ အမေရိကန်ဟာ အိန္ဒိယနိုင်ငံရဲ့ “သဘာဝမဟာမိတ်” ဖြစ်တယ်လို့ ကြေညာခဲ့တယ်။ ဒါပေမဲ့ အိန္ဒိယကို ပြန်ရောက်တဲ့အခါကျတော့ ပါလီမန်တွင်းမှာ ကွန်ဂရက်ပါတီရဲ့ဖိအားကြောင့် အီရတ်နိုင်ငံတွင်း အမေရိကန်ရဲ့ “ကျူးကျော်မှု” ကို ရှုတ်ချပြီး တပ်တွေပြန်ဆုတ်ပေးဖို့ အမေရိကန်ကိုတောင်းဆိုတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့တယ်။ ဒီလိုမဟာမိတ်မျိုးကို အမေရိကန်က မလိုပါဘူး။ ပါကစ္စတန်မှာ ဆိုးကျိုးတွေများပြီး အိန္ဒိယမှာကောင်းကျိုးတွေရှိလျက်နဲ့ အမေရိကန်က ပါကစ္စတန်ကို ဦးစားပေးတာ အံ့သြစရာတော့ မဟုတ်ပါဘူး။ မဟာမိတ် သို့မဟုတ် အပေါင်းအဖော်ဖွဲ့မှုဆိုတာဟာ အပြန်အလှန်တာဝန်တွေရှိတဲ့ သဘောတူညီချက်မျိုး ဖြစ်တယ်။

အခုအချိန်အထိတော့ အမေရိကန်ကလည်း အမေရိကန်–အိန္ဒိယ မဟာဗျူဟာဆက်ဆံမှုထူထောင်ဖို့ အဆိုပြုတာ မရှိသေးပါဘူး။ အနီးကပ် ကာလအတွင်းမှာလည်း အဆိုပြုမယ့်အလားအလာ မမြင်သေးပါဘူး။ အိန္ဒိယနိုင်ငံနဲ့ အမေရိကန်နိုင်ငံကြား ဒီလိုမဟာဗျူဟာဆက်ဆံမှုမျိုးဟာလည်း အခုလောလောဆယ်နဲ့ နောက်နှစ်ငါးဆယ် အတွင်းမှာတော့ တန်းတူညီမျှတဲ့ဆက်ဆံမှုမျိုးဖြစ်မှာ မဟုတ်ဘူး။ အိန္ဒိယနိုင်ငံအနေနဲ့ အဆင့်နိမ့်တဲ့ အပေါင်းအဖော် (ဝါ) ဂျူနီယာပါတနာဘဝမျိုးကို လက်မခံနိုင်ပါဘူး။ ဂျူနီယာပါတနာတယောက်အနေနဲ့ အရေးကြီးတဲ့ပြဿနာတွေမှာ တန်းတူရည်တူ ပူးတွဲဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မှာမဟုတ်ဘူး။

(၄)

ပြန်ချုပ်ရမယ်ဆိုရင် –

(၁) တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြား မဟာဗျူဟာအပေါင်းအဖော်ဖွဲ့မှုကို စီးပွားရေး၊ ကမ္ဘာလုံးဆိုင်ရာ သြဇာသက်မှုနဲ့ အမျိုးသားအကျိုးစီးပွားဆိုတဲ့ ဘက်သုံးဘက်အရ ကြည့်မြင်ရမယ်။ ဘက်သုံးဘက် လုံးက ချဉ်းကပ်ရမှာ ဖြစ်တယ်။

(၂) သမိုင်းကြောင်း၊ ယဉ်ကျေးမှုနဲ့ ပထဝီဆိုင်ရာ အကြောင်းအချက်တွေအရဆိုရင် အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ဟာ ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စတွေမှာ အပေါင်းအဖော်တွေ ဖြစ်ရမှာ သဘာဝကျ တယ်။ ဒါပေမဲ့ အိန္ဒိယနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ မဟာဗျူဟာ အပေါင်းအဖော်ဖွဲ့ဖို့ဟာ အချိန်စော လွန်းပါသေးတယ်။ ကမ္ဘာပြုမှုဖြစ်စဉ်ကြောင့် နိုင်ငံတကာစီးပွားရေးမှာ ကြီးမားတဲ့ အပြောင်းအလဲတွေ ဖြစ်လာမှာနဲ့ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှာ ကျရောက်လာတော့မယ့် ဘဏ္ဍာရေး အကျပ် အတည်းတွေကြောင့် အချိန်စောသေးတယ်လို့ ပြောတာဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်နိုင်ငံအကြား အရေးကြီးတဲ့ အဆင့်အသီးသီးမှာ အပေါင်းအဖော်ဖွဲ့မှု အတွက် ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်သင့်ပါ တယ်။ နောင်မှာ နားလည်မှုလွဲမှားတာတွေကို ရှောင်ရှားနိုင်အောင် ဖြစ်ပေါ်လာမယ့် ဖြစ်ရပ်တွေကို တွေးမြင်ထားပြီး ပြဿနာတွေကို အကျေအလည်ဆွေးနွေးထားဖို့ လိုပါတယ်။

(၃) ကာလတခုအတွင်းမှာတော့ အမေရိကန်ဟာ ဈေးကွက်အရနဲ့ တီထွင်မှုရှိတဲ့နည်းပညာဘက်တွေမှာ အရေးပါရှေ့ဆောင်နေဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၂၀ ခုနှစ် မတိုင်မီအတွင်းမှာ အိန္ဒိယနိုင်ငံရော တရုတ်နိုင်ငံပါ အမေရိကန်ရဲ့ ကမ္ဘာလုံးဆိုင်ရာ အကျိုးစီးပွားတွေနဲ့ မကိုက်ညီတဲ့ နားလည်သဘောတူညီချက်တွေ ရယူဖို့ မဖြစ်နိုင်သေးပါ။ ဒါဟာ တရုတ်နိုင်ငံအတွက် ပိုမှန်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ တရုတ်နိုင်ငံဟာ အမေရိကန်စီးပွားရေးနဲ့ အလွန်အရေးပါလှစွာ အပြန် အလှန်ဆက်နွှယ်နေလို့ပဲ ဖြစ်ပါတယ်။

(၅)

ဒီဆောင်းပါးမှာ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံဆက်ဆံရေးကို အဓိကထား ဆွေးနွေးထားတာ ဖြစ်ပါတယ်။ သဘာဝကျစွာပဲ မိမိနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီး စဉ်းစားမြော်မြင်ထားတာ ဖြစ်ပါတယ်။ ဘယ်နိုင်ငံမဆို ကိုယ့်နိုင်ငံအကျိုးစီးပွားကို ဦးထိပ်ထားကြမှာချည်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ့်အကျိုးစီးပွား သက်သက်ပဲကြည့်ပြီး တဖက်သတ်မကျဖို့တော့ လိုပါတယ်။ အပေးအယူ ရှိရပါမယ်။ ဆောင်းပါးရှင်က ဘာတွေပေးနိုင်တယ်။ ဘာတွေ ရသင့်တယ်ဆိုတာတွေကို အခိုင်အမာကျကျ ဆွေးနွေးထားတာ တွေ့ရပါတယ်။

ဆွာမိဟာ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံရဲ့ ဆက်ဆံရေးအတွက် အဆိုပြုချက်တွေ တင်ပြထားတာ ဖြစ်ပေမယ့် ကျွဲကူးရေပါဆိုသလို သူမြော်မြင်ထားတဲ့ ပေါ်ထွန်းလာမယ့် ကမ္ဘာ့စနစ်သစ်ရဲ့ ပုံရိပ်ကိုလည်း တစွန်းတစ မြင်ကြရပါတယ်။ အဲဒီမှာ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ အနေအထားကို ဆွေးနွေးထားတယ်။ နှစ်နိုင်ငံ ဆက်ဆံရေးနဲ့ပတ်သက်ပြီး ဘယ်အချိန်မှာ ဘယ်ပုံစံရွေးမလဲဆိုတာကို ဆွေးနွေးထားတယ်။ ဒီနှစ်နိုင်ငံကြားမှာရှိနေတဲ့ မြန်မာနိုင်ငံသားတယောက်အနေနဲ့ သူတို့ချင်းဆက်ဆံရေး ကောင်းမွန်နေတာကိုပဲ မြင်တွေ့လိုပါတယ်။ ကောင်းမွန်တဲ့ ဆက်ဆံရေးထူထောင်နိုင်ဖို့ ဘယ်ပုံစံတွေ ရွေးကြမလဲ ဆိုတာကတော့ ကာယကံရှင်နိုင်ငံတွေက ဆုံးဖြတ်ကြရမှာပါ။ ဒါပေမဲ့ သူတို့နှစ်နိုင်ငံအတွက်ပဲ အကျိုးရှိပြီး ဒေသတွင်းကျန်နိုင်ငံတွေအတွက် အကျိုးမဲ့စေတာမျိုးတော့ မဖြစ်သင့်ပါ။ သူကတော့ ဒီလိုမိတ်ဖက်ဖွဲ့တာဟာ တတိယနိုင်ငံတွေကို ရန်ဘက်ပြုဖို့ မဟုတ်ဘူးလို့တော့ ဆိုထားပါတယ်။

သူတင်ပြထားတဲ့ မဟာဗျူဟာ အပေါင်းအဖော်ဖွဲ့ရေးဆိုတာမှာ ဘဝင်မကျစရာ အချက်တချို့လည်း တွေ့ရပါတယ်။ မိတ်ဖက်နိုင်ငံဖွဲ့လိုက်ပြီဆိုရင် တနိုင်ငံက လုပ်တာမှန်သမျှ ကျန်တဲ့နိုင်ငံက လိုက်ထောက်ခံရမလို အဓိပ္ပာယ်ထွက်နေပါတယ်။ အမေရိကန်နိုင်ငံက အီရတ်ကျူးကျော်တဲ့ကိစ္စကို သဘာဝမဟာမိတ်ဖြစ်တယ်ဆိုတဲ့ အိန္ဒိယနိုင်ငံက ကန့်ကွက်တာကို သူက ဝေဖန်ထားပါတယ်။ ဒါဟာ လက်မခံနိုင်စရာပါ။ ။

ရည်ညွှန်း။ The Asian Age: China, India can be strategic Partners
- By Subramanian Swamy

တရုတ်ပြည်အနေနဲ့ကြည့်ရင်လည်း သူ့ရဲ့စီးပွားရေးကြီးထွားမှုအတွက် အနည်းဆုံး ဆယ်စုနှစ်စုလောက် အမေရိကန်ရဲ့ ပျော့ပျောင်းတဲ့ သဘောထားကို ရရှိဖို့ လိုပါတယ်။ ဒါကြောင့်မို့ တရုတ်ပြည်ဘက်ကလဲ အမေရိကန်က မျက်စိစပါးမွေးစူးမယ့်ကိစ္စမျိုးကို လောလောဆယ်ကာလမှာ လုပ်မှာမဟုတ်ပါ။

# RDX

## အကြောင်း သိကောင်းစရာ

### သန်းနောင်

မြို့တော်ရန်ကုန်မှာ မေလ ၇ ရက်နေ့က အချိန်ငါးမိနစ်စီခြားပြီး ချိန်ကိုက်ဗုံးသုံးလုံး ကွဲခဲ့တယ်။ ဒီတခါကွဲတဲ့ဗုံးတွေက ပေါက်ကွဲအားပြင်းတယ်။ လူထိခိုက်သေကြေတာတွေလည်း များတယ်။ နောက်ပိုင်း နအဖ က ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဒီဗုံးတွေမှာသုံးတဲ့ ယမ်းအမျိုးအစားဟာ သမရိုးကျယမ်း မဟုတ်ဘဲ ပေါက်ကွဲအားပြင်းတဲ့ RDX ယမ်း ဖြစ်တယ်လို့ ပြောခဲ့တယ်။ ဒီယမ်းအကြောင်း ကြားဖူးတဲ့လူ နည်းမယ်ထင်ပါတယ်။ ဒါကြောင့် ဒီယမ်းအကြောင်း အနည်းငယ် မိတ်ဆက်ပေးလိုက်ပါတယ်။

RDX (research department explosive) ကို ၁၈၉၉ ခုနှစ်မှာ ဂျာမဏီနိုင်ငံက ဟန်းဟဲန်နီဆိုသူက စတင်တွေ့ရှိခဲ့တယ်။ ဒါပေမဲ့ သူ့ရဲ့ပေါက်ကွဲမှုဂုဏ်သတ္တိတွေကိုတော့ ၁၉၂၀ ကျမှပဲ ကောင်းစွာသိရှိလာတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယကမ္ဘာစစ်ကျမှ စအသုံးပြုတယ်။ RDX ဟာ အော်ဂင်နစ်နိုက်ထရိတ်ယမ်းအမျိုးအစားဖြစ်ပြီး ဆိုက်ကလိုနိုက် (သို့) ဟက်ဆိုဂျင်လို့လဲ ခေါ်ပါတယ်။ TNT ထက် ပေါက်ကွဲအား ပြင်းထန်တယ်။ စစ်ဘက်ရော၊ အရပ်ဘက်ပါသုံးပေမယ့် အရပ်ဘက်မှာ အသုံးနည်းတယ်။ အရပ်ဘက်အနေနဲ့ မီးရှူးမီးပန်း၊ အဆောက်အအုံဟောင်းတွေ ဖြိုဖျက်ပစ်ရာမှာနဲ့ ရာရှင်ရိက္ခာနွေးရာမှာ လောင်စာအဖြစ်အသုံးပြုပြီး ရံဖန်ရံခါကြွက်သတ်ဆေးအဖြစ် လည်း အသုံးပြုတယ်။ စစ်ဘက်မှာ သူ့ချည်းသော်လည်းကောင်း၊ TNT စတဲ့ အခြားပေါက်ကွဲပစ္စည်းတွေနဲ့ ပေါင်းပြီးသော်လည်းကောင်း သုံးတယ်။ ပလတ်စတစ်ဗုံး၊ ဒီတိုနေတာ၊ ပေါက်ကွဲအားမြင့်တဲ့ အမြောက်ဆံ၊ ကလေးမိုးမိုင်းနဲ့ ဒုံးတွေမှာ တွန်းကန်ယမ်းအဖြစ် အသုံးပြုတယ်။ ဒုတိယကမ္ဘာစစ်အတွင်းနဲ့ ဒုတိယ ကမ္ဘာစစ်နောက်ပိုင်းမှာ TNT ပြီးရင် RDX ကို ကမ္ဘာပေါ်မှာ ဒုတိယ အများ ဆုံးအသုံးပြုတယ်။

RDX ကို အမေရိကန်နိုင်ငံမှာ အရပ်ဘက်မှ ထုတ်လုပ်ခွင့်မရှိပါ။ အမေရိကန်တပ်မတော် ခဲယမ်းစက်ရုံတွေကသာ ထုတ်လုပ်ခွင့်ရှိတယ်။ တင်နက်ဆီပြည်နယ်၊ ကင်းစပို့မှာရှိတဲ့ ဟိုလ်စတန်ခဲယမ်းစက်ရုံမှာ ထုတ်လုပ်တယ်။ က စက်ရုံ နဲ့ ခ စက်ရုံဆိုပြီး ခွဲထားတယ်။ စက်ရုံ (က) က ဧက ၁၂၀ ကျယ်ပြီး စက်ရုံ (ခ) က ဧက ၅၉၀၀ ကျယ်တယ်။ စက်ရုံ ၂ ရုံဟာ ၄ မိုင်ကွာပြီး ရထားသံလမ်း ရှိတယ်။ ဒီစက်ရုံကို ၁၉၄၂–၄၄ အတွင်းမှာ အိစမင်းကိုဒတ် (Eastman Kodak) ရဲ့ လက်အောက်ခံ တင်နက်ဆီအိစမင်း ကော်ပိုရေးရှင်းက အစိုးရကန်ထရိုက်ရပြီး ဆောက်လုပ်ခဲ့တာ ဖြစ်တယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ RDX နဲ့ TNT ပေါင်းစပ်ထားတဲ့ အလွန်ပေါက်ကွဲအားကောင်းတဲ့ Composition B ဆိုတာကို ထုတ်လုပ်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ ခေတ်မြေသြဇာကိုပဲ ထုတ်လုပ်တော့ပေမယ့် စက်ရုံကို အသင့်အနေအထားမှာ ထားရှိတယ်။ ၁၉၄၉ မှာ အိစမင်းကိုဒတ်ရဲ့ လက်အောက်ခံကုမ္ပဏီတခုဖြစ်တဲ့

ဟိုလ်စတန်ကာကွယ်ရေးကော်ပိုရေးရှင်းက RDX ထုတ်လုပ်ရေးကို ပြန်စခဲ့တယ်။

ကိုးရီးယားစစ်ပွဲကာလမှာ ဒီစက်ရုံက Composition B ထုတ်လုပ်ရေးကို မြှင့်တင်ခဲ့တယ်။ ကိုးရီးယားစစ်ပွဲနောက်ပိုင်း ထုတ်လုပ်ရေးကို ပြန်လျှော့ချခဲ့တယ်။ တခါ ဗီယက်နမ်စစ်ပွဲကာလမှာ စက်ရုံကို ခေတ်မီအောင်ပြုပြင်ပြီး Composition B တွေ အမြောက်အမြား ထုတ်လုပ်ပြန်တယ်။ ၁၉၆၉ မှ ၁၉၇၁ ခုနှစ်အတွင်းမှာ တလကို RDX ပေါင်ပေါင်း ၁၅ သန်း ထုတ်လုပ်ခဲ့တယ်။

၁၉၇၃ နောက်ပိုင်းမှာ ထုတ်လုပ်ရေးကို လျှော့ချခဲ့ပြန်တယ်။ ဒါပေမဲ့ တပ်မတော်နဲ့ ရေတပ်ရဲ့ ထရိုင်းဒင့်ဒုံးအစီအစဉ်တွေမှာ အသုံးပြုဖို့ အထူးအမှာရှိတဲ့ဗုံးဆံနဲ့ တွန်းကန်ယမ်းတွေကို စတင်ထုတ်လုပ်တယ်။

RDX နဲ့ HMX (RDX ထုတ်လုပ်ရာမှာ HMX ကို ဘေးထွက်ပစ္စည်းအဖြစ် ရရှိတယ်။ သူဟာလည်း RDX လိုပဲ ပေါက်ကွဲအားကောင်းတဲ့စွမ်းရည် ရှိတယ်) တို့ကို သူတို့ရဲ့မြင့်မားတဲ့စွမ်းအင်ကြောင့် ပေါင်းစပ်ပြီး အခြေခံပေါက်ကွဲယမ်းတမျိုးကို ထုတ်လုပ်တယ်။ အဲဒါကို ခဲယမ်းနဲ့ နည်းဗျူဟာဒုံးတွေမှာလည်းကောင်း၊ မဟာဗျူဟာဒုံးများအတွက် တွန်းကန်ယမ်းတွေမှာလည်းကောင်း အသုံးပြုပါတယ်။

၁၉၈၈ ခုနှစ်အနေအထားမှာ အမေရိကန်တနိုင်ငံလုံးအသုံးပြုတဲ့ RDX/HMX အားလုံးနဲ့ သူ့ရဲ့ မိတ်ဆွေနိုင်ငံတွေအားလုံးက အသုံးပြုတဲ့ RDX/HMX ရဲ့ ၉၀%ကို ဟိုလ်စတန်ခဲယမ်းစက်ရုံက ထုတ်လုပ်တယ်။ လောလောဆယ်မှာ ဒီစက်ရုံက တလမှာ RDX ပေါင်သန်း ၂၀ နဲ့ HMX ပေါင် ၇ သိန်း ထုတ်လုပ်နိုင်တယ်။

၁၉၈၈ ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ကွန်ဂရက်က တလမှာ RDX ပေါင် ၂.၅ သန်းထုတ်လုပ်နိုင်မယ့် လူဝီစီးယားနားတပ်မတော်ခဲယမ်းစက်ရုံ တည်ဆောက်ဖို့ အတည်ပြုခဲ့တယ်။ အဲဒီဘဏ္ဍာရေးနှစ်မှာပဲ တက္ကဆက်စ်ပြည်နယ်ရှိ လောန်ဟောန်းတပ်မတော်ခဲယမ်းစက်ရုံမှာ HMX ထုတ်လုပ်ရေးအတွက် ရွေ့ပြောင်းစမ်းသပ် စက်ရုံလည်ပတ်ဖို့ အမေရိကန်တပ်မတော်က စီစဉ်ခဲ့တယ်။

RDX ပမာဏများများကို ရှူမိရင် (သို့) စားမိရင် နာမကျန်း ဖြစ်စေတယ်။ ဗိုက်နာတာ၊ အော့အန်တာတွေ ဖြစ်တယ်။ ပတ်ဝန်းကျင်ကာကွယ်ရေးအဖွဲ့ (Environmental Protection Agency) က RDX ဟာ ကင်ဆာဖြစ်နိုင်တယ်လို့ အဆင့် (C) သတ်မှတ်ထားတယ်။ ၁၉၆၂ ခုနှစ်တုန်းက RDX စက်ရုံမှာ အလုပ်လုပ်တဲ့ အလုပ်သမားတွေဟာ တက်တာ၊ သတိလစ်သွားတာနဲ့ အဲဒီနှစ်မျိုးစလုံးဖြစ်သွားတဲ့ အမှုအခင်း ၅ ခု ဖြစ်ခဲ့တယ်။ အဲဒီအလုပ်သမား ၅ ယောက်လုံးဟာ အလုပ်ခွင်အတွင်းမှာနဲ့ အလုပ်ဆင်းပြီး နာရီအနည်းငယ်အတွင်းမှာ အဲဒီလို ဖြစ်ခဲ့ကြတာ ဖြစ်တယ်။ RDX ကို ထုတ်လုပ်ရာမှာ ထွက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေဟာ အန္တရာယ်ရှိတယ်လို့လည်း EPA က သတ်မှတ်ထားတယ်။ အဓိကညစ်ညမ်းမှုဖြစ်စေတဲ့ ဘေးထွက်ပစ္စည်းတမျိုးကတော့ အက်ဆီတစ်အက်ဆစ် ဖြစ်တယ်။ အန္တရာယ်များတဲ့ အဲဒီဘေးထွက်ပစ္စည်းတွေကို ဘယ်လိုစနစ်တကျစွန့်ပစ်ရမယ်ဆိုတဲ့ လုပ်ထုံးလုပ်နည်းတွေ သတ်မှတ်ပေးထားတယ်။ ။

# ကုလသမဂ္ဂ
# နဲ့
# ဟိုင်ပါပါဝါ
# အမေရိကန်

ကြည်ဝင်း

(၁)

ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက်မှာ ကမ္ဘာ့အခြေအနေတွေဟာ လျင်မြန်စွာ ပြောင်းလဲလာနေတယ်။ စစ်အေးခေတ်ကမ္ဘာ့စနစ်နေရာမှာ ဝင်ရောက်လာမယ့် ကမ္ဘာ့စနစ်သစ်တရပ်ဟာ ပီပီပြင်ပြင်တော့ ပုံပေါ်မလာသေးပါဘူး။ အမေရိကန်နိုင်ငံကတော့ ဝင်ရိုးတခုကမ္ဘာကို ထူထောင်ချင်နေတယ်။ ဒါကို ကျန်ကမ္ဘာ့နိုင်ငံအများစုက ဆန့်ကျင်ကြပြီး ဝင်ရိုးစုံကမ္ဘာ့စနစ်ကို ထူထောင်ချင်ကြတယ်။ ဒီလွန်ဆွဲပွဲဟာ မပြီးပြတ်သေးပါ။ ဒီအခြေအနေမှာ ကမ္ဘာ့ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဟာလည်း အရေးပါလာတယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ ပေါ်ပေါက်လာတဲ့ ကုလသမဂ္ဂဟာ ပြောင်းလဲလာနေတဲ့ ကမ္ဘာ့အခြေအနေတွေနဲ့အညီ ပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ လိုနေတာ ကြာပါပြီ။ အခုတော့ ကုလသမဂ္ဂအတွင်းရေးမှူး ကိုဖီအာနန်က ပြုပြင်ပြောင်းလဲရေးအတွက် အဆိုပြုချက်စာတမ်းလည်း တင်ထားပြီး ဖြစ်ပါတယ်။ လာမယ့် အထွေထွေညီလာခံကြီးမှာ ဒီစာတမ်းကို အခြေပြုပြီး ဆွေးနွေးကြတော့မှာ ဖြစ်ပါတယ်။

ဒီလိုပြုပြင်ပြောင်းလဲရေးတွေ လုပ်ကြရာမှာ ကုလသမဂ္ဂအပေါ် ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဘယ်လိုသဘောထားကြသလဲဆိုတာဟာလဲ အရေးကြီးတဲ့ ကိစ္စရပ်တခု ဖြစ်ပါတယ်။ အခုဆောင်းပါးမှာ ကုလသမဂ္ဂအပေါ် ကမ္ဘာ့ဟိုင်ပါပါဝါဖြစ်နေတဲ့ အမေရိကန်ရဲ့သဘောထားကို လေ့လာတင်ပြသွားပါမယ်။

ကုလသမဂ္ဂမှာ အမေရိကန်နိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ်တွေအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ မယ်လ်ဒလင်းအောလ်ဘရိုက်နဲ့ဂျိန်းကစ်ခ်ပက်ထရစ်တို့ရဲ့ သဘောထားတွေကို ရှေးဦးစွာ တင်ပြလိုပါတယ်။ အောလ်ဘရိုက်ဟာဆိုရင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအဖြစ်ပါ တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါတယ်။ အောလ်ဘရိုက်ရဲ့ဆောင်းပါးက အီရတ်စစ်ပွဲအပြီးမှာ ရေးတာဖြစ်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ကျဆင်းနေပြီဖြစ်တဲ့ သြဇာကို ဒီစစ်ပွဲက ထပ်မံပြီး ပြင်းပြင်းထန်ထန် ထိုးနှက်လိုက်တာပါပဲလို့ ဆိုပါတယ်။ ဒီစစ်ပွဲကို ကောင်းချီးမပေးလို့ လုံခြုံရေးကောင်စီကို စစ်လိုလားသူတွေက အပြစ်တင်သလို စစ်ဆန့်ကျင်သူတွေကလည်း ဒီစစ်ကို မတားဆီးခဲ့နိုင်လို့ဆိုပြီး အပြစ်ဖို့ကြတယ်။ ဘာပဲဖြစ်ဖြစ် အဓိကစစ်ပွဲပြီးတာနဲ့ အမေရိကန်နဲ့ ဂရိတ်ဗြိတိန်တို့ဟာ လုံခြုံရေးကောင်စီထဲ ပြန်ရောက်လာကြတယ်။ အီရတ်ကို သူတို့ပူးတွဲသိမ်းပိုက်ထားတာကို တရားဝင်ဖြစ်စေဖို့၊

ပိတ်ဆို့အရေးယူထားတာတွေကို ပယ်ဖျက်ပေးဖို့နဲ့ ကမ္ဘာ့ဈေးကွက်မှာ အီရတ်ရေနံတွေ ပြန်ရောင်းနိုင်ခွင့်ရဖို့တို့အတွက် ကြိုးစားလာကြတယ်။

ဒီစစ်ပွဲက ဘာသင်ခန်းစာတွေ ရနိုင်သလဲ။ အမေရိကန်ရဲ့အားကြီးလွှမ်းမိုးနိုင်မှုကို ပြင်သစ်၊ ရုရှားနဲ့ တရုတ်ပြည်တို့ဟာ စိတ်မသက်မသာနဲ့ဘဲ လက်ခံလာကြပြီး နောင်မှာ အမေရိကန်က လုံခြုံရေးကောင်စီကို ကျော်ပြီး လုပ်တဲ့အစဉ်အလာတွေ ဆက်မဖြစ်အောင် အမေရိကန်နဲ့ လုံလောက်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်လာကြမလား။ ဒါမှမဟုတ် သူတို့ချင်းပူးပေါင်းပြီး အတိုက်အခံအုပ်စုတခု ဖွဲ့လိုက်ကြမလား။ အမေရိကန်နဲ့ ဂရိတ်ဗြိတိန်တို့ကလည်း အောင်ပွဲခံလို့ ဆက်ချီတက်နေကြမလား။ ဒါမှမဟုတ် အီရတ်စစ်ပွဲကြောင့် အတော်ခေါင်းခဲခဲ့ရသလို နဖူးတွေ့ ဒူးတွေ့ လည်း တွေ့ခဲ့ပြီးဖြစ်လို့ လုံခြုံရေးကောင်စီရဲ့ ထောက်ခံမှုမရဘဲ စစ်ပွဲကို ဆင်နွှဲတာဟာ မှားတယ်လို့ နိဂုံးချုပ် မှာလား။

နှစ်ဘက်စလုံးမှာ ပူးပေါင်းဆောင်ရွက်ရေးဆီသို့ ဦးတည်စေမယ့်အကြောင်းအချက်တွေ ရှိပါတယ်။ ပြင်သစ်၊ ရုရှားနဲ့ တရုတ်တို့ဟာ လုံခြုံရေးကောင်စီရဲ့ အမြဲတမ်းအဖွဲ့ဝင်တွေ ဖြစ်နေတဲ့အတွက် ပိုမိုကြီးမားတဲ့ သြဇာအာဏာကို ရရှိထားကြတယ်။ သူတို့က လုံခြုံရေးကောင်စီဟာ အမေရိကန်ရဲ့ဗိုလ်ကျလွှမ်းမိုးမှုကို လျှော့ကျစေမယ့် နည်းလမ်း တရပ်အဖြစ် သဘောထားကြတယ်။ လုံခြုံရေးကောင်စီဟာ အသက်မရှိတော့ဘူးလို့ အိမ်ဖြူတော်က ဆိုမှာကို မလိုလားကြဘူး။ တဖက်မှာလည်း ဘုရှ်အစိုးရအဖွဲ့ဟာ တကိုယ်တော်ဝါဒတိမ်းညွှတ်မှုတွေရှိပေမယ့် အနာဂတ်မှာ အကြမ်းဖက်ဝါဒီတွေနဲ့ ဆိုးသွမ်းနိုင်ငံတွေကို တိုက်ပွဲဆင်ရာမှာ လုံခြုံရေးကောင်စီရဲ့ ထောက်ခံမှုကို လိုလားကြမှာပဲ ဖြစ်တယ်။

ကုလသမဂ္ဂပဋိညာဉ်စာတမ်းက နိုင်ငံအချင်းချင်းအကြားအငြင်းပွားမှုတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းကြဖို့နဲ့ အဲဒီလိုဆွေးနွေးလို့ မအောင်မြင်ခဲ့ရင် သင့်တော်သလို ဆောင်ရွက်နိုင်ဖို့ လုံခြုံရေးကောင်စီကို တင်ပြကြဖို့ တိုက်တွန်း ထားပါတယ်။ ပုဒ်မ ၅၁ က "အကယ်၍ အဖွဲ့ဝင်နိုင်ငံတနိုင်ငံကို စစ်ရေးအရတိုက်ခိုက်မှု ဖြစ်ပေါ်ခဲ့ပါက လုံခြုံရေးကောင်စီ က နိုင်ငံတကာငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်အတွက် လိုအပ်သလို မဆောင်ရွက်ပေးနိုင်ခင် အတွင်းမှာ တနိုင်ငံချင်း အနေနဲ့ဖြစ်စေ၊ စုပေါင်းလို့ဖြစ်စေ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ခွင့်ရှိတယ်။ ဤအခွင့်အရေးကို ကုလသမဂ္ဂပဋိညာဉ်က မည်သည့်နည်းနှင့်မှ မထိခိုက်စေရ" လို့ ဆိုပါတယ်။

သမ္မတဘုရှ်ကတော့ "ဆိုးသွမ်းနိုင်ငံတွေနဲ့ အကြမ်းဖက်သမားတွေရဲ့ ရည်မှန်းချက်တွေကိုကြည့်ရင် အမေရိကန်နိုင်ငံအနေနဲ့ အတိတ်ကလို လက်တုံ့ပြန်ရေးရပ်တည်ချက်အပေါ်မှာပဲ အားထားနေလို့ မဖြစ်တော့ပါ။ တိုက်ခိုက်လာမယ့်သူကို ဟန့်တားနိုင်စွမ်း မရှိမှု၊ ဒီကနေ့ အန္တရာယ်တွေရဲ့ လတ်တလောချက်ချင်း ကျရောက်လာနိုင်မှု၊ ရန်ဘက်တွေက ရွေးချယ်မယ့်လက်နက်တွေကြောင့် ဖြစ်ပေါ်လာမယ့်ထိခိုက်ပျက်စီးမှုပမာဏတွေက အဲဒီရွေးလမ်း ကိုသုံးဖို့ ခွင့်မပြုတော့ပါ။ ကျွန်တော်တို့ရဲ့ရန်သူတွေက အရင်တိုက်ခိုက်မှာကို ခွင့်မပြုနိုင်ဘူး" လို့ ဆိုပါတယ်။

ဒီနေရာမှာ အံ့သြဖို့ကောင်းတာက ဘာကြောင့် ဒီလိုပြောသလဲဆိုတာ မဟုတ်ပါဘူး။ အမြဲတမ်း ကြွင်းကျန် ရွေးလမ်းအဖြစ်ထားတဲ့ဟာကို တကမ္ဘာလုံးအငြင်းပွားလာအောင် လူသိအများဆုံးဖြစ်တဲ့အဆင့်အထိ မြှင့်တင်ရ တာလဲဆိုတာပါပဲ။ တကယ့်လက်တွေ့မှာ အမေရိကန်နိုင်ငံကို တိုက်ခိုက်လာမှာကို ဟန့်တားဖို့ ဒါမှမဟုတ် လက်ဦးမှု ယူတိုက်ဖို့အတွက် လိုအပ်တဲ့လှုပ်ရှားဆောင်ရွက်မှုတွေကို တားဆီးမယ့် ဘယ်နိုင်ငံတကာစာချုပ်ကိုမဆို အမေရိကန်နိုင်ငံရဲ့ ဘယ်သမ္မတကမှ လက်မခံခဲ့ဖူးပါဘူး။ အတိတ်မှာတုန်းက "လက်တုံ့ပြန်ရေးရပ်တည်ချက်" သက်သက်အပေါ်မှာပဲ အားထားခဲ့တယ်ဆိုတာလဲ မမှန်ပါဘူး။ စစ်အေးတိုက်ပွဲကာလတုန်းက အမေရိကန်နိုင်ငံရဲ့ နှစ်ပါတီလုံးက အစိုးရအဖွဲ့တွေဟာ အခြားနိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို ထိပါးတဲ့ လုပ်ဆောင်ချက်တွေကို မိမိကိုယ်မိမိကာကွယ်ရေးအတွက်ဆိုပြီး လုပ်ခဲ့ကြတာချည်းပါ။ ၁၉၆၄ ခုနှစ်မှာ ကလင်တန်အစိုးရက မြောက်ကိုရီးယားရဲ့ အနုမြူအဆောက်အအုံတွေကို စစ်ဆင်တိုက်ခိုက်ဖို့ စဉ်းစားခဲ့ဖူးတယ်။ ၁၉၉၈ ခုနှစ်မှာ အာဖရိကတိုက်က အမေရိကန်သံရုံးနှစ်ရုံး အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ခံရတာကို လက်တုံ့ပြန်တဲ့အနေနဲ့ရော၊ ဘင်လာဒင်က နောက်ထပ် တိုက်ခိုက်လာမှာကို ဟန့်တားတဲ့အနေနဲ့ရော အာဖဂန်နစ္စတန်နဲ့ ဆူဒန်တို့ကို ကလင်တန်အစိုးရအဖွဲ့က ခရုစ်ဒုံးပျံတွေ ပစ်လွှတ်တိုက်ခိုက်ခဲ့တယ်။

ဘုရှ်အစိုးရအဖွဲ့ရဲ့ လက်ဦးအောင်ချရေးလမ်းစဉ်ဟာ အတိတ်က လုပ်ခဲ့တာတွေနဲ့ လမ်းခွဲသွားပြီလား။ ဒီလမ်းစဉ်ကို ရန်လိုစွာလုပ်တာ၊ ဦးစားပေးရွေးလမ်းတွေကို စိတ်မဝင်စားဘဲလုပ်တာ၊ စစ်ဆင်ဖို့လိုပြီဆိုတဲ့ အကြောင်းအချက်တွေကို သေချာမစိစစ်ဘဲ လုပ်တာဆိုရင်တော့ လမ်းခွဲသွားပြီလို့ ဆိုရမှာပါ။ အီရတ်ကို စစ်ဆင်ရာမှာ ပေးခဲ့တဲ့ ဘုရှ်အစိုးရအဖွဲ့ရဲ့ အကြောင်းပြချက်တွေကို ကြည့်ပါ။ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်ဖို့ (နိူင်းယှဉ်ချက်အားဖြင့် ဥပဒေကြောင်းအရ ခိုင်မာ)၊ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့ (ဒါကတော့ ဝေဝါးဝါး) နဲ့ အီရတ်လွတ်မြောက်ရေး (ပိုလို့တောင်ဝေဝါးသွား) တို့ ဖြစ်တယ်။

စစ်အေးတိုက်ပွဲနဲ့ ကိုလိုနီစနစ်ပြိုပျက်ကျမှုတို့က ကုလသမဂ္ဂရဲ့ဝန်ထမ်းခန့်ထားရေးကို ပုံစံပြောင်းပေးလိုက်တယ်။ အရည်အချင်းအရခန့်တာ မဟုတ်တော့ဘဲ ပထဝီအရခန့်တာ ဖြစ်လာတယ်။ ဒီစနစ်အရ အမေရိကန်ကလည်း ကုလသမဂ္ဂမှာ အလုပ်တွေအများကြီးရပိုင်ခွင့်ရှိတယ်လို့ ခံယူပြီး နိုင်ငံရေးမှာအရေးနိမ့်သွားသူတွေကို အဲဒီအလုပ်နေရာတွေမှာ ခန့်ထားခဲ့လို့ ဒီပြဿနာက ပိုဆိုးလာတယ်။

သူကိုယ်တိုင် ကုလသမဂ္ဂမှာ အမှုထမ်းခဲ့စဉ်က ဒီကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းကြီးကို စီမံခန့်ခွဲရတာဟာ စီးပွားရေးလုပ်ငန်းကြီးတခုကို စီအီးအို ၁၈၄ ယောက်နဲ့ လည်ပတ်နေရသလိုပါပဲလို့ အရှန်းဖောက်ခဲ့ဖူးသတဲ့။ အဲဒီစီအီးအို ၁၈၄ ယောက်ဟာ ဘာသာစကားမတူကြသလို ဦးစားပေးအစီအစဉ်တွေလည်း မတူကြဘူး။ ပြီးတော့လည်း အလုပ်လက်မဲ့ ယောက်ဖကိုယ်စီနဲ့တဲ့။ အထွေထွေအတွင်းရေးမှူး ကိုဖီအာနန်က ဒီစနစ်ဘောင်အတွင်းမှာ ဖြစ်နိုင်သမျှအားလုံးကိုလုပ်ဆောင်ပြီး စွမ်းဆောင်ရည်မြင့်မားသူတွေကို ဆုချတာ၊ ဝန်ထမ်းသစ်တွေခန့်ရာမှာ တိုးတက်မှုရှိအောင် လုပ်ခဲ့တယ်။ ဒါပေမဲ့ အာဖဂန်နစ္စတန်အစ ဇင်ဘာဘွေအဆုံး အဖွဲ့ဝင်နိုင်ငံတွေအားလုံး စိတ်ကျေနပ် အောင်လုပ်ရေးကတော့ စီမံခန့်ခွဲရေးအိပ်မက်ဆိုးကြီးတခုပါပဲ။

ကြာရှည်နေပြီဖြစ်တဲ့ နောက်ပြဿနာတခုကတော့ ကုလသမဂ္ဂလက်အောက်မှာရှိတဲ့ ကော်မတီတွေအတွက် ဥက္ကဋ္ဌတွေနဲ့ အဖွဲ့ဝင်တွေ ရွေးချယ်ရာမှာ ဒေသအရနဲ့ အလှည့်ကျအရဆိုတဲ့အခြေခံကို ကျင့်သုံးနေခြင်းပါပဲ။ နိုင်ငံတိုင်းကို တန်းတူပဲလို့ သဘောထားတယ်။ ဥပမာ တောင်အာဖရိကနဲ့ ဆွာဇီလန်နိုင်ငံတို့ကို တန်းတူဝိတ်တူအဆင့်အတန်း သတ်မှတ်တယ်။ အစဉ်အလာအရ ဒီစနစ်ဟာ ပြင်ရခက်တဲ့ ပြဿနာကြီးပဲ။ ဒါကြောင့် ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးကော်မရှင်မှာ လစ်ဗျားလိုနိုင်ငံက ဥက္ကဋ္ဌဖြစ်လာတာကို မြင်ခဲ့ရတယ်။ ဒီလိုမဖြစ်အောင် ဟန့်တားဖို့ဆိုရင် သံတမန်ပန်းကန်လုံးကို ခွဲဝံ့ဖို့ လိုတယ်။ အရင်သမ္မတကလင်တန်ဟာ အဲဒီလိုခွဲဝံ့သူ ဖြစ်တယ်။ ၁၉၉၆ ခုနှစ်တုန်းက အထွေထွေအတွင်းရေးမှူး ဘူထရို့စ်ဘူထရို့စ်ဂါလီ ပြန်အရွေးခံရရေးကို ပိတ်ဆို့ခဲ့တယ်။ ၂၀၀၀ ခုနှစ်မှာ ဒေသအရအလှည့်ကျလာတဲ့ ဆူဒန်နိုင်ငံ လုံခြုံရေးကောင်စီအဖွဲ့ဝင်ဖြစ်ရေးအဆိုကို ရှုံးနိမ့်စေခဲ့တယ်။ ဒီလုပ်ဆောင်ချက်တွေကြောင့် အမေရိကန်ကို အမုန်းတွေပွားစေခဲ့တာတော့ မှန်တယ်။ ဒါပေမဲ့ ဒီလုပ်ဆောင် ချက်နှစ်ရပ်စလုံးက ကုလသမဂ္ဂရဲ့ ဂုဏ်ကျက်သရေကို တိုးမြင့်စေခဲ့တာ ဖြစ်တယ်။

ဒါတွေကတော့ အောလ်ဘရိုက်ရဲ့အမြင်တွေကို ကောက်နုတ်ဖော်ပြလိုက်တာတွေပဲ ဖြစ်ပါတယ်။ ဘုရှ်အစိုးရအဖွဲ့က ကုလသမဂ္ဂအပြင်ထွက်ပြီး လုပ်ဆောင်တာကို သူက ဝေဖန်ထားပါတယ်။ ကုလသမဂ္ဂအတွင်းမှာပဲ ကိုယ်လုပ်ချင်တာကို နည်းပရိယာယ်ကြွယ်ကြွယ်နဲ့ လုပ်လို့ရတယ်လို့ ပညာပေးနေတာ ဖြစ်ပါတယ်။ အရင်လည်း ဒီလိုပဲ လုပ်ခဲ့ကြတာပါပဲလို့ ပြောပါတယ်။ ဒါပေမဲ့ ကုလသမဂ္ဂအဖွဲ့ဝင်နိူင်ငံတိုင်းကို တန်းတူအခွင့်အရေး ပေးတာကိုတော့ ဆန့်ကျင်ထားပါတယ်။ ဒါတောင် ကုလသမဂ္ဂမှာ တကယ့်အာဏာပိုင်တွေက လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံပါ။ ချုပ်ပြောရရင်တော့ ကုလသမဂ္ဂဟာ အမေရိကန်အတွက် အသုံးဝင်တယ်။ အမေရိကန်တနိုင်ငံထဲ ထင်တိုင်းမကြဲနိုင်သေးဘူး။ အီရတ်ကို ဝင်တိုက်ပြီးနောက် တက်လာတဲ့ပြဿနာတွေနဲ့ လိုတဲ့စရိတ်တွေကို အမေရိကန်အနေနဲ့ မတတ်နိုင်လို့ ကုလသမဂ္ဂထဲ ပြန်ဝင်ရတယ် မဟုတ်လားလို့ ဆိုပါတယ်။ ကုလသမဂ္ဂရဲ့ နှစ်စဉ်အသုံးစရိတ် ဘတ်ဂျက်ဟာ ဒေါ်လာဘီလျံ ၁.၂၅ ပဲ ရှိတယ်။ ဒါဟာ ပင်တာဂွန်ရဲ့ ၃၂ နာရီတိုင်းမှာ သုံးတဲ့ အသုံးစရိတ်လောက်ပဲ ရှိတယ်။ ဒါကြောင့် ကုလသမဂ္ဂမှာ ထည့်ဝင်စရာရှိတာတွေ ထည့်နေတာဟာ အကျိုးအမြတ်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုလို့ ပြောချင်ဟန် တူပါတယ်။ ကုလသမဂ္ဂအပြင်ထွက်မလုပ်ဘဲ အရင်လုပ်နေကျ ပုံစံတွေအတိုင်း

လုပ်ရမယ်လို့ အကြံပေးတာ ဖြစ်ပါတယ်။ ဘယ်လိုလုပ်ခဲ့တယ် ဆိုတာတွေကိုလည်း နမူနာပေးထားပါသေးတယ်။

(၂)

ဂျိန်းကစ်ခ်ပက်ထရစ်ကတော့ ခပ်ရှင်းရှင်းပြတ်ပြတ်ပဲ ရေးတာကို တွေ့ရပါတယ်။ ဆောင်းပါးနာမည်ကိုတောင် 'အားလုံးသဘောတူညီချက်ဆိုတဲ့ သံခြေချင်းများ' လို့ ပေးထားပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့စတဲ့ နိုင်ငံစုံအဖွဲ့ကြီးတွေဟာ 'တနိုင်ငံ မဲတမဲဆိုတဲ့မူ' ကို ကျင့်သုံးကြတယ်။ အဲဒီနိုင်ငံတွေရဲ့လက္ခဏာ၊ အရွယ်အစား၊ လူဦးရေ၊ စွမ်းဆောင်နိုင်မှု၊ ထုတ်လုပ်မှုစွမ်းရည်၊ ရှေ့တန်းရောက်တိုးတက်မှု၊ ကိုယ်စားပြုနိုင်မှု (သို့) တနိုင်ငံချင်းစီရဲ့ တာဝန်ခံနိုင်မှုတို့ကို ထည့်မတွက်ကြဘူးလို့ ဆိုပါတယ်။ ရှေးရိုးစဉ်လာဆိုရှယ်လစ်တွေနဲ့ ပုံစံဟောင်းမာ့က်စ်ဝါဒီတွေက ဓနဥစ္စာတွေကို ရှိသူတွေဆီမှ မရှိသူတွေထံ တန်းတူညီမျှပြန်လည်ခွဲဝေရေးလုပ်ဖို့ ယုံကြည်ကြတယ်။ ပုံစံသစ်နိုင်ငံအများပါဝင်ရေးဝါဒီတွေကတော့ နိုင်ငံရေးအမှန်တရားဖြစ်ဖို့ အာဏာတွေကို ရှိသူတွေဆီမှ မရှိသူတွေထံ ပြန်လည်ခွဲဝေရေးလုပ်ဖို့ လိုအပ်တယ်လို့ ယုံကြည်နေကြတာ ဖြစ်တယ်။

ကုလသမဂ္ဂအတွင်းရေးမှူးဟောင်း ဘူထရို့စ်ဘူထရို့စ်ဂါလီက နိုင်ငံအားလုံးမှာ ဒီမိုကရေစီရှိဖို့ ယုံကြည်ရုံတင်မကဘူး၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာလည်း ဒီမိုကရေစီကျလာဖို့ မျှော်လင့်တယ်လို့ ရေးခဲ့ဖူးတယ်။ ဒီလိုဖြစ်ဖို့ အားအနည်းဆုံးနိုင်ငံတွေ အားရှိလာအောင်လုပ်ပေးရမယ်။ အားအကြီးဆုံးဆိုတဲ့နိုင်ငံတွေရဲ့ အာဏာတွေကို လျှော့ချပစ်ရမယ်။ ဒီလုပ်ငန်းတွေထဲမှာ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအတွင်း အာဏာပြန်လည်ခွဲရေးလည်း ပါဝင်တယ်။ ဒါပေမဲ့ လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံဖြစ်တဲ့ အမေရိကန်၊ ဗြိတိသျှ၊ ရုရှား၊ တရုတ်နဲ့ ပြင်သစ်တို့က ဒီလို အာဏာပြန်လည်ခွဲဝေတာကို လက်ခံပါ့မလား။ သူတို့ရဲ့ဩဇာအာဏာကို နီပေါလ်၊ မက္ကဆီကို၊ လိုင်ဘီးရီးယား၊ ဘဟားမားစ်တို့လို နိုင်ငံတွေနဲ့ တတန်းတည်းဖြစ်အောင် လျှော့ချတာကို လက်ခံပါ့မလား။

ဒီလိုမျိုး ကမ္ဘာလုံးဆိုင်ရာ "ဒီမိုကရေစီကျရေး" ဆိုတာဟာ တကယ်တော့ ဒီမိုကရေစီကိုတောင် ပိုလျော့နည်းသွားစေပါတယ်။ ဘာကြောင့်လည်းဆိုတော့ အမျိုးသားဒီမိုကရေစီနိုင်ငံတွေမှာလို သူတို့ "ကိုယ်စားပြု" ထားသူတွေကို ပြန်ပြီးတာဝန်ခံနိုင်သလိုမျိုး နိုင်ငံအများက ဆုံးဖြတ်ချက်ချမှတ်သူတွေဟာ ပြန်ပြီးတာဝန်မခံနိုင်လို့ဘဲ ဖြစ်ပါတယ်။ နိုင်ငံအများပါဝင်တဲ့ အဖွဲ့အစည်းတွေမှာ ပါဝင်သူတွေဟာ လူအများရဲ့မဲနဲ့ ရွေးထားသူတွေ မဟုတ်ပါ။ သူတို့ကို ရွေးချယ်လိုက်တဲ့ သူတွေကိုယ်တိုင်တောင် များသောအားဖြင့် အရွေးချယ်ခံထားရသူတွေ မဟုတ်ကြဘူး။

အင်အားအသုံးပြုဖို့ ချမှတ်တဲ့ နိုင်ငံအများရဲ့ ဆုံးဖြတ်ချက်တွေမှာ-ဥပမာ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့မှာ အမေရိကန်က ပါဝင်တာမျိုးတွေမှာဆိုရင် များသောအားဖြင့် အမေရိကန်လွှတ်တော် (သို့) ရွေးခြယ်ရေးအဖွဲ့ရဲ့ ထိန်းချုပ်မှုအောက်က လွတ်ထွက်သွားတာတွေ ဖြစ်တယ်။ ဘယ်နိုင်ငံက ဘယ်မဲဆန္ဒရှင်ကမှ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်တွေကို သတ်မှတ်ပြဋ္ဌာန်းနိုင်တာ မဟုတ်ဘူး။ လုံခြုံရေးကောင်စီအဖွဲ့ဝင်ရဲ့ တာဝန်ခံမှုကိုလည်း မထိန်းချုပ်နိုင်တော့ပါ။ ဒီလို ကိုယ်စားပြုနိုင်မှုနဲ့ တာဝန်ခံမှုတို့ ကင်းမဲ့နေတဲ့အတွက်ကြောင့် နိုင်ငံအများပါတဲ့ကွင်းတွေနဲ့ ပါဝင်လုပ်ဆောင်သူတွေကို ထိခိုက်နေတာ ဖြစ်တယ်။

ဝေါ့သလိုဖြစ်ပေမယ့် တကယ့်အမှန်ကတော့ စုပေါင်းလုပ်ဆောင်မှုနဲ့ စုပေါင်းလုံခြုံမှုဟာ နိုင်ငံအများပါဝင်စရာ မလိုတာပါပဲ။ ဥပမာ ငြိမ်းချမ်းမှုထိန်းသိမ်းရေးကိစ္စအတွက် ဆုံးဖြတ်ချက်တွေချရာမှာ အဲဒီပဋိပက္ခအတွင်းမှာ ပါဝင်နေတဲ့ နိုင်ငံတွေကလွဲလို့ ကျန်နိုင်ငံတွေ ဝင်ပါစရာ မလိုဘူး။ တကယ်ပါပဲ။ နိုင်ငံအများ ပါတဲ့အဖွဲ့ရဲ့ နှောင့်နှေးနေမှုနဲ့ ထိရောက်မှုမရှိတာတွေကြောင့် တိုက်ခိုက်နေသူတွေထက် ပိုပြီးထိခိုက်ရသူတွေဟာ အကာအကွယ်ပေးဖို့ လိုအပ်နေသူတွေပဲ ဖြစ်ပါတယ်။ ကျူးကျော်သူတွေဟာ သူတို့လုပ်ရှားမှုတွေနဲ့ ပေါ်လစီတွေ အတွက် ဘယ်သူနဲ့မှ ညှိနှိုင်းဖို့ မလိုပါဘူး။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက လက်နက်တင်ပို့မှုကို ပိတ်ဆို့ဖို့ ဆုံးဖြတ်ချက်ချမှတ် လိုက်တာကြောင့် ဘော်စနီးယန်းတွေသူတို့ကိုယ် သူတို့ကာကွယ်နိုင်စွမ်း ကင်းမဲ့သွားခဲ့ရတာကို ပြန်သတိရကြပါ။ အဲဒီလိုသာ ဆုံးဖြတ်လိုက်ပေမယ့် ဘော်စနီးယန်းတွေကို အကာအကွယ်ပေးဖို့ ဘယ်သူမှလည်း တက်ကြွစိတ်ပါကြတာ

မဟုတ်ဘူး။ အကာအကွယ်ပေးရင် တွေ့လာမယ့် အန္တရာယ်တွေကိုလည်း ရင်မဆိုင်ချင်ကြဘူး။

နောက်ဆုံးပြောချင်တာကတော့ နိုင်ငံအများပါဝင်လုပ်ကိုင်တဲ့နည်းရဲ့ ရလဒ်ဟာ ကော်မတီဖွဲ့ စစ်တိုက်တာနဲ့ ကော်မတီဖွဲ့ ငြိမ်းချမ်းရေးတည်ဆောက်တာတွေပဲ အဖြစ်များတယ်။ ဘယ်ဟာမှ ကောင်းကောင်း အလုပ်မဖြစ်ပါတဲ့။

သူ့ရဲ့ အယူအဆတွေကတော့ ရှင်းပါတယ်။ နိုင်ငံအများနဲ့ လုပ်ဆောင်တာ အလုပ်မဖြစ်ဘူးလို့ ဆိုတာပါ။ အများနဲ့လုပ်တာကို ဆန့်ကျင်ထားတယ်။ တကိုယ်တော်ကြိုတ်ရေးဝါဒကို အားပေးတဲ့သဘောပါ။ ပြောင်မပြောတာ တခုပါပဲ။

(၃)

သူတို့ရဲ့အမြင်တွေဟာ အမေရိကန်အစိုးရရဲ့ တရားဝင်အမြင်တွေ မဟုတ်ဘူးလို့တော့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ အမေရိကန်ရဲ့ လုပ်ရပ်တွေကိုကြည့်ရင် ဒီသဘောထားအမြင်တွေနဲ့ မကွာလှတာ တွေ့ရပါမယ်။ ကုလသမဂ္ဂကို ဘေးချိတ်ပြီး သူလုပ်ချင်ရာတွေ လုပ်ခဲ့တဲ့သာဓကတွေ အများကြီး ရှိပါတယ်။ ကုလသမဂ္ဂမှာ မဲခွဲကြတာတွေမှာ သူတနိုင်ငံတည်း (သို့) အခြားတနိုင်ငံ နှစ်နိုင်ငံလောက်နဲ့အတူတဖက်၊ ကျန်နိုင်ငံအများစုကတဖက် ဖြစ်ခဲ့တာတွေ အများကြီး ရှိပါတယ်။ ၁၉၈၃ ခုနှစ်မှာ အမေရိကန်က ဂရင်နေဒါကို ဝင်ကျူးကျော်တုန်းက စစ်အာဏာရှင်နိုင်ငံတွေဖြစ်တဲ့ ချီလီ၊ ဂွာတီမာလာနဲ့ ဥရုဂွေးနိုင်ငံတွေမှအပ ကျန်လက်တင်အမေရိကနိုင်ငံတွေ အားလုံးက ရှုတ်ချကြပါတယ်။ ကုလသမဂ္ဂမှာလည်း အများစုကြီးက မထောက်ခံကြောင်း မဲပေးဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါကို အဲဒီတုန်းက သမ္မတဖြစ်သူ ရော်နယ်ရီဂင်က အခုလို တုံ့ပြန်ပါတယ်။ “ကျွန်တော်တို့ ပါဝင်ပတ်သက်တဲ့ ကိစ္စအားလုံးလောက်မှာ ကုလသမဂ္ဂက နိုင်ငံပေါင်းတရာက ကျွန်တော်တို့နဲ့ အမြဲလိုလို သဘောကွဲလွဲခဲ့ကြတယ်။ ဒီအတွက်ကြောင့်တော့ ကျွန်တော့်အနေနဲ့ မနက်စာတောင် အစားမပျက်ပါဘူးဗျာ”

ကုလသမဂ္ဂရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်သူဟာလည်း ကြိုး ၅ ကြိုးကြားမှာ မီးစင်ကြည့် ကနေရသူ ဖြစ်ပါတယ်။ အထွေထွေအတွင်းရေးမှူးတဦးဖြစ်တဲ့ ဒက်ဟမ်းမားရှိုး လေယာဉ်ပျက်ကျပြီး ကွယ်လွန်သွားရတာဟာ စီအိုင်အေလက်ချက်လို့ ဆိုကြတယ် မဟုတ်လား။ ဘူးထရိုစ့်ဂါလီ ဒုတိယသက်တမ်းအရွေးမခံရတာဟာ အမေရိကန်က ပိတ်ဆို့လို့ ဖြစ်ပါတယ်။ ကိုဖီအာနန်တောင် တလောက သူ့သားဟာ စီးပွားရေးအရှုပ်တော်ပုံမှာ ပတ်သက်နေတယ် ဆိုပြီး အစွပ်စွဲခံလိုက်ရပါတယ်။ ဒီနေရာမှာ စပ်မိလို့ တခုပြောချင်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဗမာပြည်ပြဿနာကို အထွေထွေအတွင်းရေးမှူးကိုဖီအာနန်က တင်ပေးဖို့ လော်ဘီလုပ်နေတဲ့ကိစ္စပါ။ ဒီလိုလော်ဘီ လုပ်နေကြတာကို မကန့်ကွက်ပါဘူး။ ဒါပေမဲ့ အထွေထွေအတွင်းရေးမှူးက တင်ပေးဖို့ဆိုတာကိုတော့ နည်းနည်းစဉ်းစား ကြစေချင်ပါတယ်။ ကြီးငါးကြီးအဖွဲ့ဝင်တွေဖြစ်တဲ့ အမေရိကန်၊ အင်္ဂလန်တို့လို နိုင်ငံတွေက တင်ပေးဖို့ လော်ဘီ လုပ်တာက ပိုပြီးအဆင်ပြေမလားလို့ပါ။

သိပ်မကြာသေးခင်ကပဲ အမေရိကန်က ကုလသမဂ္ဂမှာ သူ့ရဲ့ကိုယ်စားလှယ်အဖြစ် ဂျွန်ဘိုလ်တန်ဆိုသူကို ခန့်အပ်ဖို့ သမ္မတဘုရှ်အစိုးရအဖွဲ့က အဆိုပြုလိုက်ပါတယ်။ သူ့ပြည်တွင်းမှာကော၊ နိုင်ငံတကာမှာပါ ပွက်လောရိုက် သွားပါတယ်။ ဘာကြောင့်ပါလဲ။ အဲဒီ ဂျွန်ဘိုလ်တန်ဆိုသူ ပြောခဲ့တာတွေ တချို့ကို ကြည့်လိုက်ရင် ရှင်းသွားပါလိမ့်မယ်။ “ကုလသမဂ္ဂရဲ့ အထပ်ဆယ်ထပ်လောက် ဖြိုချလိုက်လို့လည်း ဘာမှ ပြဿနာမကြီးပါဘူး။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီမှာ အမြဲတမ်းအဖွဲ့ဝင်တနိုင်ငံပဲ (အမေရိကန်နိုင်ငံကို) ထားသင့်တယ်။ ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းဟာ အမေရိကန်နိုင်ငံရဲ့ လုံခြုံရေးအတွက် အခရာကျတဲ့အဖွဲ့အစည်းမဟုတ်ဘူးလို့ အကြိမ်များစွာ ပြောခဲ့တယ်။ တကယ့် တကယ်မှာတော့ နိုင်ငံတကာဥပဒေဆိုတာမျိုးဟာ မရှိဘူး။ အမေရိကန်နိုင်ငံဟာ ဒီလိုဥပဒေမျိုးရဲ့ အချုပ်အနှောင် မခံသင့်ဘူး။ နိုင်ငံတကာရာဇဝတ်မှုတရားရုံး သဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးထားတာကို အမေရိကန်နိုင်ငံက ပြန်လည်ရုပ်သိမ်းလိုက်တဲ့နေ့ဟာ သူ့တသက်တာမှာ အပျော်ဆုံးနေ့ပဲ။ အမေရိကန်နိုင်ငံအတွက် လုံခြုံရေးကောင်စီရဲ့

ခွင့်ပြုချက်ရဖို့ မလိုပါဘူး'' ဒါတွေဟာ ကုလသမဂ္ဂမှာ အမေရိကန်နိုင်ငံရဲ့ ကုယ်စားလှယ်အဖြစ် အဆိုပြုခံထားရသူက ပြောတဲ့စကားတွေပါ။

ဒါ့အပြင် ကုလသမဂ္ဂမှာ အမေရိကန်နိုင်ငံဟာ သူဖြစ်ချင်တာတွေဖြစ်အောင် အကျပ်ကိုင်တာတွေလည်း လုပ်ပါတယ်။ ဒါလည်း သာဓကတွေ အများကြီး ရှိပါတယ်။ ဥပမာ ထည့်ဝင်ရမယ့်ငွေတွေ မထည့်တော့ဘူးဆိုပြီး အကျပ်ကိုင်တာမျိုး ဖြစ်ပါတယ်။ ၁၉၈၀ ခုနှစ်တွေမှာ ကုလသမဂ္ဂဘတ်ဂျက်ဆိုင်ရာကိစ္စတွေမှာ အဲဒီလို လုပ်ခဲ့တယ်။ ၁၉၉၁ ခုနှစ်မှာ ဇီယွန်ဝါဒဟာ လူမျိုးခွဲခြားရေးဝါဒနဲ့ အတူတူပဲဆိုတဲ့ ကုလသမဂ္ဂဆုံးဖြတ်ချက် ပြန်ရုပ်သိမ်းသွားအောင် ဒီနည်းကို သုံးခဲ့တယ်။

ဒီနေရာမှာ နိုင်ငံတကာအဖွဲ့ချုပ်ကြီး ဇီဝိန်ချုပ်ငြိမ်းခါနီးအချိန်က အခြေအနေနဲ့ နှိုင်းယှဉ်ကြည့်ချင်ပါတယ်။ သမိုင်းမျဉ်းပြိုင်ဆွဲတာတော့ မဟုတ်ပါ။ အဲဒီအချိန် (၁၉၃၇-၃၉) လောက်မှာ နိုင်ငံတချို့ အဖွဲ့ကြီးက နုတ်ထွက်သွားကြပါတယ်။ အီတလီ၊ ဂျာမဏီ... စတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ သူတို့ဟာ အဲဒီအချိန်တုန်းက ဒုတိယတန်းနိုင်ငံတွေလို့ ဆိုရမှာပါ။ ပထမတန်းနိုင်ငံတွေက အင်္ဂလန်၊ ပြင်သစ်တို့ဖြစ်ပြီး အဖွဲ့ကြီးကို ဦးဆောင်နေကြတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ အခုက အဲဒီလို မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံဆိုတာ ကမ္ဘာ့တဦးတည်းသောဗိုလ်ကြီး ဖြစ်ပါတယ်။ ဆူပါပါဝါ အဆင့်တောင် မကတော့ပါဘူး။ ဟိုင်ပါပါဝါ အဆင့်ပါ။ နောက်ပြီး သူက ကုလသမဂ္ဂထဲမှာနေပြီး အကျပ်ကိုင်နေတာ ဖြစ်ပါတယ်။ တခါတလေ ကုလသမဂ္ဂအပြင်ထွက်ပြီး လုပ်ချင်ရာ လုပ်ပါတယ်။ လုပ်ချင်ရာလုပ်ပြီးမှ ပြန်ဝင်လာတယ်။ အလွန်စိုးရိမ်စရာကောင်းတဲ့ အခြေအနေပါ။

(၄)

ဗမာပြည်လို တိုင်းပြည်ငယ်လေးမျိုးအတွက်တော့ ကုလသမဂ္ဂအဖွဲ့ကြီး ပျက်ဆီးသွားတာမဆိုထားနှင့် သြဇာကျသွားတာ၊ အားနည်းသွားတာမျိုးတောင် မဖြစ်စေချင်ပါ။ အားကောင်းသြဇာကြီးနေတာကိုပဲ မြင်ချင်ပါတယ်။ ဒီနေ့လို အခြေအနေမျိုးမှာ ဗမာပြည်လို တိုင်းပြည်မျိုးအတွက် ကုလသမဂ္ဂ မရှိလို့ မဖြစ်ပါဘူး။ ကုလသမဂ္ဂသာ မရှိလို့ကတော့ သုံးပုံဖဲစကားနဲ့ ပြောရရင် 'ဗမာပြည်က အုပ်ထေ မှောက်ထေ ဘဝမျိုး' ရောက်သွားမှာပါ။

အမေရိကန်ရဲ့ကျောထောက်နောက်ခံအားပေးမှုနဲ့ ကေအမ်တီတရုတ်ဖြူတွေက ကျူးကျော်တာကို ခံခဲ့ရတဲ့ ဗမာပြည်ရဲ့ခါးသီးတဲ့အတွေ့အကြုံကို မေ့လို့မဖြစ်ပါ။ ဒါကြောင့် ပိုပြီးတရားမျှတတဲ့၊ ပိုပြီးသြဇာကြီးတဲ့ ကုလသမဂ္ဂအဖွဲ့ကြီး ဖြစ်လာရေးအတွက် တတ်နိုင်သမျှလုံးပန်းအားထုတ်သွားရမှာ ဖြစ်ပါတယ်။ ကိုယ့်တနိုင်ငံတည်းတော့ ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး။ ကိုယ့်လိုနိုင်ငံတွေ ပေါင်းစည်းနိုင်သမျှပေါင်းပြီး အသံတသံဖြစ်လာဖို့ လုပ်ရပါမယ်။ ဒီလိုပေါင်းစည်း နိုင်ဖို့အတွက် အပြင်ထွက်ဖို့ လိုပါတယ်။ အပြင်ထွက်ရင် အဝေဖန်ခံရမှာကြောက်ပြီး နအဖ လို အိမ်တွင်းပုန်းနေလို့တော့ မဖြစ်ပါဘူး။ ။

ရည်ညွှန်း။ ။ Think Again: The United Nations by Madelein K. Albright (Foreign Policy, Sept/Oct - 2003)

The Shackles of Consensus by Jeane J. Kirkpatrick (Foreign Policy, Sept/Oct - 2002)

# အမေရိကန် CNN သတင်းထောက်ရဲ့ အမေး
# နဲ့
# တရုတ်ဝန်ကြီးချုပ်ဝင်ကြားပေါင်ရဲ့ အဖြေ

**ရဲဘော်–အောင်လွင်**

တရုတ်ပြည် ၁၀ ကြိမ်မြောက် ပြည်သူ့ကွန်ဂရက် NPC တတိယ စုံညီအစည်းအဝေးပြီးနောက် ၁၄–၃–၂၀၀၅ နေ့က ပြည်သူ့ခန်းမဆောင်ကြီးမှာ သတင်းစာ ရှင်းလင်းပွဲတရပ် ကျင်းပခဲ့တယ်။ ၎င်း သတင်းစာ ရှင်းလင်းပွဲသို့ ပြည်သူ့ကွန်ဂရက်ရဲ့ ပြောရေးဆိုခွင့်ရှိသူ ကျန်းအင်ကျူ (Jiang Enzhu) ရဲ့ ဖိတ်ကြားမှုအရ ပြည်တွင်းပြည်ပ စာနယ်ဇင်းသတင်းထောက် (၇၀၀) ကျော် တက်ရောက်ခွင့် ရရှိခဲ့ပါတယ်။ တကယ်က တက်ရောက်လိုသူ သတင်းထောက် (၂၀၀၀) ကျော် ရှိခဲ့ပေမယ့် နေရာအခက်အခဲကြောင့် (၇၀၀) သာ လက်ခံရတာပါလို့ ဆိုတယ်။

သတင်းစာရှင်းလင်းပွဲသို့ တရုတ်ပြည်နိုင်ငံတော် ဝန်ကြီးချုပ် ဝင်ကြားပေါင်(Wen Jiabao) တက်ရောက်လာပြီး သတင်းထောက်များရဲ့ မေးမြန်းချက်များကို ဖြေကြားခဲ့တယ်။

ပြည်သူ့ကွန်ဂရက် တတိယစုံညီအစည်းအဝေးအပြီးမှာ "နိုင်ငံခွဲထွက်ရေးကိုဆန့်ကျင်သည့် ဥပဒေ"ကို ပြဋ္ဌာန်း အတည်ပြုခဲ့တယ်။ ဒီဥပဒေအပေါ် ပြည်တွင်းပြည်ပ လူအများကလည်း စိတ်ဝင်စားလှပြီး ဒီဥပဒေကို လိုက်လိုက်လှဲလှဲ ထောက်ခံကြကြောင်း ဖော်ပြမှုတွေ ဆက်တိုက်ပေါ်ထွက်လာနေပါတယ်။

ဒါကြောင့် ဒီဥပဒေပြဋ္ဌာန်းမှုနဲ့ ပတ်သက်လို့ အမေရိကန် CNN သတင်းထောက်ရဲ့ အမေးနဲ့ ဝန်ကြီးချုပ် ဝင်ကြားပေါင်ရဲ့ အဖြေ အပြည့်အစုံကို တင်ပြလိုက်ပါတယ်။

CNN သတင်းထောက်။ ။ "နိုင်ငံခွဲထွက်ရေးကို ဆန့်ကျင်သည့် ဥပဒေ"အရ တရုတ်ပြည်ဟာ "ငြိမ်းချမ်းစွာ ဖြေရှင်းရေး မဟုတ်တဲ့ နည်းနာ" ကို ကျင့်သုံးဖို့ အခွင့်အရေးရှိတယ်လို့ ဆိုတယ်။ ငြိမ်းချမ်းစွာ ဖြေရှင်းရေးမဟုတ်တဲ့ နည်းနာဆိုတာ ဘယ်လိုဟာတွေလဲ။ ဒါနဲ့ ပတ်သက်လို့ တဆိတ်လောက် ရှင်းပြပေးနိုင်မလား။ တကယ်လို့ တရုတ်ပြည်ဟာ အတိုင်းအတာ ကြီးမားလှတဲ့ အချင်းပွားမှုကြီးနဲ့ ရင်ဆိုင်ရရင် အမေရိကန်ကလည်း ပါဝင်လာမယ်။ ဒီလို အခြေအနေမျိုးအောက်မှာ အနိုင်တိုက်နိုင်မယ့် တပ်မတော် တရပ်ကို တရုတ်ပြည်ဟာ တည်ဆောက် သွားရလိမ့်မယ်လို့ အစိုးရအဖွဲ့ လုပ်ငန်းအစီရင်ခံစာမှာ ဝန်ကြီးချုပ် ဖော်ပြခဲ့တယ် မဟုတ်ပါလား။

တရုတ်ဝန်ကြီးချုပ်။ ။ "နိုင်ငံခွဲထွက်ရေးကို ဆန့်ကျင်သည့် ဥပဒေ"ဟာ ဘယ်လို ဥပဒေမျိုးလည်းဆိုတာ အရင်ဆုံး ရှင်းပြပါရစေ။ ဒါဟာ ထိုင်ဝမ်ပြည်သူတွေကို ရည်စူးထုတ်ဝေတဲ့ ဥပဒေမဟုတ်ပါဘူး။ "ထိုင်ဝမ် လွတ်လပ်ရေး အင်အားစု"တွေကို ဆန့်ကျင်တဲ့၊ ထိန်းချုပ်တဲ့ ဥပဒေသာ ဖြစ်ပါတယ်။ စစ်ဆင်နွှဲရေးဥပဒေလည်း မဟုတ်ဘူး။ နိုင်ငံတော် တပေါင်းတစည်းတည်း ဖြစ်ရေးဥပဒေသာ ဖြစ်တယ်။ ရေလက်ကြားရဲ့ နှစ်ဘက်ကမ်းကို တခုတည်းသော တရုတ်ပြည်ရဲ့ လက်အောက်ခံအဖြစ် ပြောင်းပစ်ရေးမဟုတ်ဘဲ ထိုင်ဝမ်ပင် လယ်ပြင်ဒေသ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး

အတွက် အကျိုးရှိစေရေးဥပဒေဖြစ်တယ်။

ဒုတိယအားဖြင့် –ထိုင်ဝမ်ရေလက်ကြား လက်ရှိအခြေအနေဟာ ဘယ်လိုရှိနေပါသလဲ။ ဒါဟာ အရေးကြီးတဲ့ ပြဿနာဖြစ်တယ် ဆိုတာကိုတော့ ပြောလိုက်ပါရစေ။ ကမ္ဘာပေါ်မှာ တရုတ်ပြည်ဟာ တပြည်တည်းသာ ရှိတာပါ။ ပြည်မကြီးနဲ့ ထိုင်ဝမ် တပေါင်းတစည်းတည်း ဖြစ်ရေးဟာ လုံးဝအကောင်အထည်မဖော်ရသေးပါဘူး။ ဒါပေမဲ့ ဒီအချက်က ရေလက်ကြားရဲ့ နှစ်ဘက်ကမ်းဟာ တခုတည်းသော တရုတ်ပြည်သာ ဖြစ်တယ်ဆိုတဲ့ တကယ့်ဖြစ်ရပ်မှန်ကို နည်းနည်းလေးမှ ပြောင်းလဲမပစ်နိုင်ပါဘူး။ ဒါဟာ ထိုင်ဝမ်ရေလက်ကြားရဲ့ လက်ငင်းအခြေအနေပါပဲ။

တတိယအားဖြင့်–မိတ်ဆွေသတင်းထောက်ပြောတဲ့ "ငြိမ်းချမ်းစွာဖြေရှင်းရေးမဟုတ်တဲ့ နည်းနာ ကျင့်သုံးရမယ့် အခြေအနေ(၃) မျိုးကို ကျွန်တော်တို့ လုံးဝမမျှော်လင့်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ဟာ နိုင်ငံတော် ငြိမ်းချမ်းစွာ တပေါင်းတစည်းတည်း ဖြစ်ရေးကို အစွမ်းကုန်ကြိုးစားတွန်းဆော်သွားနိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက် ရောင်ခြည် တခုတည်းသာ ထားပါတယ်။ ကျွန်တော်တို့ဟာ ဒီဥပဒေကို ထိုင်ဝမ်မွေးချင်းပေါက်ဖော် ၂၃ သန်းအပါအဝင် တရုတ်တပြည်လုံးက ပြည်သူတွေရဲ့ နိုင်ငံတော်အချုပ်အခြာအာဏာတည်မြဲရေးနဲ့ နယ်မြေတပေါင်းတစည်းတည်း ရှိရေးဆိုတဲ့ ဆန္ဒရဲ့ ရောင်ပြန်ဟပ်ချက်အရ တရုတ်ပြည်မှ ထိုင်ဝမ်ခွဲထွက်ရေးဆန္ဒကို ဆန့်ကျင်ပြီး ရေးဆွဲခဲ့တာပါ။ မိတ်ဆွေသတင်းထောက်ခင်ဗျား–အဆွေတော်တို့ရဲ့ နိုင်ငံမှာ ၁၈၆၁ ခုနှစ်က ရေးဆွဲထားခဲ့တဲ့ ခွဲထွက်ရေးဆန့်ကျင်သည့် ဥပဒေနှစ်ရပ်ကို ပြန်ကြည့်မယ်ဆိုရင်လည်း ဒီအတွင်းသဘောတွေပဲ မဟုတ်ပါလား။

"ပိတ်စ ၁–ပေ လောက်နဲ့တောင်မှ အဝတ်အထည် ချုပ်နိုင်သေးရင် ဆပ် ၁–ကီလိုကိုလည်း ထောင်းနိုင်တာပေ့ါ" ဆိုတဲ့ ဆို ရိုးစကားတခွန်း တရုတ်ပြည်မှာ ရှိပါတယ်။ အခုလည်း တအူတုံဆင်း ညီအစ်ကိုရင်းတွေ ဘယ့်နှယ့် မဖြစ်နိုင်ရမှာလဲ။ ထိုင်ဝမ်က မွေးချင်း ပေါက်ဖော်တွေဟာ ကျွန်တော်တို့ရဲ့ သွေးရင်းသားရင်း ညီနောင်ရင်းတွေပါ။ ထိုင်ဝမ်က မွေးချင်းပေါက်ဖော်တရပ်လုံးဟာ ယခုလို ဥပဒေ ပြုရတဲ့ ရည်ရွယ်ချက်ကို နားလည်သဘောပေါက် နိုင်ကြလိမ့်မယ်လို့ မျှော်လင့်တယ်။ ထိုင်ဝမ်ရေလက်ကြား ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို အလေးထားတဲ့ နိုင်ငံနဲ့ ပြည်သူတွေဟာ ဒီဥပဒေကို နားလည်သဘောပေါက်ပြီး ထောက်ခံနိုင်ကြလိမ့်မယ်လို့လည်း မျှော်လင့်တယ်။

မိတ်ဆွေသတင်းထောက် ဆွေးနွေးလာလို့ တရုတ်ပြည်စစ်ရေးအင်အား တောင့်တင်းလာမှုနဲ့ ပတ်သက်လို့ အချိန်နည်းနည်း ယူပြီး ပြောလိုက်ပါရစေ။ တရုတ်ပြည်က လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေတာဟာ ခုခံကာကွယ်ရေး လက္ခဏာဆောင်တဲ့ နိုင်ငံတော် ကာကွယ်ရေးရည်မှန်းချက်ပါ။ တရုတ်ပြည်ရဲ့ စစ်ရေးအင်အားကို မိတ်ဆွေတို့နိုင်ငံရဲ့ စစ်ရေးအင်အားနဲ့ နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင်၊ အထူးသဖြင့် စစ်ရေးအသုံးစရိတ်ကိုသာ နှိုင်းယှဉ်လိုက်ရင် အလွန်ကို ကွာပါတယ်။ ဒီမှာ ကိန်းဂဏန်းတွေကို ကျွန်တော်ဖော်ပြမနေဘူး။ တကယ့်ဖြစ်ရပ်မှန် တခုလောက်ကို ရှင်းပြပါရစေ။ အနီးခေတ် နှစ်ပေါင်း(၁၀၀) လောက် အတွင်း တရုတ်တွေဟာ သူတပါးရဲ့ နှိပ်ထက်စီးနင်း ပြုခြင်းကိုသာ ခံခဲ့ရတာပါ။ ဒီနေ့အထိ တရုတ်ပြည်ဟာ ဘယ်နိုင်ငံ ဘယ်ဒေသက မြေတလက်မလောက်ကိုမျှ စစ်တပ်တတပ် မပြောနဲ့၊ စစ်သားတယောက်တလေကိုတောင်မှ စေလွှတ်သိမ်းပိုက်ခိုင်းတာမျိုး မရှိပါဘူး။ ထိုင်ဝမ် ပြဿနာဟာ တရုတ်ပြည်ရဲ့ ပြည်တွင်းရေးသက်သက်ပါ။ ပြည်ပက ဝင်ရောက်စွက်ဖက်လာမှာမျိုးကို လက်မခံပါဘူး။ ပြည်ပက ဝင်ရောက်စွက်ဖက်လာလိမ့်မယ်လို့လည်း ကျွန်တော်တို့ မျှော်လင့်မထားပါဘူး။ ဒါပေမဲ့– ပြည်ပက ဝင်ရောက်စွက်ဖက်လာခဲ့မယ်ဆို ရင်လည်း မကြောက်ပါဘူး။

အထက်မှာ တင်ပြခဲ့တာဟာ CNN သတင်းထောက်ရဲ့ အမေးနဲ့ တရုတ်ဝန်ကြီးချုပ် ဝင်ကြားပေါင်ရဲ့ အဖြေ ဖြစ်ပါတယ်။

ယခု တရုတ်ပြည်ရဲ့ "နိုင်ငံခွဲထွက်ရေးကို ဆန့်ကျင်သည့် ဥပဒေ" အပိုဒ် (၈) မှာလည်း...

"ထိုင်ဝမ်လွတ်လပ်ရေး" ခွဲထွက်ရေးအင်အားစုများက ထိုင်ဝမ်ကို တရုတ်ပြည်မှ ခွဲထွက်ရေးအတွက် မည်သည့်အမည် အောက်မှာ ဖြစ်ဖြစ်၊ မည်သည့်နည်းလမ်းကို သုံးသုံး– သုံးလာပါက (သို့မဟုတ်) ထိုင်ဝမ်ခွဲထွက်ရေးကို သက်ရောက်စေနိုင်သည့် အမှုအခင်းကြီးပေါ်ပေါက်လာပါက (သို့မဟုတ်) ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်း ရေး

အလားအလာ လုံးဝကုန်စင်သွားပါက နိုင်ငံတော် အနေနှင့် တရုတ်ပြည်၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတပေါင်းတစည်းတည်း ရှိမှုကို ကာကွယ်ရန်အတွက် ငြိမ်းချမ်းရေးနည်းလမ်းမဟုတ်သည့် နည်းလမ်းများနှင့် တခြား လိုအပ်သည့် နည်းလမ်းများကို ကျင့်သုံးသွားမည်။

နိုင်ငံတော်ကောင်စီ နှင့် ဗဟိုစစ်ကော်မရှင်သည် ရှေ့အပိုဒ်တွင် ဖော်ပြထားသည့် လိုအပ်သည့် နည်းလမ်းများနှင့် မငြိမ်းချမ်းသည့် နည်းလမ်းများအပေါ် ဆုံးဖြတ်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်သူ့ကွန်ဂရက်(NPC) အမြဲတန်းကော်မတီသို့ ချက်ချင်း အစီ ရင်ခံရမည်…

လို့ အတိအလင်း ညွှန်ပြထားပါတယ်။

စစ်ဟာ ဘယ်တုန်းကမှ ကမ္ဘာ့လူသားများအတွက် ကောင်းကျိုးမပြုခဲ့ပါ။ လူသားများအတွက် ဘေးဒုက္ခများ ဆောင်ကြဉ်းလာတတ်ပါတယ်။ လူသားများရဲ့ အသက်အိုးအိမ်စည်းစိမ်များကို ပျက်စီးဆုံးရှုံးစေပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးဆုံးရှုံးစေပါတယ်။ ဘယ်နေရာ ဘယ်ဒေသမှာ စစ်ဖြစ်ဖြစ် ဒေသတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတား ဖြစ်စေပါတယ်။ ဒါကြောင့် ဘယ်နေရာဘယ်ဒေသမှာ ဖြစ်ဖြစ် စစ်ဖြစ်မှာကို မလိုလားပါ။

ထို့အတူ ဗမာပြည်အကျိုးစီးပွားအတွက်လည်း ကျွန်တော်တို့ စစ်ကို မလိုလားပါ။ ဒါပေမဲ့ ဖြစ်လာရင်လည်း မကြောက်ပါဘူး။ ဗမာပြည် တိုင်းချစ်ပြည်ချစ် ရဟန်းသံဃာ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးနဲ့ အတူ မိမိတိုင်းပြည်အကျိုးစီးပွားအတွက် ပြည်ချစ်စစ်ပွဲကို ရဲရဲဝံ့ဝံ့ လှုံ့ဆော်ဆင်နွှဲသွားကြရမှာ ဖြစ်ပါတယ်။ ။

ရည်ညွှန်း။ ။ Beijing Review NO. 13 March 31, 2005 Document အင်္ဂလိပ်–တရုတ် ၂ ဘာသာဖြင့် ဖော်ပြထားသည့် အချပ်ပို။

"ထိုင်ဝမ်လွတ်လပ်ရေး" ခွဲထွက်ရေးအင်အားစုများက ထိုင်ဝမ်ကို တရုတ်ပြည်မှ ခွဲထွက်ရေးအတွက် မည်သည့်အမည်အောက်မှာဖြစ်ဖြစ်၊ မည်သည့် နည်းလမ်းကို သုံးသုံး–သုံးလာပါက (သို့မဟုတ်) ထိုင်ဝမ်ခွဲထွက်ရေးကို သက်ရောက်စေနိုင်သည့် အမှုအခင်းကြီးပေါ်ပေါက်လာပါက (သို့မဟုတ်) ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်း ရေးအလားအလာ လုံးဝကုန်စင်သွားပါက နိုင်ငံတော် အနေနှင့် တရုတ်ပြည်၏ အချုပ်အခြာအာဏာပိုင်မှုနှင့် နယ်မြေတပေါင်း တစည်းတည်းရှိမှုကို ကာကွယ်ရန်အတွက် ငြိမ်းချမ်းရေး နည်းလမ်းမဟုတ်သည့် နည်းလမ်းများနှင့် တခြား လိုအပ်သည့် နည်းလမ်းများကို ကျင့်သုံးသွားမည်။

# ကမ္ဘာမြေတလွှားမှာ မာ့က်စ်ဝါဒ သက်ဝင်လှုပ်ရှားမြဲ

ရဲဘော်သိန်းဝင်း

(၁)

ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံတွေ အသွေးအရောင် ပြောင်းလဲသွားပြီးတဲ့နောက် နိုင်ငံတကာမှာ မာ့က်စ်ဝါဒစူးစမ်း လေ့လာနေမှုများဟာလည်း ဒီဂယက်ရဲ့ ရိုက်ခတ်မှုကို ခံရတယ်။ ဒါပေမဲ့ စူးစမ်းလေ့လာနေမှု၊ ငြင်းခုံနေမှုတွေဟာ ငြိမ်သက်သွားတာတော့ မဟုတ်ပါဘူး။ ငြိမ်သက်မသွားရုံမက သဘောတရားရေးဆိုင်ရာ စူးစမ်းလေ့လာမှုတွေ၊ ပြန်လည်စဉ်းစားသုံးသပ် မှုတွေ ပိုမိုလိုအပ်လာတယ်။ ဒါမှသာ မာ့က်စ်ဝါဒကို လက်တွေ့ အခြေအနေနဲ့ ကိုက်ညီစွာ ပိုမိုအသက်ရှင်သန်လာနိုင်လိမ့်မယ်လို့ ခံယူ လာကြပါတယ်။

၂၀ ရာစု၊ ၉၀ ခုနှစ်များ အလယ်ပိုင်းလောက်က စတင်ပြီး အနောက်တိုင်းအရင်းရှင်နိုင်ငံကြီးတွေမှာ မာ့က်စ်ဝါဒနဲ့ ဆိုရှယ်လစ် ဝါဒ စူးစမ်းလေ့လာရေး တက်ကြွတဲ့ လှုပ်ရှားမှုတရပ် ခြိမ့်ခြိမ့်သဲသဲ ပေါ်ထွက်လာနေပါတယ်။ အဲဒီလို သုတေသန ဆွေးနွေးပွဲကြီးတွေအနက် စံပြုဖော်ပြနိုင်တဲ့ အစည်းအဝေးပွဲကြီးကတော့ ပဲရစ်မြို့မှာ ကျင်းပလေ့ရှိတဲ့ "နိုင်ငံတကာ့ မာ့က်စ် ညီလာခံ" ဖြစ်တယ်။ အဲဒီ ညီလာခံကို ၁၉၉၅ ခုနှစ်က စတင်ပြီး (၃) နှစ်တကြိမ် ကျင်းပခဲ့တာ ဖြစ်လို့ ၂၀၀၄ ခုနှစ်အထိဆိုရင် စတုတ္ထအကြိမ်အထိ ကျင်းပပြီးစီးသွားခဲ့ပါပြီ။

၁။ **ပထမဆုံးအကြိမ်** ညီလာခံ ကို ၁၉၉၅ ခု၊ စက်တင်ဘာ ၂၇ ရက်နေ့မှာ အိန်ဂယ်ကွယ်လွန်ခြင်း အနှစ်၁၀၀ ပြည့် အထိမ်း အမှတ်အဖြစ် နိုင်ငံတကာရှိ မာ့က်စ်ဝါဒီတွေက ကျင်းပခဲ့ကြတာပါ။ ညီလာခံရဲ့ အဓိက အကြောင်း အရာမှာ "မာ့က်စ်ဝါ' အနှစ်၁၀၀– ပြန်ပြောင်းသုံးသပ်ခြင်းနဲ့ စူးစမ်းလေ့လာခြင်း"ဆိုတာ ပါပဲ။

ဒီညီလာခံကို ပြင်သစ်ပြည် "မျက်မှောက်ခေတ် မာ့က်စ်" ဆိုတဲ့ မဂ္ဂဇင်းက ကမကထပြုပြီး ပြင်သစ်ပြည် အတွင်းရှိ မာ့က်စ်ဝါဒနဲ့ ဆက်နွယ်နေတဲ့ မဂ္ဂဇင်းဂျာနယ်တွေနဲ့ သုတေသနလုပ်ငန်းဌာန ၁၀၀ နီးပါးက ဆက်သွယ် ပါဝင်ကူညီခဲ့တယ်။ ညီလာခံသို့ နိုင်ငံနဲ့ ဒေသအသီးသီးမှ မာ့က်စ်ဝါဒသုတေသီတွေနဲ့ မာ့က်စ်ဝါဒ ထောက်ခံသူ (၅၀၀) နီးပါးတက်ရောက်ခဲ့တယ်။

ညီလာခံမှာ မာ့က်စ်ဝါဒရဲ့ အနှစ် ၁၀၀ အတွင်း ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်သုံးသပ်ခြင်းနဲ့ နိဂုံးချုပ်ခြင်းအပြင် ဆိုဗီယက်နဲ့ အရှေ့ ဥရောပနိုင်ငံတွေမှာ "လက်တွေ့ ဆိုရှယ်လစ်ဝါဒ" ပြိုကျသွားမှုကို ပြန်လည်စဉ်းစားသုံး သပ်ကြတယ်။ တချိန်တည်းမှာ မျက်မှောက် အရင်းရှင်စနစ်ရဲ့ ပြောင်းလဲမှုအသစ်များနဲ့ ကြန်အင် လက္ခဏာ အသစ်များကို စူးစမ်းလေ့လာခဲ့ကြတယ်။

အဲဒီလို စူးစမ်းလေ့လာမှုအခြေခံအပေါ်မှာ မာ့က်စ်ဝါဒဟာ အရင်းရှင်စနစ်ကို ဝေဖန်တိုက်ခိုက်တဲ့ လက်နက်အဖြစ် ဒီနေ့အထိ တန်ဖိုးရှိနေသေးတယ်လို့ မှတ်ယူကြတယ်။

ဒီညီလာခံနဲ့ ပတ်သက်ပြီး ပြင်သစ်မှာ သြဇာအရှိဆုံးသတင်းစာကြီး ၂ စောင် ဖြစ်တဲ့ "လူ့ကရုဏာ"နဲ့ "လွတ်မြောက်ရေး" သတင်းစာတို့က "မာ့က်စ်ဝါဒ လှုပ်လှုပ်ရှားရှား ဖြစ်ပေါ်စေလိုက်ပြန်ခြင်း" "မာ့က်စ် မသေသေးဘူး–ဒီအကြိမ် အောင်မြင်ပြီးမြောက်သွားတဲ့ ညီလာခံကြီးက ကျွန်တော်တို့အား မာ့က်စ်ဝါဒရဲ့

လက်တွေ့အခြေအနေနဲ့ ကိုက်ညီမှုကို တိုင်းတာ ပေးနိုင်ခဲ့တယ်။ တကမ္ဘာလုံးက ပညာတတ်တွေနဲ့ ကျယ်ပြောလှတဲ့ ပြည်သူလူထုကြီးကို စုစည်းစေနိုင်ခဲ့တယ်။ ဒါက မာ့က်စ်အနေနဲ့ သွေးသစ် အင်အားသစ်တွေ ရရှိလာပြန်ပြီဆိုတာကို သက်သေပြလိုက်ခြင်းဖြစ်တယ်''လို့ အသီးသီး ဖော်ပြခဲ့တယ်။

ညီလာခံပြီးတဲ့နောက် ညီလာခံရဲ့ ရလဒ်တွေကို ''အထူးပြုစုရေးသားချက်ကျမ်းများ'' ''စာတမ်းပေါင်းချုပ်'' စတဲ့ ပုံစံတို့နဲ့ ပုံနှိပ် ထုတ်ဝေခဲ့တယ်။ ထင်ရှားတဲ့ စာတမ်းတချို့ကတော့ ''ပညာရှင်နဲ့ တော်လှန်ရေးသမားကြီး ဖရက်ဒရစ် အိန်ဂယ်လ်'' ''အရင်းရဲ့ စွမ်းအား–လက်ရှိရာစုအတွင်း အမေရိကန်ရဲ့ စီးပွားရေးသမိုင်း'' ''အရင်းရှင်စနစ်ကို လွန်မြောက်ရေး'' ''ကျေးကျွန်စနစ်မှ လုပ်ခစား စနစ်သို့'' ''မာ့က်စ်နဲ့ အိန်ဂယ်လ်တို့ကျမ်းများမှ တော်လှန်ရေးနဲ့ ဒီမိုကရေစီ''ဆိုတဲ့ စာအုပ်တွေပါပဲ။

၂။ **ဒုတိယအကြိမ် ညီလာခံ** ကို ၁၉၉၈ ခု၊ စက်တင်ဘာ ၃၀ မှ အောက်တိုဘာ ၃ ရက်အထိ ပဲရစ်မှာ ကျင်းပခဲ့တယ်။ ညီ လာခံကို ''မျက်မှောက်ခေတ် မာက်စ်'' မဂ္ဂဇင်းနဲ့ ပြင်သစ်ပြည်လုံးဆိုင်ရာ သုတေသနစင်တာ၊ ပြင်သစ်တက္ကသိုလ် ပုံနှိပ်တိုက်တို့က ကမကထပြုကျင်းပခဲ့တာပါ။ ပြင်သစ်လက်ဝဲဂိုဏ်းမဂ္ဂဇင်းဂျာနယ်တွေက ညီလာခံကြိုတင်ပြင်ဆင်ရေးနဲ့ စည်းရုံးရေးလုပ်ငန်းတွေကို ကူညီ ဆောင်ရွက်ခဲ့ကြတယ်။

ညီလာခံသို့ နိုင်ငံနဲ့ ဒေသအသီးသီးမှ ပညာရှင်(၅၀၀) နီးပါး တက်ရောက်ခဲ့တယ်။ ညီလာခံသို့ တင်သွင်းသော စာတမ်းစုစုပေါင်းမှာ (၂၀၀) ကျော် ရှိခဲ့ပါတယ်။ ညီလာခံကို စုံညီအစည်းအဝေးအဖြစ် (၃) ကြိမ် ကျင်းပခဲ့တာပါ။ အဲဒီ(၃) ကြိမ်စလုံးမှာ ''သွေးစုပ်ခြင်းနဲ့ တွန်းလှန်ခြင်း– မျက်မှောက်လူ့အဖွဲ့အစည်းနဲ့ လူတန်းစား'' ''လစ်ဘရယ်ဝါဒသစ်ကို စိစစ်ဝေဖန်ခြင်း'' ''အရင်းရှင်စနစ် အစားထိုးရေးနည်းလမ်းကို စိစစ်ဝေဖန်ခြင်း'' ဆိုတဲ့ ခေါင်းစီးတွေကို တချက်ချင်း ဆွေးနွေးခဲ့ကြတယ်။

ညီလာခံအတွင်း သုတေသန ဆွေးနွေးပွဲပုံစံဖြင့် အစည်းအဝေးပွဲကလေး (၇၆) ပွဲကိုလည်း စည်းရုံးဖော်ဆောင်ခဲ့တယ်။ အဲဒီဆွေးနွေးပွဲတွေမှာ ''၂၁ ရာစုရဲ့ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ နိုင်ငံတကာ့ဝါဒသစ်'' ဆိုတဲ့ ခေါင်းစီးကို အဓိက ဆွေးနွေးခဲ့တယ်။

အဲဒီ ညီလာခံသို့ တက်ရောက်တဲ့ တရုတ်ပညာရှင်က 'ဗဟိုဘာသာပြန်နှင့် စာတည်းဌာန' နှင့် 'ဗဟိုရုပ်မြင် သံကြားဌာန'တို့ ပူးတွဲရိုက်ကူးထားတဲ့ ''ကွန်မြူနစ်ပါတီ ကြေညာစာတမ်း'' ရုပ်မြင်သံကြား အထူးအစီအစဉ်ကို ပြသခဲ့တယ်။ ဒါ့အပြင် ညီလာခံအတွင်း မာ့က်စ် ပုံတူပန်းချီကားများ ပြသခဲ့တယ်။ မဂ္ဂဇင်းတိုက်နဲ့ ပုံနှိပ်တိုက် (၃–၄) ဆယ်တို့ကလည်း စာအုပ်ပြပွဲ ပြုလုပ်ခဲ့တယ်။ မာ့က်စ်၊ အိန်ဂယ်တို့ရဲ့ ကျမ်းများ၊ မာ့က်စ်ဝါဒဆိုင်ရာ သုတေသန ကျမ်းများ၊ မဂ္ဂဇင်းများနဲ့ ဓာတ်ပြားများကို ရောင်းချခဲ့ကြတယ်။

၃။ **တတိယအကြိမ် ညီလာခံ** ကို ၂၀၀၁ ခု၊ စက်တင်ဘာ ၂၆ မှ ၃၀ အထိ ပြင်သစ်ပြည်၊ ပဲရစ်မြို့ အမှတ်(၁၀) တက္ကသိုလ်မှာ ကျင်းပခဲ့တာပါ။ ''မျက်မှောက်ခေတ် မာ့က်စ်''မဂ္ဂဇင်းက ညီလာခံကို ကမကထပြုခဲ့တယ်၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ မာ့က်စ်နဲ့ သက်ဆိုင်တဲ့ စာနယ်ဇင်းတိုက်များ၊ သုတေသနဌာနနဲ့ တက္ကသိုလ် စတဲ့ လုပ်ငန်းဌာန ၁၀၀ နီးပါးက ပါဝင်ကူညီပေးခဲ့ပါတယ်။ ညီလာခံ သို့ နိုင်ငံ(၃၀) ကျော်မှ ပညာရှင်(၆၀၀) ကျော် တက်ရောက်တယ်။ ညီလာခံရဲ့ အဓိက ခေါင်းစီးက ''အရင်းနဲ့လူသား''ဖြစ်တယ်။

ညီလာခံရဲ့ စုံညီအစည်းအဝေးကို ၃ ကြိမ်တိုင်တိုင် ကျင်းပခဲ့တယ်။ ၎င်း ၃ ရက်စလုံးမှာ ''အရင်းရှင်စနစ်ရဲ့ သမိုင်းအရ ဖွံ့ဖြိုးတိုးတက်မှု'' ''မျက်မှောက်အရင်းရှင်စနစ်ရဲ့ ပြောင်းလဲမှုအသစ်များ'' ''အရင်းရှင်စနစ် လွန်မြောက်ရေးနဲ့ လူသား'' ဆိုပြီး ခေါင်းစီး ခွဲကာ ဆွေးနွေးခဲ့ကြတယ်။ သုတေသနဆွေးနွေးပွဲကလေး (၁၂၀) ကိုလည်း စည်းရုံးဖော်ဆောင်နိုင်ခဲ့တယ်။

**၄။ စတုတ္ထအကြိမ်ညီလာခံ** ကို ၂၀၀၄၊ စက်တင်ဘာ ၂၈ မှ အောက်တိုဘာ ၂ ရက်နေ့အထိ ပဲရစ်မှာ ကျင်းပခဲ့ပါတယ်။ ညီလာခံရဲ့ အဓိက ခေါင်းစီးအကြောင်းအရာကတော့ ''နယ်ချဲ့ဝါဒနဲ့ လူမှုရေးစစ်ပွဲများ'' ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပါရဂူနဲ့ ပညာရှင် (၁၀၀၀) နီးပါးတက်ရောက်ခဲ့တယ်။

ညီလာခံရဲ့ စုံညီအစည်းအဝေးပွဲကို ၄ ကြိမ် ကျင်းပပြီး၊ သုတေသနဆွေးနွေးပွဲကလေး (၁၀၀) ကိုလည်း

စုစည်းလုပ်ဆောင်နိုင်ခဲ့တယ်။

ဒီညီလာခံရဲ့ အတွင်းသဘောက အီရတ်စစ်ပွဲပြီးတဲ့နောက် အခြေအနေများကို တိတိကျကျ အကဲဖြတ်နိုင်ရေးပါပဲ။ ညီလာခံ သို့ တက်ရောက်လာတဲ့ ပညာရှင်တွေဟာ စစ်ပွဲ၊ ဒေသစီးပွားရေး၊ နိုင်ငံတကာ့ဥပဒေ နည်းဗျူဟာဆိုင်ရာဆက်စပ်မှု၊ မီဒီယာရေးသဘောတရား၊ ငွေကြေးနဲ့ အရင်းအနှီးရဲ့ ဗိုလ်ကျမှု၊ လက်နက်ခဲယမ်း အရောင်းအဝယ်နဲ့ လက်နက်တပ်ဆင်မှုယှဉ်ပြိုင်ပွဲ၊ လက်တင်အမေရိကမှာ လစ်ဘရယ်ဝါဒသစ် အကျပ်ဆိုက်နေမှု…စတဲ့ မတူတဲ့ထောင့်အသီးသီးကနေ နယ်ချဲ့စနစ်သစ်နဲ့ စစ်ပွဲကို သုတေသနပြုဆွေးနွေးခဲ့ကြတယ်။

ဒ့ါအပြင် မျက်မှောက် အရင်းရှင်စနစ်ရဲ့ ပြောင်းလဲရေးအသစ်များနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအဆင့်များကို ခွဲခြမ်းစိတ်ဖြာခဲ့တယ်။ ဆို ရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေးပုံစံနဲ့ ၎င်းရဲ့ အလားအလာကို စူးစမ်းလေ့လာရှာဖွေကြတယ်။ မာ့က်စ်ဝါဒရဲ့ ခေတ်ကာလဆိုင်ရာတန်ဖိုးနဲ့ မာ့က်စ်ဝါဒရဲ့ အရေးပါမှုလက္ခဏာကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ပြီး ဖွံ့ဖြိုး တိုးတက်အောင် လုပ်ဆောင်သွားရေးအတွက်လည်း သုတေသန ပြုခဲ့ကြပါတယ်။

ညီလာခံသို့ တရုတ်ပြည်မှ ဗဟိုဘာသာပြန်နဲ့ စာတည်းဌာန၊ ဗဟိုပါတီကျောင်း၊ တရုတ်ပြည် လူမှု ရေးသိပ္ပံဆိုင်ရာကောလိပ်၊ ပီကင်းတက္ကသိုလ်၊ ဖူတန်တက္ကသိုလ်၊ ဝူဟန်တက္ကသိုလ်၊ ကျုံစန်(ဆွန်ယက်ဆင်) တက္ကသိုလ်၊ ရှန်ဟိုင်းလူမှုရေးသိပ္ပံဆိုင်ရာကောလိပ်နဲ့ အမှန်တရား ရှာဖွေရေးမဂ္ဂဇင်းတိုက်တို့မှ တရုတ်ပညာရှင် ၂၀ ကျော် တက်ရောက်ခဲတယ်။ ၎င်းတို့က စာတမ်း ၂၀ ခန့်တင်သွင်းခဲ့ပြီး၊ ပညာရှင် ၁၅ ဦးက မိန့်ခွန်းပြောကြားခဲ့ပါတယ်။

ဒီ “နိုင်ငံတကာ့ ညီလာခံ”တွေက အနောက်တိုင်း မာ့က်စ်ဝါဒ စူးစမ်းလေ့လာရေးအပေါ် ထူးခြားတဲ့ သြဇာသက်ရောက်မှု အချို့ ရှိနေပါတယ်။

(၂)

လောလောဆယ် နှစ်အချို့အတွင်း အနောက်တိုင်း လက်ဝဲဂိုဏ်းတွေရဲ့ မာ့က်စ်ဝါဒစူးစမ်းလေ့လာမှုတွေဟာ အမှန်တကယ် လည်း နိုင်ငံတကာ့လက္ခဏာ၊ ပူးပေါင်းမှုလက္ခဏာ၊ အမှီခိုကင်းမှု၊ လက်တွေ့နဲ့ ကိုက်ညီမှု စတဲ့ ထူးခြား ချက်တွေလည်း ပေါ်လွင်လှတယ်။

၁။ ၁၉၉၆၊ ဧပြီ (၁၂–၁၄) ရက်များက “ဆိုရှယ်လစ်များရဲ့ သုတေသန ဆွေးနွေးပွဲ” ကို နယူးယောက်မှာ ကျင်းပခဲ့တယ်။ ပညာရှင် (၁၅၀၀) ကျော် တက်တယ်။ “စဉ်းစားစိတ်ကူးမှုကို ကောင်းချီးထောပနာပြုခြင်း– ဆိုရှယ်လစ်ဝါဒကို မျှော်မှန်းကြည့်ရှုခြင်း”ဆို တဲ့ ခေါင်းစီးနဲ့ ဆွေးနွေးခဲ့ကြတယ်။ ဆွေးနွေးရာမှာ ပြဿနာပေါင်း(၇၀) ကျော်ကို ဆွေးနွေးသုံးသပ်ခဲ့ကြတယ်။

၂။ ၁၉၉၆၊ ဇွန်လ(၂၂–၂၃) ရက်များမှာ ဒီမိုကရေစီနဲ့ ဆိုရှယ်လစ်ဝါဒ နိုင်ငံတကာ့ အဖွဲ့ချုပ်က ပဉ္စမအကြိမ်မြောက် သုတေသနဆွေးနွေးပွဲနဲ့ နှစ်ချုပ်အစည်းအဝေးပွဲကို မော်စကိုမှာ ကျင်းပခဲ့တယ်။ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျပန် စတဲ့ နိုင်ငံ ၂၁ နိုင်ငံ မှ ပညာရှင် ၃၉ ဦးနဲ့ ရုရှားပညာရှင် ၅၀ တက်ရောက်တယ်။ အစည်းအဝေးရဲ့ အတွင်းသဘောကတော့ “ဆိုရှယ်လစ်စနစ်သို့ ပေါက်တဲ့ လမ်း–ပြုပြင်ပြောင်းလဲရေးလား၊ အပေါ်ယံ ပြုပြင် ပြောင်းလဲရေးလား၊ ဈေးကွက်လား၊ စီမံကိန်းလား” ဆိုတာပါပဲ။

၃။ ၁၉၉၆ ခု၊ ဇူလိုင်(၁၂–၁၉) ရက်များအတွင်း တပတ်ကြာ “၉၆ ခုနှစ်၊ မာ့က်စ် ညီလာခံ” ကို လန်ဒန်မှာ ကျင်းပခဲ့တယ်။ ညီလာခံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ ကိုယ်စားလှယ် (၆၀၀၀) ကျော် တက်ရောက်တယ်။ ညီလာခံကို အကြောင်းအရာခွဲ၊ နေရာခွဲကာ နေ့စဉ် တပြိုင်နက်တည်း ကျင်းပခဲ့တာပါ။ ညီလာခံ အစမှအဆုံး ဆွေးနွေးပွဲနဲ့ အစီရင်ခံတဲ့ အစည်းအဝေးပေါင်း (၂၆၀) အထိ ကျင်းပခဲ့တာပါ။

၄။ ၁၉၉၈၊ မေလ(၁၃–၁၆) ရက်များက “ကွန်မြူနစ်ပါတီကြေညာစာတမ်း ထုတ်ဝေခြင်း နှစ် ၁၅၀ မြောက်နေ့”ကို အထိမ်းအမှတ်ပြုတဲ့ နိုင်ငံတကာ ညီလာခံတရပ်ကို ပဲရစ်မှာ ကျင်းပခဲ့တယ်။ နိုင်ငံနဲ့ ဒေသ ၆၀ ကျော်မှ ကိုယ်စားလှယ် (၁၅၀၀) ကျော် တက်ရောက်ခဲ့တယ်။

ညီလာခံသို့ စာတမ်း (၃၄၉) စောင် တင်သွင်းခဲ့ပြီး၊ ၎င်းတို့ကို အတွဲ ၁၂ တွဲခွဲကာ ပုံနှိပ်ထုတ်ဝေခဲ့တယ်။

ညီလာခံရဲ့ အဓိက အကြောင်းအရာကတော့ “အရင်းရှင်စနစ်ကို ဘယ်လို အစားထိုးမလဲ၊ လူသားတွေရဲ့

လွတ်မြောက်ရေးကို ဘယ်လို အကောင်အထည်ဖော်မလဲ''ဆိုတာပါပဲ။ ညီလာခံကို ၆ ကြိမ် တိုင်တိုင်စုံညီ အစည်းအဝေးအဖြစ် ကျင်းပခဲ့တာ ဖြစ်ပြီး အဖွဲ့ငယ် ၂၆ ဖွဲ့ ခွဲကာ ထူးခြားပေါ်လွင်တဲ့ ပြဿနာများကို ဆွေးနွေးခဲ့ပါတယ်။

ဒီညီလာခံနဲ့ ပတ်သက်လို့ ပြင်သစ်''လူ့ကရုဏာ'' သတင်းစာက ''နယူးယောက်ကနေ တိုကျို၊ ဆောင်ပေါ်လို(Sao Paulo-ဘရာဇီးလ်၊ အရှေ့တောင်ပိုင်းမှ ဆိပ်ကမ်းမြို့)ကနေ ဂျေရုဆလင်၊ နယူးဒေလီကနေ လန်ဒန်...နေရာတိုင်းမှာ ''ကွန်မြူနစ်ပါတီ ကြေညာစာတမ်း''ရဲ့ တေးသံကို သီဆိုကျူးရင့်နေကြတယ်''လို့ ဖော်ပြထားတယ်။

၅။ ၂၀၀၄၊ မတ်လ(၁၂–၁၄) နေ့များမှာ နိုင်ငံတကာ ဆိုရှယ်လစ်များရဲ့ ညီလာခံ တရပ်ကို နယူးယောက်မှာ ကျင်းပခဲ့တယ်။ နိုင်ငံပေါင်း ၂၀ ကျော်မှ ပညာရှင် (၂၀၀၀) ကျော် တက်ရောက်တယ်။

ညီလာခံရဲ့ အဓိက အကြောင်းအရာအဖြစ် ''ကမ္ဘာကြီးဟာ ရောင်းချအသုံးပြုစရာ မဟုတ်ပါဘူး'' ဆိုပြီး အဖွင့်မိန့်ခွန်းပြော ခဲ့တယ်။ ၃ ရက်တာ ညီလာခံအချိန်အတွင်း နေရာခွဲကာ သုတေသနဆွေးနွေးပွဲ ပုံစံ အစည်းအဝေးများ ကျင်းပခဲ့တယ်။ ဆွေးနွေးပွဲ စုစုပေါင်း ၈၀ ကျော် စည်းရုံးနိုင်ခဲ့တယ်။

ညီလာခံရဲ့ အလေးထားချက်တွေကတော့ လစ်ဘရယ်ဝါဒသစ်၊ ကိုလိုနီဝါဒသစ်နဲ့ စစ်ပွဲများ။ လူ့အဖွဲ့အစည်းရဲ့ လှုပ်ရှားမှုအသစ်များ၊ အလုပ်သမားအဖွဲ့အစည်းများ ပူးပေါင်းရေး ...စတဲ့ ပြဿနာများပါပဲ။

ညီလာခံပိတ်ပွဲမှာတော့ ''လက်ဝဲဂိုဏ်းများရဲ့ အနာဂတ်''ဆိုတဲ့ ခေါင်းစီးနဲ့ မိန့်ခွန်းပြောကြားခဲ့တယ်။

ခုလို နိုင်ငံတကာ အစည်းအဝေးတွေကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းက ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှ မာ့က်စ်ဝါဒ ပညာရှင်တွေကို အပြန်အလှန်ဖလှယ်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးတိုးတက်လာစေဖို့ အားသစ်သွန်းလောင်းပေးလျက် ရှိနေတယ်။

(၃)

တချိန်တည်းမှာ ကွန်မြူနစ်ပါတီ(ဒါမှမဟုတ်) လက်ဝဲဂိုဏ်းနိုင်ငံရေးပါတီတွေက ခေါ်ယူကျင်းပခဲ့တဲ့၊ ဒေသလက္ခဏာဆောင်တဲ့ နိုင်ငံတကာ့ အစည်းအဝေးတွေလည်း ရှိသေးတယ်။ အဲဒီအစည်းအဝေးတွေဟာ ကွန်မြူနစ်ပါတီများအနေနဲ့ နိုင်ငံတကာဆက်ဆံမှုကို ဆောင်ရွက်နေခြင်း ဖြစ်သလို ပူးပေါင်းဆောင်ရွက်မှုနဲ့ အတွေ့ အကြုံဖလှယ်မှုရဲ့ အရေးကြီးတဲ့ ပုံစံတရပ်လို့တောင် ဆိုနိုင်တယ်။ ဒီလို အစည်းအဝေးတွေကို ကမ္ဘာ့တိုက်ကြီး(၅) တိုက်စလုံးမှာ ကျင်းပနေကြပါပြီ။

နှိုင်းယှဉ်ခြင်းအားဖြင့် ဂယက်ရိုက်ခတ်မှုကြီးတာကတော့ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီတချို့ တက်ရောက်တဲ့ ''အေသင် အစည်းအဝေး'' နဲ့ ''ဆောင်ပေါ်လို(Sao Paulo) ထရီဗြွန်းအစည်းအဝေး''တို့ပါပဲ။

''အေသင်အစည်းအဝေး''ဟာ ဆိုဗီယက်နဲ့ အရှေ့ဥရောပနိုင်ငံတွေ အသွေးအရောင် ပြောင်း သွားပြီးတဲ့နောက် ကွန်မြူနစ်ပါတီတွေနဲ့ အလုပ်သမားပါတီတွေက ကျင်းပတဲ့၊ ဒေသလက္ခဏာဆောင်တဲ့ ပထမဆုံး နိုင်ငံတကာ့အစည်းအဝေးလို့ ဆိုနိုင်ပါတယ်။ အစည်းအဝေးကို ၉၀ ခုနှစ်များ အစောပိုင်းနှစ်တွေက စတင်ခဲ့တာဖြစ်ပြီး တနှစ်တကြိမ်(သို့မဟုတ်) အကြိမ်အချို့အထိ ကျင်းပတတ်ပါတယ်။

၂၀၀၂ ဇန္နဝါရီနဲ့ ဇွန်လများက အေသင်မှာ ကျင်းပခဲ့တဲ့ အလယ်နဲ့ အရှေ့ဥရောပကွန်မြူနစ်ပါတီ(၁၃) ပါတီ တက်ရောက်တဲ့ အစည်းအဝေးနဲ့ အာရှ၊ ဥရောပ၊ အမေရိကနဲ့ ဩစတြေးလျ တို့မှာရှိတဲ့ ကွန်မြူနစ်ပါတီနဲ့ အလုပ်သမားပါတီ ၆၂ ပါတီ တက်ရောက်တဲ့ အစည်းအဝေးမှာ (၉/၁၁) အဖြစ်အပျက်က ကမ္ဘာ့နိုင်ငံရေးနဲ့ ကွန်မြူနစ် လှုပ်ရှားမှုအပေါ် ဂယက်ရိုက်ခတ်လာမှုကို ဆွေးနွေးခဲ့ကြတယ်။ အခြေအနေသစ်အောက်မှာ ကွန်မြူနစ်ပါတီတွေနဲ့ အလုပ်သမားပါတီတွေဟာ နယ်ချဲ့ကျူးကျော်မှုဆန့်ကျင်ရေး စီမံကိန်းသစ်များ ချမှတ် လုပ်ဆောင်သင့်တယ်လို့ ယူဆကြပါတယ်။

''အေသင် အစည်းအဝေး''က အခြေအနေသစ်အောက်မှာ ကွန်မြူနစ်ပါတီများ အလုပ်သမားပါတီများနဲ့ လက်ဝဲဂိုဏ်း အင် အားစုများ ပူးပေါင်းတိုက်ပွဲဆင်ရေး အလားအလာသစ်ကို ရောင်ပြန်ဟပ်လျက် ရှိတယ်။

“ဆောင်ပေါ်လိုအစည်းအဝေး”(ဘရာဇီးလ်နိုင်ငံ၊ အရှေ့တောင်ပိုင်းရှိဆိပ်ကမ်းမြို့တွင် ကျင်းပသော အစည်းအဝေး)ဟာ လက်ရှိကာလမှာ နိုင်ငံရေးပါတီနဲ့ အဖွဲ့အစည်းများ အများဆုံး တက်ရောက်တာ ဖြစ် ပြီး၊ နှိုင်းယှဉ်ခြင်းအားဖြင့် ဂယက်ရိုက်ခတ်မှုကြီးတဲ့ နိုင်ငံတကာ အစည်းအဝေးတရပ်ပါပဲ။

၁၉၉၀ ခုနှစ်က ဘရာဇီးလ် အလုပ်သမားပါတီရဲ့ အဆိုပြုမှုနဲ့ ကမကထပြုမှုအောက်မှာ ခေါ်ယူကျင်းပခဲ့တဲ့ နိုင်ငံ(၁၃) နိုင်ငံရှိ လက်ဝဲဂိုဏ်း နိုင်ငံရေးပါတီ (ကျူးဘားကွန်မြူနစ်ပါတီ အပါအဝင်) အဖွဲ့အစည်း ၄၈ ဖွဲ့ တက်ရောက်ခဲ့တဲ့ အစည်းအဝေးဟာ ပထမဆုံး “ဆောင်ပေါ်လိုထရီဖြွန်းအစည်းအဝေး” ပါပဲ။

၁၉၉၂ ခုနှစ်၊ တတိယအကြိမ် အစည်းအဝေးမှ စပြီး လက်တင်အမေရိကရှိ လက်ဝဲဂိုဏ်း နိုင်ငံရေး ပါတီများအပြင် ကမ္ဘာ့တိုက်ကြီး (၅) တိုက်ရှိ ကွန်မြူနစ်ပါတီများနဲ့ လက်ဝဲဂိုဏ်းနိုင်ငံရေးပါတီများ၊ အဖွဲ့အစည်း များကိုလည်း ဖိတ်ကြားခဲ့တယ်။

၂၀၀၁ ခု၊ ဒုတိယအကြိမ် “ဆောင်ပေါလိုထရီဖြွန်း အစည်းအဝေး”ကို ကျူးဘားနိုင်ငံရဲ့ မြို့တော် ဟာဗား နား မှာ ကျင်းပခဲ့တယ်။ အစည်းအဝေးရဲ့ အဓိက အကြောင်းအရာကတော့ “လက်ဝဲဂိုဏ်းများရဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီဝါဒနဲ့ ကို လိုနီဝါဒသစ်တို့ကို ဆန့်ကျင်ရေး၊ စည်းလုံးညီညွတ်စွာ အပြန်အလှန်ကူညီရေး အဆိုပြုချက်များ”ကို ရေးဆွဲချမှတ်ရေး ဖြစ်တယ်။

၂၀၀၂ ခု၊ (၁၁) ကြိမ်မြောက်အစည်းအဝေးကို ဂွာတီမာလာမြို့ မှာ ကျင်းပခဲ့တယ်။ အစည်းအဝေးမှာ နယ်ချဲ့ဆန့်ကျင်ရေး ဆုံးဖြတ်ချက်နဲ့ နိုင်ငံတကာ့ အစီအစဉ်သစ် (New World Order) ထူထောင်ရေး ဆန္ဒကို ထပ်မံဖော်ပြကြတယ်။ ၎င်းတို့ရဲ့ လတ်တလော ရည်မှန်းချက်ကတော့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီ ရရှိရေး၊ လက်တင်အမေရိက တပေါင်းတစည်းတည်း ဖြစ်ရေးကို အစား ထိုးပုံစံ ရှာဖွေရေး ဖြစ်တယ်။

ယခုအခါ “ဆောင်ပေါ်လို ထရီဖြွန်း အစည်းအဝေး” ဟာ တနှစ်တကြိမ်ကျင်းပတဲ့ အစည်းအဝေးဖြစ်ပေမယ့် လက်တင် အမေရိကနဲ့ ကမ္ဘာ့လက်ဝဲဂိုဏ်း နိုင်ငံရေးပါတီများရဲ့ အရေးပါတဲ့ ဆုံစည်းမှုတရပ် ဖြစ်နေပြီလို့ ဆိုကြတယ်။

ဒီအစည်းအဝေးတွေက လက်ဝဲဂိုဏ်းနိုင်ငံရေးပါတီတွေဖြစ်တဲ့ အလုပ်သမားပါတီ၊ ကွန်မြူနစ်ပါတီနဲ့ ဆိုရှယ်လစ်ပါတီများ အနေနဲ့ မာ့က်စ်ဝါဒကို ဆက်လက်ပြီး ကြံ့ကြံ့ခိုင်ခိုင် ဆုပ်ကိုင်ထားမြဲ ထားလျက်ရှိနေဆဲဆိုတာကို သက်သေပြနေတယ်။ ဒါဟာ မာ့က်စ်ဝါဒ ကို လက်တွေ့နဲ့ မှန်မှန်ကန်ကန် ပေါင်းစပ်နိုင်ရေးအတွက် စူးစမ်းရှာဖွေနေခြင်း ဖြစ်သလို မာ့က်စ်ဝါဒ ဘဏ္ဍာတိုက်ကို သစ်လွင်တဲ့ သဘောတရားနဲ့ ဖြည့်ဆည်းသွားနိုင်ရေးအတွက် သမိုင်းပေး တာဝန်များကို ထမ်းဆောင်နေခြင်း ဖြစ်တယ်လို့ ပြောနိုင်တယ်။

ဒီစူးစမ်းရှာဖွေမှုတွေဟာ တချိန်မှာ အရေအတွက်ကနေ အရည်အချင်းသို့ ခုန်ကူးပြောင်းလဲသွားကာ မာ့က်စ်ဝါဒအား လက်တွေ့အတွင်းမှာ အဆက်မပြတ် ရှင်သန်ဖြစ်ပေါ်တိုးပွားသွားစေပါလိမ့်မယ်။

ဒီအစည်းအဝေးတွေက မာ့က်စ်ဝါဒဟာ ကမ္ဘာတလွှားမှာ ဆက်လက်ရှင်သန်မြဲ ရှင်သန်လျက်ရှိနေကြောင်း အခိုင်အမာ ဖော်ပြလျက် ရှိတယ်။ ကမ္ဘာ့အဖိနှိပ်ခံ အမျိုးသားပေါင်းစုံ ပြည်သူတွေဟာ မိမိတို့ရဲ့ ဘဝလွတ် မြောက်ရေးအတွက် မာ့က်စ်ဝါဒကို တိုက်ပွဲ လမ်းညွှန်အဖြစ် ဆုပ်ကိုင်ထားမြဲ ထားလျက် ရှိတယ်။ ဒီတိုက်ပွဲ လမ်းညွှန်ကို ကိုင်စွဲပြီး ဘဝလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နိုင်ကြ မှသာ ကမ္ဘာ့အဖိနှိပ်ခံ အမျိုးသား အသီးသီးပြည်သူများဟာ ဘဝလွတ်မြောက်ရေးကို အမှန်တကယ် ရရှိနိုင်ပါလိမ့်မယ်။။

**ကိုးကား**။ ။၂၀၀၄–ခုနှစ်အတွင်း တရုတ် ဘာသာ နဲ့ ထုတ်ဝေတဲ့ “မျက်မှောက်ကမ္ဘာ နဲ့ ဆိုရှယ်လစ်ဝါဒ” ဂျာနယ်များ။

# သေစာရင်းပြု နိုင်ငံရေး

# Body Count Politics

**ညိုစိန်ဝင်း**

ဒီနေ့ခေတ်မှာ အရင်းရှင်ဝါဒဖြန့် ကိရိယာတွေက သေစာရင်းပြုနိုင်ငံရေးကို သူတို့ရဲ့ လက်နက်တရပ်အဖြစ် သုံးလာတယ်။ စတင်သုံးစွဲသူက အမေရိကန် The Economist မဂ္ဂဇင်း။ ကိုဆိုဗို စစ်ပွဲအပြီးမှာ စတင်သုံးစွဲလာခဲ့တာပါ။

ကိုဆိုဗိုစစ်မှာ လူမျိုးတုံး ရှင်းလင်းသုတ်သင်မှု တခုတည်းအတွက်ကိုပဲ အယ်လ်ဘေးနီးယားလူမျိုးတွေ သိန်းအချို့ သေဆုံးခဲ့ ရပါတယ်။ ဒါဟာ နေတိုးဝါဒဖြန့်ချိရေးဌာနကိုယ်တိုင်က ခန့်မှန်းတွက်ချက်ခဲ့တာပါ။ သေစာရင်းက သိပ်များနေတော့ ဖုံးဟယ် ဖိဟယ် ပြင်ဟယ်ပြောင်းဟယ် လုပ်ကြပါတယ်။ ဒီနောက် The Economist မဂ္ဂဇင်းက သေစာရင်းတခုကို ကောက်ကာငင်ကာ ဖုတ်ပူမီးတိုက် ထုတ်ပြလာတော့တာပါပဲ။ သူရဲ့ အထူးထုတ်မဂ္ဂဇင်းထဲမှာ ၂၀ ရာစု ဖြစ်ရပ်နဲ့ အရေးအခင်းများအပေါ် အကျိုးအပြစ် ရှင်းတမ်းထုတ်ပါတယ်။ ၂၀–ရာစုရဲ့ အကြီးမားဆုံး ရာဇဝတ်ကောင်ကြီး ၂ ဦးအဖြစ် မာ့က်စ်ဝါဒနဲ့ ဖက်ဆစ်ဝါဒကို ဆွဲထုတ်ပြလိုက်တယ်။ နောက်ပြီး ဇယားကွက်တခုလည်း လုပ်ထားလိုက်သေးရဲ့။ “အစိုးရ သတ်လို့ သေဆုံးသူများ” လို့ နာမည်တပ်ထားတယ်။ ဒါပေမဲ့ အဓိက ကတော့ ဆိုရှယ်လစ်နိုင်ငံတွေကို ဦးတည်ထိုးနှက်ထားတာပါ။

အကြီးဆုံးတရားခံတွေထဲမှာ ဆိုဗီယက်ယူနီယံကို ထိပ်ဆုံးက ပြထားတယ်။ သူ့ကြောင့် သေဆုံးသူ (၆၂) သန်းတဲ့။ တရုတ်ပြည်ကို နောက်နားက ကပ်ပြီး နေရာချထားတယ်။ (နာဇီဝါဒရဲ့ ရှေ့ကိုတောင် ပို့ထားလိုက်သေးရဲ့။) သူ့ကြောင့် သေဆုံးရသူက သန်း(၃၀) တဲ့။

ဒီကိန်းဂဏန်းတွေ အားလုံးကိုပေါင်းလိုက်ရင် သန်း(၁၀၀) နီးပါးပဲ။ ပဉ္စလက်နည်းနဲ့ ဂဏန်းတွေ ပွားထားလို့ပါ။

၁၉၉၇ ခုနှစ်က ထုတ်တဲ့ “ကွန်မြူနစ်ဝါဒအကြောင်း စာအုပ်မဲ”ထဲမှာတော့ တရုတ်ပြည် (၇၂ သန်း)။ ဆိုဗီယက်ယူနီယံ (သန်း ၂၀)။ ကမ္ဘောဒီးယား(၂ ဒသမ ၃ သန်း)။ ဗီယက်နမ် (၁ သန်း)။ မြောက်ကိုရီးယား (၂ သန်း)။ အာဖရိက (၁ ဒသမ ၇ သန်း) ။ အရှေ့ဥရောပ ( ၁ သန်း) ။ လက်တင်အမေရိက တသိန်း ငါးသောင်းလို့ ဖော်ပြထားပါတယ်။

ဒီကိန်းဂဏန်းတွေဟာ အမှားတွေသာ မဟုတ်ဘူးဆိုရင် ဘာလို့ ဒါလောက် ကွဲပြားခြားနားနေရတာလဲ။

The Economist မဂ္ဂဇင်းထဲမှာပါတဲ့ ကိန်းဂဏန်းတွေက Ruddy Rummel ရေးသားတဲ့ < The Statistics of Democide > စာအုပ်ထဲက ဆွဲယူထားတာပါ။ Ruddy Rummel ဟာ ယခင်က အမေရိကန် လက်ယာစွန်းဝါဒီများနဲ့ရော၊ အမေရိကန် စစ်ဖက်ဆိုင်ရာ ပညာရှင်အုပ်စုများနဲ့ပါ တွဲဖက်လုပ်ကိုင်လာသူ အမေရိကန် ပညာရှင်တဦးပါ။

ဒီစာရင်းအင်းတွေရဲ့ ရင်းမြစ်ဟာ ဘာလဲ။ သူ ဘယ်ကရှာထားတာလဲ။ နာဇီဝါဒလိုလားထောက်ခံသူများနဲ့ စီအိုင်အေတို့ဟာ အဓိက ဖြစ်ပါတယ်။ စာရင်းအင်းတွေကို မူလ ရင်းမြစ်မဟုတ်တဲ့ တဆင့်ခံ ရင်းမြစ်တွေက ရတာပါ။

အဆင့်ဆင့် လက်ပြောင်းလက်လွှဲ လုပ်လာလို့ စာရင်းတွေ မမှန်ကန်တာ၊ အလွန်တိုးများလာနေတာ မဆန်းပါဘူး။ ဆိုဗီယက်ယူနီယံအကြောင်းဆိုရင် ဆိုဗီယက်က ထွက်ပြေးလာတဲ့ လက်ယာစွန်းအုပ်စုတွေရဲ့ ဝါဒဖြန့် လက်ကမ်းစာစောင်ထဲက ကိန်းဂဏန်းတွေပါ။ အမေရိကန်ဝါဒဖြန့်ချိရေးဌာန အမှုထမ်းတွေရဲ့ ကြေညာချက်တွေထဲက ယူထားတာတွေလည်း ပါ ပါတယ်။ ဆိုဗီယက် မှာ ဖြစ်ဖြစ်၊ တရုတ်ပြည်မှာ ဖြစ်ဖြစ်၊ အငတ်ဘေးကြောင့် သေဆုံးရသူများစာရင်းကိုလည်း အစိုးရကြောင့် သေဆုံးရသူများအဖြစ် စာရင်းထည့်တွက်ထားပါတယ်။ စာရင်းတွက်ရာမှာ ဆပွားထားရုံမက လူဦးရေဖွားသေစာရင်းတို့ကိုလည်း မမှန်မကန်တွက်ထားပါတယ်။ လူဦးရေနဲ့ ဖွားသေစာရင်းတို့ကို မမှန်မကန် တွက်ထားလေလေ သေစာရင်းတွေလည်း အဆမတန် တိုးများလာလေလေပါ။ (သူတို့ မရိုးမသား လိမ်ညာတင်ပြထားမှုကို ပြင်သစ်ပြည် ကွန်မြူနစ်ပါတီမှ နိုင်ငံ ရေးဦးဆောင်အဖွဲ့ဝင်တဦး ဖြစ်သူ Kenny Coyle က  New Wave of Anti- Communism "ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေး ဒီလှိုင်းသစ်" ဆိုတဲ့ စာတမ်းရှည်ကြီးတစောင်ရေးကာ အကျယ်တဝင့်နဲ့ အခိုင်အမာ ထုတ်ဖော်တင်ပြကာ ဆန့်ကျင်တုံ့ပြန်ထားပါတယ်။ ဒီဆောင်းပါးထဲမှာတော့ အသေးစိတ် မဖော်ပြတော့ပါဘူး။)

ဒီလို စာရင်းဇယားတွေ လိမ်ညာပွဲထုတ်လာတာဟာ ဘာရည်ရွယ်ချက်လဲ။ ရှင်းပါတယ်။ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့ ကို အပုပ်ချဖို့ပါ။ (နာဇီဝါဒ၊ ဖက်ဆစ်ဝါဒတို့ထက် ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒတို့ကို ပိုမိုအပြိုးထားတာ သိသာထင်ရှားလှပါတယ်။) အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်နဲ့ ကိုလိုနီဝါဒတို့ရဲ့ ဆိုးကျိုးကြောင့် သေဆုံးရမှုတွေကို ဖုံးဖိသိုဝှက်ဖို့ သူများ မျက်ချေးကိုပဲ အရင်ဦးအောင် လက်ညှိုးထိုးပြနေတာပါ။ တို့ကြောင့် သေရတာတွေ လာပြောမနေနဲ့။ သူတို့ကြောင့် သေရတာတွေ ဟောဒီမှာ–ဆိုပြီး ထမင်းရည်ပူ လျှာ လွှဲ လုပ်နေကြတာပါ။ အမေရိကန်အင်ပါယာထူထောင်ဖို့အတွက် တိုင်းပြည်တခုပြီးတခု တိုက်နေတဲ့ အမေရိကန်နဲ့ အပေါင်းပါ နယ်ချဲ့နိုင်ငံတွေအတွက် ဒီလိုမျိုး လိမ်ညာစာရင်းပြဖို့ လိုအပ်လာလို့ ဖြစ်ပါတယ်။

စစ်ခင်းတိုက်ခိုက်မှုတွေ ဒီကမ္ဘာမြေပေါ်က ပျောက်ကွယ်ချုပ်ငြိမ်းမသွားသေးသရွေ့ ကမ္ဘာသူ ကမ္ဘာသားတွေ သေကြေဆုံးရှုံးမှု တွေ ရှိမြဲ ရှိနေဦးမှာပါ။ ဒ့ါအပြင် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးရတာတွေ၊ ထောင်တွင်း ညှင်းပန်းနှိပ်စက်မှုကြောင့် သေဆုံးရတာတွေ၊ ဆူနာမီလို သဘာဝကပ်ဘေး၊ လျှောင်ဘေးတွေကြောင့် သေဆုံးရမှု စတာတွေလည်း ရှိနေပါလိမ့်ဦးမယ်။ ဒါတွေအားလုံးကို ဖောက်ပြန်တဲ့ အစိုးရတွေက အမှန်အကန်အတိုင်း ဖော်ထုတ်တာမျိုး မလုပ်ဘဲ ကိုယ်ကျိုးစီးပွားအတွက် စာရင်းတွေကို လျှော့ပြလိုက် တိုးပြလိုက်နဲ့  အမျိုးမျိုး လိမ်ညာအသုံးချနေကြပါတယ်။ ကိုယ့်ပြစ်မှုကို သိုဝှက်၊ သူတပါးပြစ်မှုကို ချဲ့ကား။ သေစာရင်းပြ နိုင်ငံရေးဆိုတာ ဒါပါပဲ။ (ဂျပန်အစိုးရက သူတို့ပြဋ္ဌာန်းပေးတဲ့ ကျောင်းသုံးစာအုပ်တွေထဲမှာ အတိတ်ကာလက ဖက်ဆစ်ဂျပန်တွေ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေ ဖုံးဖိကာ သူတို့ရဲ့ 'ကျူးကျော်မှု'ကို 'ကယ်တင်မှု'အသွင် ရေးသားဖော်ပြနေတာတွေဟာလည်း ဒီ ရည်ရွယ်ချက်မျိုးပါပဲ။ ဒါကြောင့် တရုတ်ပြည်သူတွေ၊ ကိုရီးယားပြည်သူတွေ မခံမရပ်နိုင်ဖြစ်ကာ အကြီးအကျယ် ဒေါသထွက်နေကြတယ် မဟုတ်ပါလား။)

ကိုယ်တာဝန်ယူရမယ့် ပြစ်မှုတွေကို ဖုံးဖိသိုဝှက်တာကိုလည်း အနည်းအပါး တင်ပြဦးမယ်။

ပထမကမ္ဘာစစ်ဟာ နယ်ချဲ့သမားအချင်းချင်း ပဋိပက္ခကြောင့် ကမ္ဘာ့မြေပေါ်မှာ တောက်လောင်လာခဲ့ရတဲ့ စစ်မီးကြီးပါ။ ဒီစစ်ကြီးအတွင်းမှာ ကလေးလူကြီး၊ ယောကျ်ားမိန်းမ၊ ကမ္ဘာသူကမ္ဘာသားတွေ သန်းနဲ့ ချီပြီး သေဆုံးခဲ့ရပါတယ်။ ဖက်ဆစ်နာဇီတွေကြောင့် ဒုတိယ ကမ္ဘာစစ်အတွင်းမှာ သေဆုံးရတဲ့ ကမ္ဘာသူကမ္ဘာသားတွေ ပိုမိုများပြားခဲ့ပါတယ်။ ဆိုဗီယက်ယူနီယံမှာကို ၂၇ သန်း သေဆုံးခဲ့ရ ပြီး တရုတ်ပြည်မှာ ၁၈ သန်း သေဆုံးခဲ့ကြရပါတယ်။ ဒါကို နာဇီဖက်ဆစ်တွေ ကျူးလွန်လို့ သေဆုံးရတဲ့ စာရင်းထဲမှာ ဘာကြောင့် မထည့်သလဲ။

၂၀ ရာစုအတွင်း စစ်ပွဲနဲ့ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတွေကြောင့် ဗီယက်နမ်အမျိုးသားတွေ (၃ ဒသမ ၆ သန်း) သေဆုံးခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ သေဆုံးရခြင်းအကြောင်းရင်းတွေထဲကနေ "စစ်ပွဲ" ကြောင့်ဆိုတာကို ဖယ်ထုတ်ပစ်ထားလိုက်ခြင်းအားဖြင့် တရားခံအဖြစ်ကနေ သူတို့ ရုန်းထွက်လိုက်ကြပါတယ်။ ဗီယက်နမ်ပြည်သူတွေနဲ့ ထိပ်တိုက် ရင်ဆိုင် တိုက်ခိုက်ခဲ့ကြတဲ့ ပြင်သစ်၊ ဂျပန်နဲ့ အမေရိကန်တို့ရဲ့ ကြီးလေးတဲ့

ပြစ်မှုတွေကို ဖျောက်ဖျက်ပေးလိုက်တာပါ။ အပြစ်က ကွင်းလုံးကျွတ် လွှတ်ပေးလို့ မရတာမို့ အမေရိကန်တပ်တွေရဲ့ လက်ချက်ကြောင့် သေဆုံးရတဲ့ ဗီယက်နမ်အမျိုးသား (၆၀၀၀) ပဲ ရှိတယ်လို့ ဖော်ပြထား လိုက်ပါသေးတယ်။ ဒါပေမဲ့ နှစ်နဲ့ချီပြီး ဗုံးတွေ ဒလဟော ချခဲ့တာတွေ၊ သစ်ရွက်ခြွေ အဆိပ်ဆေးအပြင်းစား ဓာတုလက်နက်(Agent Orange) သုံးခဲ့တာတွေ၊ သေနင်္ဂဗျူဟာ ရွာတွေထဲ အတင်းမောင်းပို့လို့ ရွာသူရွာသားများ သေဆုံးခဲ့ရမှုတွေ၊ ကလေးသူငယ်များပါမကျန် ပြည်သူပြည်သားတွေ နပမ်းဗုံးကြဲချလို့ သေဆုံးခဲ့ရတာတွေ၊ ရွာတွေကို မီးလောင်တိုက် သွင်းခဲ့တာတွေ…အဲဒါတွေကို ဘယ်စာရင်းထဲမှာ သွားထည့်မလဲ။ အမေရိကန်ကြောင့် သေဆုံးရသူ(၆၀၀၀) ဆိုတဲ့ သေစာရင်းဟာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ စာရင်းပါ။ အကောင်းဆုံးဖော်ပြနိုင်တဲ့ ဥပမာမို့ ဗီယက်နမ်ကိုပဲ ရွေးပြီး တင်ပြလိုက်တာပါ။ တခြား တိုင်းပြည်က သေစာရင်းတွေဟာလည်း အလားတူ သေစာရင်းမျိုးတွေချည်းပါပဲ။

အာဖဂန်ပြည်တွင်းစစ်မှာ သေဆုံးသူ (၁ ဒသမ ၅ သန်းမှ ၂ သန်းအထိ) ရှိပြီး၊ ၎င်းတို့ရဲ့ ၉၀%ဟာ အရပ်သားများဖြစ်ကြတယ်လို့လည်း ဖော်ပြထားပါသေးတယ်။ ချဲ့ကားထားတဲ့ စာရင်းပါ။ အဲဒီမှာ အမြင့်ဆုံးဖော်ပြထားတဲ့ သေစာရင်း တွေကို ပေါင်းကြည့်ရင်တောင် (၁၈၀, ၀၀၀) ခန့်သာ ရှိပါတယ်။ ချဲ့ကားထားတဲ့ ရည်ရွယ်ချက်ကတော့ အာဖဂန်ပြည်တွင်းစစ်မှာ ဝင်ရောက်ပါဝင်တဲ့ ဆိုဗီယက်တို့ရဲ့ ပြစ်မှုကို ပိုမို ကြီးလေးစေချင်လို့ပါ။

အမေရိကန်မှာ တိုင်းရင်းသားလူနီတွေဟာ လူမျိုးတုံးနီးပါး သေဆုံးခဲ့ကြရတာပါ။ (မက္ကဆီကိုပြည်နယ်တခုတည်းမှာပဲ ၁၅၂၀ခုနှစ်က သန်း၂၀ရှိခဲ့တဲ့ ဒေသခံတိုင်းရင်းသား လူနီတွေဟာ ၁၆၀၇ ခုနှစ်ကျတော့ ၂–သန်းလောက်သာ ကျန်ပါတော့တယ်။ လူနီတွေရဲ့နေရာမှာ ကျေးကျွန်အဖြစ် အစားထိုးဖို့ အာဖရိကတိုက်မှ လူမဲတွေကို သင်္ဘောနဲ့တင်ကာ အတ္တလန္တိတ်သမုဒ္ဒရာ ဖြတ်ကာ သယ်ဆောင်လာတော့လည်း လမ်းမှာတင် ၉သန်းလောက်သေဆုံးခဲ့ရတာပါ။) ၉/၁၁ အရေးအခင်းမှာ အမေရိကန်ပြည်သူတွေ အမြောက်အမြားသေဆုံးခဲ့ရသလို ဗီယက်နမ်စစ်ပွဲ၊ ပင်လယ်ကွေ့စစ်ပွဲ၊ အာဖဂန်ကို ကျူးကျော်တိုက်ခိုက်တဲ့ စစ်ပွဲ၊ အီရတ်ကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်တဲ့ စစ်ပွဲ၊ ကိုဆိုဗိုစစ်ပွဲ…စတဲ့ စတဲ့ စစ်ပွဲသေမှာ သေဆုံးခဲ့ရတဲ့ ကမ္ဘာသူကမ္ဘာသားတွေ ဟာ သိန်းသန်းချီ ရှိနေပါပြီ။ မျက်မှောက် အီရတ်မှာ သေဆုံးသွားကြသူ အရေအတွက်တောင်မှ တသိန်းကျော်နေပါပြီ။

အင်ပါယာထူထောင်ဖို့ လုံးပန်းနေတဲ့ အမေရိကန်ဟာ နောင်မှာလည်း စစ်ပွဲတွေ ဆက်တိုက်ဦးမှာပါ။ ဒါကြောင့် နောင်မှာလည်း သူ့အပြစ်ကြောင့် သေဆုံးရသူ စာရင်းကို ဖုံးဖိလျှော့ချတာလုပ်ပြီး သူများကြောင့် သေဆုံးရတဲ့သူတွေရဲ့ စာရင်းကို တိုးပွားကားချဲ့တာတွေ ဆက်လုပ်ပါလိမ့်ဦးမယ်။ စာရင်းမှန်ကိုတော့ အမှန်တရားကို လိုလားသူများနဲ့ ကမ္ဘာ့ပြည်သူများကိုယ်တိုင် ကြိုးစားဖော်ထုတ်သွားကြရမှာပါ။ ဒီနည်းနဲ့ အင်ပါယာထူထောင်ရေးသမားတွေရဲ့ သေစာရင်းပြနိုင်ငံရေးကို ဖွင့်ချတိုက်ခိုက်သွားကြရမှာပါ။

ဗမာပြည်စစ်အုပ်စုကတော့ ဗမာပြည် ပြည်တွင်းစစ်မှာ သူ့ဘက်က အကျအဆုံးတွေကို ဖုံးဖိ၊ သူတပါးအကျအဆုံးကို ကားချဲ့ …စတဲ့ လိမ်ညာစာရင်းပြမှုတွေ လုပ်လာခဲ့တာ အံ့ခွနေပါပြီ။ နအဖလက်ထက်ကျတော့ ဒီပဲယင်းအရေးအခင်းမှာ သေဆုံးခဲ့ရသူစာရင်း၊ဆူနာမီကြောင့် သေဆုံးရသူစာရင်း၊ ဗုံးခွဲခံရလို့ သေဆုံးရသူစာရင်း၊ ရေဘေးဒဏ်ကြောင့် သေဆုံးရသူစာရင်း၊ အေအိုင်ဒီအက်စ် ရောဂါကူးစက်သူစာရင်းနဲ့ သေဆုံးသူစာရင်းတွေကိုတောင်မှ အမှန်အတိုင်း မဖော်ပြတော့ပါဘူး။ နအဖ အနေနဲ့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာရေးနည်းလမ်းကို အပြီးအပိုင် ကျောခိုင်းသွားပြီဆိုရင် (ပြည်တွင်းစစ်ခင်းရေးလမ်းကိုပဲ ဇွတ်တိုး လျှောက်မယ်ဆိုရင်) ရှေ့မှာလည်း လာပါလိမ့်ဦးမယ်…

စစ်အစိုးရရဲ့ အလိမ်အညာ သေစာရင်းပြနိုင်ငံရေးတွေ…။

ဗဟိုသုတေသနဌာန
ဗမာပြည် ကွန်မြူနစ်ပါတီ
မှ
ထုတ်ဝေသည်။